
mgyoe.com

SAMPLE BOOK

နိုင်ဝင်းဆွေ

# မဟူရာမေတ္တာ




mgyoe.com

SAMPLE BOOK

နိုင်ဝင်းဆွေ

# မယုရာမေတ္တာ



K0263

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၀၉၁၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၄၇၀၃၁၀ |
| ပထမအကြိမ် | - | ၁၉၇၀ခုနှစ် (ကျော်ဦးစာပေ၊ ရန်ကုန်) |
| ဒုတိယအကြိမ် | - | ၁၉၇၂ ခုနှစ် (မိုးစန္ဒာစာပေ) |
| တတိယအကြိမ် | - | ၁၉၇၅ ခုနှစ် (ဦးအောင်သန်းတင်၊ရန်ကုန်) |
| စတုတ္ထအကြိမ် | - | မေလ၊ ၂၀၁၀ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | - | Sky ပုံနှိပ်တိုက် အမှတ်-၁၉/B(1)၊ ၅၅-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | စွယ်တော်ပုံနှိပ်တိုက် အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင် |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| တန်ဖိုး | - | ၁၀၆၀၀ ကျပ် |

၈၉၅.၈၃

နိုင်ဝင်းဆွေ

မဟူရာမေတ္တာ / နိုင်ဝင်းဆွေ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၀ ခုနှစ်။
စာမျက်နှာ-၃၈၃၊ ၁၃×၂၀ စင်တီမီတာ။
(၁) မဟူရာမေတ္တာ


mgyoe.com

mgyoe.com SAMPLE BOOK

**ပထမအကြိမ်ပုံနှိပ်ခြင်းမှ –**

## ရှုမဝဦးကျော်၏အမှာ

မထင်ပေါ်သေးခင် ရှုမဝစင်က တင်ခဲ့သည်။

မောင်ပေါက်ကျိုင်းကို ကျွန်တော်တို့ မောင်နှမ သိနေကြသည်မှာ ကြာပြီ။ သူ့သား စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝတို့ကိုမူ ပို၍ ရင်းနှီးသည်။ သူတို့နှစ်ယောက်၏သား မောင်ပေါက်ကျိုင်း၏ မြေး ဒွတ္တဘောင်ကိုကား သနားသည်။ ပိသုနိုးကိုတော့ အလွန်ဆိုးသည့် မိန်းမကြီးဟု မုန်းတီးကြသည်။

ထိုစဉ်အခါက ကျွန်တော် ရုပ်ရှင်ဒါရိုက်တာဖြစ်ခဲ့လျှင် ပိသုနိုးကို (ဗီလိန်) လုပ်ပစ်လိုက်လိမ့်မည် ထင်သည်။

မမသည် ယက္ကန်းမရက်ရသည့် ညဘက်များ၌ ယက်ဖေါက်ရောက်ရင်း ပုံပြောပြလေ့ရှိသည်။

(ယက်ဖေါက်ရောက်သည် ဆိုသည်မှာ ယက္ကန်းစင်တစ်စင်တွင် အတိုင်ချည်နှင့် အဖေါက်ချည်ဟူ၍ နှစ်မျိုးရှိသည့်အနက်၊ အဖေါ [illegible]ချည်း[illegible] [illegible]စ်တံသေးသေးကလေးပေါ် ပတ်ရစ်ခြင်းကို ယက်ဖေါက်ရောက်သည်ဟု ခေါ်သည်။)

မမက မောင်ပေါက်ကျိုင်းအကြောင်း ခဏခဏ ပြောပြသည်။ ပြောပါများတော့ မောင်ပေါက်ကျိုင်းသည် ကျွန်တော်တို့ မောင်နှမတစ်စု၏ မိတ်ဆွေဖြစ်လာလေသည်။

မိတ်ဆွေကြီး မောင်ပေါက်ကျိုင်းကို ရှင်ဘုရင်ဖြစ်မှသာ ကျွန်တော်တို့က သဘောကျသည်။ စောစောပိုင်း ကျောင်းသားဘဝ မောင်ပေါက်ကျိုင်း ညံ့ဖျင်းပုံကိုတော့ မကြိုက်။ သူ့လို ဖျင်းမှာ၊ ညံ့မှာစိုး၍ ကျောင်းစာများကို ကြိုးစားလိုက်ရသည်မှာ အမော။

တကောင်းပြည်က မောင်ပေါက်ကျိုင်း၏ သားနှစ်ယောက် စူဠာသမ္ဘဝနှင့် မဟာသမ္ဘဝတို့သည် မွေးကတည်းက မျက်စိကန်းခဲ့ကြသဖြင့် ဖေါင်နှင့်တင်ကာ

mgyoe.com

mgyoe.com SAMPLE BOOK


ရေမှာမျှောလိုက်သည့်အကြောင်းကို သိရှိထားကြ၍ ကျွန်တော်တို့ မျက်စိနာလျှင် အလွန်စပ်သည့် မျက်စဉ်းခပ်ရမည်ကို မကြောက်ရဲ၊ မငြင်းရဲကြ။

သမ္ဘဝညီနောင်၏ ဖေါင်သည် ရေဝတီမြစ်ကြော မျောအလာ၊ ကမ်းနား တစ်ခုမှ မြစ်ထဲသို့လဲကျနေသည့် စစ်ပင်ကြီး၏အကိုင်းနှင့် တိုက်မိ၊ ဖေါင်ဆိုက်ပြီး ရပ်အနေတွင် စစ်ပင်ကြီးမှ ဘီလူးမကလေးတစ်ဦးသည် ဖေါင်ပေါ်ဆင်းတဲ့ကာ ညီနောင်တို့၏ မသိုးထမင်း မသိုးဟင်းကို နှိုက်၍စားသည်။

အလစ်သုတ်သည့် ဘီလူးမကို ညီနောင်တို့က ဖမ်းမိသည်။ ဘီလူးမက အသက်လွှတ်ပါမည့်အကြောင်း ခွင့်တောင်းပြီး ညီနောင်တို့၏ ကွယ်နေသည့်မျက်စိ ကို အလင်းရအောင် ကြံဆောင်ပေးပါမည် ဆိုသည်။ ညီနောင်တို့က ခွင့်ပြုသဖြင့် ဘီလူးမက ဆေးကုသ၍ပေးရာ စူဠာနှင့် မဟာသမ္ဘဝတို့သည် စက္ခုနှစ်ကွင်း အလင်း ရကြသည်။

စစ်ပင်ကြီး ကိုင်းလျှက် လဲကျသည့်နေရာကို (စစ်ကိုင်း)၊ ဘီလူးမဆေးစ၍ ကုသည့်နေရာကို (စကု)၊ ညီနောင်တို့ စ၍အလင်းရသည့်နေရာကို (စလင်း)ဟူ၍ ခေါ်တွင်လာရကြောင်း မမက ပြောပြသည်။

ထို့ကြောင့် ကျွန်တော်တို့မောင်နှမသည် သင်ပုန်းကြီးတန်းမျှသာရှိသေး သော်လည်း မန္တလေးကို မသိသေးခင်ကပင် စစ်ကိုင်းကို သိနေသည်။ မင်းဘူး၊ မကွေး၊ ရေနံချောင်းကို မကြားဘူးသေးခင်က စကုနှင့် စလင်းကို သိနေကြသည်။

နောက်ဆုံး သမ္ဘဝညီနောင် သရေခေတ္တရာသို့ရောက်လာသောအခါ ကျွန်တော်တို့တတွေမှာ ဝမ်းအသာကြီး သာနေကြသည်။

ကျွန်တော်တို့ ဇာတိမြေသည် ပြည်မြို့ခရိုင်အတွင်း၌ ရှိသည်။ ထိုအခါက မော်တော်ကားမပေါ်သေး၍ မြင်းလှည်းဖြင့် ပြည်မြို့သို့ သွားရသည့်တိုင်အောင် တစ်နာရီ ခရီးတက် ပို၍မကြာ။ သရေခေတ္တရာဆိုသည်မှာ ပြည်မြို့မှန်း သိရသော အခါ သမ္ဘဝညီနောင်တို့ ရောက်လာသည့်နေရာသည် ငါတို့ ခဏခဏ သွားနေကျ ပြည်မြို့ပါတကားဟူသည့် စိတ်ကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြခြင်းပင်။

ဒွတ္တဘောင်ကတော့ သရေခေတ္တရာမှာ မွေးသည့် ကျွန်တော်တို့နယ်သား။ သည်တော့ ကျွန်တော်တို့က ဒွတ္တဘောင်နှင့် ဗိဿနိုးတို့၏ စစ်ပွဲကို ဘာပဲဖြစ်ဖြစ် ဒွတ္တဘောင်ဘက်က အမြဲတမ်း ဘက်လိုက်ကြသည်။

အမှန်မှာ ဒွတ္တဘောင်ကသာ လွန်သည် မဟုတ်ပါလား။

mgyoe.com

mgyoe.com
SAMPLE BOOK


ဗိသုကာနိုးခမျာ သူ့ဘာသာသူ နေရှာသည်။ ဗိသုကာနိုးတွင် ရန်သူကို နိုင်နိုင်သည့် ထူးဆန်းသောစည်ကြီးတစ်လုံး ရှိသည်။ ရန်သူလာက ထိုစည်ကြီးကို တီးလိုက်လျှင် မြို့ပတ်လည် ရေများ ဒလဟောတက်ကာ ဝိုင်းလာလျက် ရန်သူများကို နစ်မွန်းပျက်စီးစေသည်။ ဒုတ္တဘောင်က ဗိသုကာနိုးထံ "ဒလျှို" လွှတ်ပြီး၊ ထိုစည်ကြီးကို ဖျက်ဆီးပစ်သည်။ သည့်နောက် ဗိသုကာနိုးဘုရင်မကိုလည်း အတင်းဗလက္ကာရခေါ်ဆောင်လာ၊ သူ့မိဖုရား လုပ်ထားသည်။ ဗိသုကာနိုးက ဒုတ္တဘောင်ကို မချစ်၊ မကြိုက်။ သည်တော့ ... ဗိသုကာနိုးက သူ့ထမိစကို မျက်နှာသုတ်ပုဝါလုပ်၍ ဒုတ္တဘောင်ကို ဆက်သည်။ ဒုတ္တဘောင်က ထိုမျက်နှာသုတ်ပုဝါကို သုံးမိရာ နတ်မျက်စိ ကွယ်ရှာသည်။

မမပြောသောပုံ သည်နေရာအရောက်၊ ကျွန်တော်တို့က ဗိသုကာနိုးကို စိတ်ဆိုးလိုက်ကြသည့် ဖြစ်ခြင်း။

ကျွန်တော်သည် ဤပါးစပ် ပုံပြင်ကလေးကို တွေးမိရင်း တဟင်းဟင်း ရယ်ချင်လာသည်။

အကြောင်းမဲ့ကား မဟုတ်။

နိုင်ဝင်းဆွေက သူ့ ... "မဟူရာမေတ္တာ"ကို လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရာ၌ အမှာစာရေးပေးပါ ဆိုလာသောကြောင့် ဖြစ်၏။

၁၉၆၆ ခုနှစ်က ဇန်နဝါရီလထဲတွင် ကျွန်တော့်နာမည်ဖြင့် လူငယ်တစ်ယောက်ထံမှ စာတစ်စောင်ရောက်လာသည်။ ထိုအချိန်က ကျွန်တော်သည် ရှုမဝမဂ္ဂဇင်းကို အလျဉ်း ပြန်မကြည့်နိုင်၊ ရုပ်ရှင်ကိစ္စဖြင့် ဗျာများနေခိုက်ဖြစ်၏။

လူငယ်၏စာက သူသည် ရှုမဝသို့ ဝတ္ထုရှည်တစ်ပုဒ် ပို့ထားသည်မှာ လေးနှစ်ကျော် ငါးနှစ်မျှ ကြာပြီဖြစ်ကြောင်း၊ မြို့လှိုင်ဘူတာမှ ပို့လိုက်သော သူ့စာမူသည် ယခု သူ လယ်ဝေးဘူတာသို့ ပြောင်းရွှေ့အမှုထမ်းနေရသည့်တိုင်အောင် ဖြူသည်၊ မဲသည် မသိရကြောင်း စိတ်မကောင်းစရာ ရေးထားသည်။

အမှန်မှာ ထိုဝတ္ထုသည် ရှုမဝတစ်ထောင်ဆု ဝတ္ထုပြိုင်ပွဲဝင်သည့် စာမူဖြစ်သည်။ ထိုအချိန်က ရှုမဝမဂ္ဂဇင်းဝယ် လေပြင်းမုန်တိုင်းကျနေချိန် ဖြစ်၏။ ရှုမဝဆုများ ရပ်ဆိုင်းထားကြောင်းကို တိုင်းသိပြည်သိမကြေညာဘဲ ပြိုင်ပွဲဝင်စာမူရောက်လာလျှင် ပြန်ပို့ရင်း အကျိုးအကြောင်းကို တစ်ဦးစီသာ သိရှိစေပါသည်။

နိုင်ဝင်းဆွေ၏ စာမူသည် အဘယ်ပုံ လစ်ဟင်း၍ အကျိုးအကြောင်းလည်း

mgyoe.com

mgyoe.com SAMPLE BOOK

မရှင်းလင်း၊ ပြန်လည်မပို့ဘဲ ရှိနေသည်ကို အတပ်မသိရ။

ကျွန်တော်သည် ထိုစာမူကို သက်ဆိုင်ရာစာတည်းထံ မေးမြန်းရှာဖွေ ယူငင်ပြီး၊ ရုပ်ရှင်အလုပ်အားသည့် ညဥ့်သန်းခေါင်တွင် တောင်လှန်မြောက်လှန် လုပ်ရင်း စာမြည်းကြည့်သည်။ လက်က မလွှတ်နိုင်။ မိုးလင်းလုနီးသွားသည်။

နောက်နေ့ ရုပ်ရှင်ရိုက်စရာရှိ၍ အိပ်ရာဝင်လိုက်ရသည်။ ချက်ခြင်းအိပ် မပျော်။ ကျွန်တော်၏စိတ်သည် မဟူရာမေတ္တာဆီသာ ရောက်နေသည်။

နောက်တစ်ညဥ့်၌လည်း သန်းခေါင်မှ မိုးလင်းလုနီး ဆက်ဖတ်မှ ဝတ္ထု အဆုံးသတ်သည်။

ကျွန်တော် ငယ်စဉ်က ကြားခဲ့ရသည့် ယုံချင်စရာမရှိသော ပုံပြင်ကို နိုင်ဝင်း ဆွေက ယုတ္တိတန်တန် ဖန်တီးထားသည်။

စကော့လူမျိုး စာရေးဆရာကြီး ဆာဝေါလတာစကော့သည် "အိုင်ဗင်ဟို" (IVANHOE)ကို၎င်း၊ ပြင်သစ် စာရေးဆရာကြီးများ ဖြစ်ကြသော ဗစ်တာဟူဂို က "ခါးကုန်းကြီး" (THE HUNCHBACK OF NOTRE DAME)နှင့် အယ်လက်ဇန္ဒရားဒူးမားက "သူရဲကောင်းသုံးယောက်" (THE THREE MUSKETEERS)၊ "မွန်တီခရစ္စတိုမြို့စား" (THE COUNT OF MONTE CRISTO) တို့ကို ရာဇဝင်အဖြစ်မှန် နောက်ခံ၍ ဉာဏ်ချယ်လှယ်ကွန့်သကဲ့သို့၊ နိုင်ဝင်းဆွေသည် ပုံပြင်နှင့် ရာဇဝင်ကို အခြေခံကာ ပိဿနိုးမြို့ဟောင်း တူးဖော် ရရှိခိုက် သုတေသနလည်း ပြုသင့်သလောက်ပြု၍ "မဟူရာမေတ္တာ"ကို ရေးသား ထားသည်။

ကျွန်တော်က နိုင်ဝင်းဆွေထံ ချက်ခြင်းကောက်၍ စာတစ်စောင်ရေးလိုက် သည်။ မဟူရာမေတ္တာသည် ဒွတ္တဘောင်၊ ဗိဿနိုးတို့ကို အခြေခံထားသော်လည်း ဇာတ်လမ်းဇာတ်ကွက်ဆင်ပုံမှာ နိုင်ငံခြားဝတ္ထုတစ်ခုခုကို မှီးထားသလားဟု ထင်မှား စရာ ဖြစ်နေသည်။ မူရင်းကိုယ်ပိုင် ဟုတ်မဟုတ် မေးမြန်းလိုက်သည်။

တစ်ပတ်မျှအကြာ နိုင်ဝင်းဆွေထံမှ မူရင်းဖြစ်ကြောင်း ပြန်စာလာသည်နှင့် မဟူရာမေတ္တာကို မဂ္ဂဇင်းအခန်းဆက် ဝတ္ထုရှည်အဖြစ် မကြာမီ စတင်၍ ထည့်သွင်း မည့်အကြောင်း စာပြန်လိုက်သည်။

ဤသို့ စာပြန်မည့်သာ ပြန်သည်၊ အမှန်မှာ ကျွန်တော်က ထိုအချိန်က ရုပ်ရှင်ကိစ္စ ရှုပ်သဖြင့် တာဝန်ခံစာတည်းမဟုတ်၊ အတိုင်ပင်ခံမျှသာ။ တာဝန်ခံ

mgyoe.com

mgyoe.com SAMPLE BOOK



စာတည်းသာလျှင် မဂ္ဂဇင်းတွင်ထည့်မည့် စာမူကို ရွေးချယ်ခွင့်ရှိသည်။ အတိုင်ပင်ခံစာတည်းကို တာဝန်ခံစာတည်းသည် တိုင်ပင်ချင် တိုင်ပင်မည်။ သို့သော် စာမူရွေးချယ်ခြင်းကိုမူ တာဝန်ခံစာတည်း၏ အခွင့်အရေးသာလျှင် ဖြစ်သည်။ အတိုင်ပင်ခံစာတည်းက ဘယ့်ကလောက် ကြိုက်နေသော စာမူဖြစ်ပါစေ တာဝန်ခံက မကြိုက်လျှင် ငြင်းပယ်နိုင်သည်။ ဤအခွင့်အရေးကား ရှုမဝ မဂ္ဂဇင်း စ၍ထွက်သည့် ၁၉၄၇-ခု၊ ဇွန်လမှ ယခုထက်တိုင် မဖောက်ပြန်ခဲ့သော (ရှုမဝ၏မူ) တစ်ရပ်ဖြစ်၏။

ထို့ကြောင့် ကျွန်တော်သည် သူတပါးအခွင့်အရေးကို ကျူးကျော်ကာ နိုင်ဝင်းဆွေ၏ မဟူရာမေတ္တာ ရှုမဝမှာပါမည်ဟု စာရေးလိုက်မိသည်ကို ရှုမဝ၏မူ ချိုးဖေါက်ရာမရောက်အောင် ရှုမဝ တာဝန်ခံစာတည်းထံ မဟူရာမေတ္တာ အမြန်ဖတ်ရှုရန် ပေးလိုက်သည်။

တာဝန်ခံစာတည်းကလည်း အလုပ်များပြား၊ မဖတ်ရှုအား၍ အမှုဆောင်စာတည်းထံသို့ မဟူရာမေတ္တာကို လွှဲအပ်ပြန်သည်။

ထိုအခါက ရှုမဝ အမှုဆောင်စာတည်းသည် နာမည်ကျော် စာရေးဆရာကြီးတစ်ဦးဖြစ်၏။

အမှုဆောင်စာတည်းသည် မဟူရာမေတ္တာကို တစ်ပတ်ခန့်အချိန်ယူဖတ်ရှုကာ နောက်ဆုံးတွင် ''သင့်၏''ဟု မှတ်ချက်ချလျက် တာဝန်ခံထံ ပြန်ပို့သည်။

ကျွန်တော်သည် နိုင်ဝင်းဆွေ၏ မဟူရာမေတ္တာကို ''သင့်၏''ဟူသည့် မှတ်ချက်မျိုး ချမှတ်သည်ကို မခံနိုင်၍ အမှုဆောင်စာတည်းကို ခြံစည်းရိုးပေါ်ထိုင်သကဲ့သို့ မပြုရန်၊ အဖြူအမဲ သဲသဲကွဲကွဲ မှတ်ချက်ချရန်ပင် ပြောမိသည်။

တာဝန်ခံစာတည်း မဟူရာမေတ္တာကို ဖတ်ရှုရသောအခါ၌မူကား တစ်ခန်းပြီးတိုင်း ပြီးတိုင်း ကျွန်တော့်အလုပ်ခန်းလာကာ အဘယ်ပုံကောင်းကြောင်း၊ အဘယ်မှ ကြိုက်နှစ်သက်ကြောင်း တို့ကို ခဏခဏ လာရောက်၍ အားရပါးရ ပြောကြားလွန်းလှသဖြင့် ကျွန်တော်၏အလုပ် ပျက်,ပျက်နေခြင်းကြောင့် အဆုံးအထိဖတ်ပြီးမှ ဆုံးဖြတ်ချက်ချရန် ပြောရင်း နှင်လွှတ်ရသည့်အခြေပင် ရောက်ခဲ့ပါသည်။

ကျွန်တော်သိသလောက် စာပေနယ်တွင် စာရေးဆရာတစ်ဦး၏ လက်ရာကို စာဖတ်ပရိသတ်ကသာ ကြိုက်လှချည့် ဖြစ်တတ်သော်လည်း စာရေးဆရာအချင်းချင်း ပြန်လည်ကြိုက်နှစ်သက်ခြင်းခံရသည့် စာပေကား ရှားပါးလှသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ဝင်းဆွေ၏ လက်ရာကိုမူ စာရေးဆရာအချင်းချင်းကလည်း ပြန်လည် ကြိုက်နှစ်သက်ကြသည်ကို တွေ့မြင်ရသည်။

လုံးချင်းစာအုပ်နယ်တွင် နိုင်ဝင်းဆွေ၏ နာမည်သည် မကျယ်ပြန့်သေး သော်လည်း ရှမဝ မဂ္ဂဇင်းပရိသတ်ကမူ နိုင်ဝင်းဆွေ၏ လက်ရာများကို ဖတ်ရှုလာ ခဲ့ကြရသည်မှာ လေးနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်၏။

စာရှုသူ မိတ်ဆွေသည် ''မဟူရာမေတ္တာ''ကိုဖတ်ပြီးလျှင် နိုင်ဝင်းဆွေ၏ ပရိသတ် ဖြစ်လာလိမ့်မည်မှာ မလွဲပါ။

မောင်ကျော်
ရှမဝ ရုပ်စုံမဂ္ဂဇင်း
၁၇-၁၀-၇၀

mgyoe.com

mgyoe.com SAMPLE BOOK



**ပထမအကြိမ် ပုံနှိပ်ခြင်းမှ –**

## ဒဂုန်တာရာ၏အမှာ

## (၁)

မဟူရာမေတ္တာ ဝတ္ထုကို အုတ်နံရံများ၏နောက်၊ သံတိုင်ကြား၌ ရောက်နေစဉ်က ဖတ်ရခြင်းဖြစ်သည်။ ၁၉၆၆။ ထို့ကြောင့် 'မဟူရာမေတ္တာ'ကို မမေ့။

ထိုအခါက ညများသည် ရွှန်းမြစိမ်းပြက်လျက်၊ မဟူရာကဲ့သို့ နက်မှောင်လျက်၊ ဝိုးဝါးကြယ်ပျောက်လျက် ကုန်လွန်ခဲ့ကြ၏။ လသည် ဝိုင်းလျက်၊ တခြမ်းစိပ်လျက်၊ ပါးလျားလျက် ဖြတ်သန်းခဲ့ကြ၏။ နေရောင်သည် ကင်းစင်ကြားမှ အဖြူ–အပြာရောလျက်၊ ခိုရောင်ရေးရေးပြေးလျက်၊ ပန်းနုရောင်မှုန်လျက်၊ လိမ္မော်ရောင်၊ ထုံးခြောက်ရောင်ကြွလျက် အဆန်းတကြယ် ပေါ်လာကြ၏။

ဖလ်မြလဲ့လဲ့ပေါ်၌ နှင်းဆီရနံ့ဆွတ်ပျံ့လျက်၊ စံပယ်ပွင့်များ ကျွန်တော့်အိပ်ရာပေါ်၌ကြဲလျက်။ ဆိတ်ဖလူးရနံ့သည် အောက်ထပ်မှ အပေါ်ထောင့်ခန်းသို့ လွင့်လာလျက်။

သစ်ရွက်ခြောက်များ ရှပ်တိုက်ပြေးလွှားနေဆဲတွင် စာကလေးများ တကျိုကျိုအော်မြည်ကာ အသိုက်လုပ်လျက်၊ တောက်တဲ့သည် ညဥ့်ယံကို ပုဒ်ကမလေးဖြတ်လျက်၊ နံရံ ၂ ဖက်ကြားရှိ တောင်ယာစိုက်ခင်း ရေအိုင်ကွက်မှ ဖားများသည် သံပြိုင်ကျူးလျက်။

ကျွန်တော်မှာ အလှအပ တပ်မက်သူမို့ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ ညရောင်၊ ဆည်းဆာရောင်များသည် ကျွန်တော့်မိတ်ဆွေများ ဖြစ်နေကြသည်။ နှင်းဆီရနံ့၊ စံပယ်ရနံ့၊ ဆိတ်ဖလူးရနံ့တို့သည် ရီဝေယစ်ထုံသော မွှေးရည်များ ဖြစ်နေကြသည်။ စာကလေးများ သိုက်မှီ ချီချသံ၊ တောက်တဲ့၏ ညည်းသံ၊ ဖားများ၏ သံပြိုင်အော်ဟစ်သံများသည် တေးကာရန်များပင်။

ယင်းသို့ သံတိုင်ကြား၌ အလှအပကိုသာ အာသာရမ္မက်ဖြင့်ငမ်းငမ်းတက်ရှာဖွေနေဆဲတွင် မဟူရာမေတ္တာဝတ္ထုထဲမှ အလှကို တွေ့ရှိခံစားရသည်။ ထို့ကြောင့် မမေ့။

mgyoe.com

mgyoe.com SAMPLE BOOK

## (၂)

မဟူရာမေတ္တာ ဝတ္ထုထဲ၌ သျှိဝမြို့စား 'သူသ'သည် ပန်ထွာဘုရင်မ၏ အကျဉ်းတိုက်ထဲ၌ ရောက်နေသည်။ 'သူသ'သည် စောင်းတီးခတ်ခွင့်ရသည်။ ပန်းပု ထုခွင့် ရသည်။ ဘုရင်မ၏အလှကို ဖွဲ့နွဲ့သည်။

ကျွန်တော်သည်သံတိုင်ကိုမှီရင်း ဤပန်ထွာနိုင်ငံတော် ဇာတ်လမ်းထဲ ရောက် နေသည်။

ဝတ္ထုထဲမှ 'သူသ'မှာ ဓားသမား၊ အတိုက်အခိုက်ကောင်းသူ၊ ဘုရင်မ အထင်တော်လွဲ၍ အကျဉ်းတိုက်၌ ၂-ကြိမ် အကျခံရသူ၊ အမှန်တရားကိုရှာသူ၊ စောင်းဖြင့် အလှဖွဲ့သူ၊ ပန်းပုဖြင့် အလှရုပ်ထု သွန်းသူ။ ကျွန်တော်ကား 'သူသ' ကဲ့သို့ ဓားသမားတစ်ယောက် မဟုတ်။ ငြိမ်းချမ်းရေးသမား၊ အလှရှာသူ၊ အလှ တပ်မက်သူ။

အမှန်အားဖြင့် ကျွန်တော်သည် ပန်ထွာရာဇဝင်ကို စိတ်ဝင်စားသူမဟုတ်ပေ။ ၁၉၆၀ စာဆိုတော်ရက်က တောင်တွင်းကြီးရောက်သွားရင်း တိမ်ကောနေသော ဗိဿနိုးမြို့ဟောင်းမှ အုတ်နန်းတော် အပျက်အပြိုများအပေါ် လမ်းလျှောက်ဖူးသူ မျှသာ။ ပန်ထွာရာဇဝင်သာမဟုတ်၊ ရာဇဝင်ကိုပင် သိပ် အယုံအကြည်ရှိသူ မဟုတ်။ ရာဇဝင်ဆိုသည် နှစ်ကြာသော် ပုံပြင်ဖြစ်တတ်လွန်းသည်။ မနှစ်က အာဇာနည်နေ့က ဗိုလ်ချုပ်အောင်ဆန်းနေသွားသော ပဲခူးဆောင်မှအခန်းသို့ ရောက်သွားသည်။ ပြတိုက် စောင့် ကျောင်းသားက နံရံ၌ပြထားသော ကျောင်းသားစုဓာတ်ပုံထဲမှ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ ရပ်နေသောသူအား ညွှန်ပြကာ 'ဒါက တက္ကသိုလ်နေဝင်းပေါ့' ဟု ပြောပြနေသည်။ အမှန်ကား ထိုခေတ်က အိုးဝေမဂ္ဂဇင်းကော်မတီအဖွဲ့ဝင် ကိုတင်အောင် (ရျော်ကို)၏ ပုံဖြစ်သည်။ ကိုတင်အောင်မှာ ကိုအောင်ဆန်းနှင့် နောက် မယားညီအစ်ကိုတော်သည်။ ကြည့်၊ အနှစ် ၂၀ ကျော်ရုံမျှရှိသေး ယွင်းနေပေပြီ။ ထား။

သို့သော် ပန်ထွာရာဇဝင်ကို စိတ်မဝင်စားသော်လည်း ပန်ထွာနိုင်ငံတော်ကြီး ထူထောင်ချင်ပုံ၊ နိုင်ငံတော်ကြီး ပျက်စီးသွားရပုံ သဘောတရား (ဝါ) စစ်နှင့်ငြိမ်းချမ်း ရေး ဇာတ်လမ်းကိုကား စိတ်ဝင်စားမိသည်။ ဘုရင်မသည် ပန်ထွာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းစွာ တည်ထောင်ချင်သည်။ 'သူသ'သည်လည်း ညီညွတ်စည်းလုံးသော၊

mgyoe.com

mgyoe.com SAMPLE BOOK



အားကောင်းကော ပန်ထွာနိုင်ငံတော်ကြီးကို တည်ထောင်ချင်သူ။ သို့သော် ဘုရင်မက မိမိဘက်တော်သား 'သူသ'ကို အထင်တော်လွဲသည်။ အမှန်တရားထုတ်ဖော်သူအား အကျဉ်းတိုက်၌ ချထားသည်။ တစ်ဖက်က ပန်ထွာနိုင်ငံတော် ပျက်စီးစေလိုသော အင်အားစုက အထင်လွဲအောင် ပရိယာယ်ဆင်ခြင်းမျှသာ။ တစ်ဖက်က အယုဒ္ဓယရဟန်းတုကို လွှတ်ကာ အတွင်းမှ ဝင်ဖျက်ဆီးရေးကို လုပ်သည်။ ဘုရင်မက ယင်းအယုဒ္ဓယရဟန်းယောင်ကို တကယ့်သူတော်စင် ထင်မှတ်သည်။ ပန်ထွာနိုင်ငံတော်အကျိုး လိုလားသူဟု ယုံကြည်နေသည်။ ချီးမြှင့်မြှောက်စားသည်။ တကယ့်ပန်ထွာနိုင်ငံတော်ချစ်သူမှာ နိုင်ငံတော် သစ္စာဖောက် သူပုန် သူကန်။ ပန်ထွာနိုင်ငံတော် ပျက်စီးစေလိုသူမှာ မိမိဘက်တော်သား သစ္စာရှိသူ။ ယင်းသို့ အမှန်ကို အမှား၊ အမှားကို အမှန်၊ အစစ်ကို အတု၊ အတုကို အစစ်ထင်သူ ဘုရင်မ။ နောက်ဆုံး အတုနှင့်အစစ်ကို မခွဲခြားနိုင်ဘဲ ရဟန်းယောင်က မြှောက်ပင့်ညာဝါးပေးလိုက်သော ဘုန်းတော်ရှိန်ကို အားကိုးယင်း အတုလစည်တော်ရှေ့၌ လဲကျသွားသူ ဘုရင်မ။ ယင်းသို့ဖြင့် ပန်ထွာနိုင်ငံတော်ကြီးသည် မီးလောင်ကာ ပျက်စီးသွားရချေသည်။

'သူသ'တိုက်နေခြင်းသည် ပန်ထွာနိုင်ငံတော်ကို ချစ်ခြင်းကြောင့်လော၊ သို့မဟုတ် ဘုရင်မကို ချစ်၍လော၊ နိုင်ငံရေးခေါင်းဆောင်သည် တိုင်းပြည်ကိုချစ်၍လော၊ စည်းစိမ်ရာထူးကို ချစ်၍လော၊ အတ္တကို ချစ်ကြခြင်းပေလော။

ကျွန်တော်သည် တွေးနေသည်။ အပြင်ဘက်၌ကား စိမ်းမြပြာရီသောညဉ့်၌ ကြယ်များသည် သရက်ပင်များအကြားမှ တဖျပ်ဖျပ်လက်နေကြသည်။

(၃)

အမှန်အားဖြင့် မဟူရာမေတ္တာဝတ္ထုသည် ဝေဖန်စရာမရှိမဟုတ်၊ ရှိပေသည်။ သို့သော် မဟူရာမေတ္တာဖြင့် နိုင်ဝင်းဆွေသည် ဝတ္ထုရေးဆရာ ဖြစ်လာပေပြီ။ ပွင့်သစ်များကို ရှာနေဆဲ။ နိုင်ဝင်းဆွေကို တစောင်းတောထဲမှ ပန်းနုရောင်အဖြစ် တွေ့ရခြင်းဖြစ်သည်။ ယခု ဆယ်စုနှစ်စုအတွင်း အသွင်သစ်ကိုဆောင်သော ဝတ္ထုများ၊ သရုပ်ဖော်ဝတ္ထုရေး ဆရာသစ်များ ပါးနေဆဲဖြစ်သဖြင့်ဝမ်းသာမိသည်။

ထောင်မှထွက်လာသောအခါ ရှမဝ၌ နိုင်ဝင်းဆွေကို သွားတွေ့လိုက်ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အသက် ၃၀ မကျော်သေးသော လူငယ်တစ်ဦး။ မိးရထားသံလမ်းမှခွာ၍ မြို့တော် မှန်တံခါးဝသို့ ရောက်လာသူ။ သို့သော် သူသည် ဘဝကို သရုပ်ဖော်သော ဝတ္ထုများ ရေးလာသည်။ 'ညအသချော်မှာ'၊ 'မသိန်းရှင်ဆီ ပို့ပေးပါ'။ 'ညအသချော်မှာ' အချစ်၏ လေးနက်မှုကို ဖော်ထားသည်။ 'မသိန်းရှင်ဆီ ပို့ပေးပါ'မှာ ယနေ့ မှောင်ခိုစနစ်၏ သားကောင် ဆင်းရဲသူဘဝကို ခြယ်ရေးထားသည်။

ယခု မဟူရာမေတ္တာ ဝတ္ထုအကြောင်းကိုကား လွန်ခဲ့သော ၄ နှစ်က ခံစားမှုဖြင့် ရေးလိုက်ရပေသည်။

ဒဂုန်တာရာ
၂၄.၁၀.၇၀

mgyoe.com

mgyoe.com SAMPLE BOOK 

**ပထမအကြိမ် ပုံနှိပ်ခြင်းမှ –**

## ဒေါ်ခင်မျိုးချစ်၏ အမှာ

နိုင်ဝင်းဆွေ သည် အလွန်ပုံပြောကောင်းသည်။ မျက်လုံည့်လည်း ပြတတ်သည်။ စာဖတ်ပရိသတ်ကို နှစ်ပေါင်းနှစ်ထောင်ခေတ်သို့ ပြန်ခေါ်သွားပြီး သီရိခေတ္တရာ၊ ဗိဿနိုး၊ ပန်ထွာ အစရှိသော မြို့တော်ကြီးများကို အုတ်ကျိုး၊ အုတ်ပဲ့မှ ကြက်ပျံမကျစည်ကားသော မြို့ကြီးပြကြီးတွေဖြစ်အောင် ဖန်ဆင်းပြတတ်သည်။

အရိုးအိုးထဲက ပြာတွေကို လူအဖြစ် ပြန်အသက်သွင်းပြီး ထိုစဉ်အခါက အတိုင်း ပြန်၍လှုပ်ရှားစေသည်။

မဟူရာမေတ္တာသည် ယောက်ျားတို့၏ သတ္တိရှိမှု၊ သူရဲဘောနည်းမှု၊ အနစ်နာခံမှု၊ တစ်ကိုယ်ကောင်းကြံမှု အစရှိသည့် လူ့သဘာဝများ၏ အရောင်အသွေး အမျိုးမျိုးကို ရောယှက်ထားသည့် ပန်းချီကားချပ်ကြီးတစ်ချပ် ဖြစ်သည်။

ထိုသို့ ရောထွေးခြယ်လှယ်ထားသော အရောင်အသွေးကြားထဲတွင် ရွှေခြည်ငွေခြည်မျှင်ကလေးများ သန်းနေသည့်နှယ်၊ ငုပ်ချည်ပေါ်ချည်နှင့် မြင်ရသူတို့၏ အာရုံကို ကလိကစား၍ စွဲမက်အောင် ဆွဲယူနေသည်ကား **'ပန်ထွာဘုရင်မကြီး'** နှင့် **'သျှိဝမြို့စားလေး'** တို့၏ အချစ်မေတ္တာပင် ဖြစ်သည်။

သူတို့၏ မေတ္တာကား တိုင်းရေးပြည်ရေး၊ စစ်မက်အရေးများကြားထဲတွင် အားယူ၍ ပွင့်လန်းခဲ့ရသည်။ သူတို့၏ မေတ္တာမှာ သာမန်သူတို့မေတ္တာကဲ့သို့ မြင်ကြားတွေ့ထိမှုတို့ဖြင့် အားသစ်လောင်းရသည်မဟုတ်တဲ့ အသည်းနှလုံး၌ ကိန်းအောင်းကာ နှလုံးသွေးဖြင့်သာ အားယူပွင့်လန်းခဲ့ရသည်။

သူတို့၏မေတ္တာသည် သစ္စာနှင့် သိက္ခာတရားကို အခြေခံထားသဖြင့် ဖြူစင်သန့်ရှင်းသည်။ ခိုင်မာသည်။ စွဲမြဲတည်တံ့သည်။

ဤသည်ပင် **'မဟူရာမေတ္တာ'**၏ ဦးတည်ချက် ဇာတ်လမ်းပင်ဖြစ်လေသည်။

ဒေါ်ခင်မျိုးချစ်

mgyoe.com

mgyoe.com
SAMPLE BOOK


## စာရေးသူ၏ ဝန်ခံချက်

မူလ ရှုမဝမဂ္ဂဇင်း (၁၉၆၆၊ ဧပြီ၊ မေ၊ ဇူလိုင်၊ ဩဂုတ်)၌ ပါရှိသော ဝတ္ထုမှာ ၁၉၆၀ နှင့် ၆၁ တွင် ရေးသားခဲ့သည်။ ထို့နောက် လုံးချင်းထုတ်ဝေရန် ပြန်၍ရည်ရွယ်ပြီး ၁၉၆၉-ခုနှစ်စ၌ အစမှအဆုံးတိုင် ပြန်လည်ရေးသားပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


## နိဒါန်း

ကျွန်တော့်ဖခင်၏ ဆရာကြီးဖြစ်သော ဦးသက်ရှည်ထံမှ မှတ်တမ်းအချို့ကို ရရှိထားရာ ယခု ရေးသားဖော်ပြတော့မည့် အဖြစ်အပျက်သည် ထိုမှတ်တမ်းများ အတွင်းမှ ရွေးချယ်ကောက်နုတ်ရေးသားရခြင်း ဖြစ်ပါသည်။

ရေးသားရာ၌ ပေါ်လွင်စေရန် ဆန္ဒပြု၍ အဖြစ်အပျက် အချိန်ကာလနှင့် ဆီလျော် အံဝင်မည်မဟုတ်သည့် အသုံးအနှုန်းများကို ရေးသားသုံးနှုန်းခြင်းပြုသည့် အတွက် ခွင့်လွှတ်ကြစေလိုပါသည်။

ဤအဖြစ်အပျက်နှင့် စပ်ဆိုင်သော နိဒါန်းကို ဦးသက်ရှည်၏ မှတ်တမ်း များမှ ရွေးချယ်၍ အောက်တွင် ကူးယူဖော်ပြပါသည်။

### ဦးသက်ရှည်၏ မှတ်တမ်းများမှ ကောက်နုတ်ဖော်ပြခြင်း

ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က ဗိဿနိုးမြို့တော်ကြီးသည် ယခု နတ်ကွယ် သဖြင့် ပျောက်နေသည်ဟု အဆိုရှိကြသည်။ ယင်းမြို့တော်ကြီး၏ အရှင်မင်းမြတ် တစ်ပါးဖြစ်သော ဘီလူးမင်း၏သမီး ဖြစ်သည်ဆိုသော ပျူမင်းသမီးကြီးတစ်ပါး သည် ဂန္ဓာရအတတ်တို့တွင် လွန်စွာ ကျွမ်းကျင်တော်မူသည်ဟူ၍ ကျွန်ုပ်တို့ ဖတ် ကြားခဲ့ရဖူး၏။ သိုက်ညွှန်းစာများကလည်း ထိုအတိုင်းပင် ညွှန်းဆိုလျက် ရှိကြပေ သည်။ မင်းသမီးကြီးသည် ထိုလောကီဂန္ဓာရီအတတ် တန်ခိုးတော်တို့ဖြင့် ရန်သူများ အား ချောင်းရေများ ကျဆင်းစေပြီး ရေနောက်မျောပါစေလျက် ပျက်စီးရှုံးနိမ့်စေ ခြင်း၊ ဗိဿနိုးမြို့ကြီးအား ယန္တယားငှက်၏ ကျောကုန်းထက်၌တင်၍ အဝေးသို့ ရန်သူနှင့်ကင်းဝေးရန် ပျံသွားစေခြင်း စသဖြင့် ထင်ရှားလေသည်။ မင်းသမီးကြီး

mgyoe.com

mgyoe.com SAMPLE BOOK



သည် ဘဝက ဝဋ်ကြွေးမကင်းသဖြင့် ရန်သူ့နောက်သို့ ပါရမည်ရှိသည်ကို ကြို၍ သိတော်မူသဖြင့် သူ၏လောကီဂန္ထရီအတတ်၊ အင်းအိုင် ခလှဲ့ အတတ်၊ ယန္တယား အတတ်တို့အား မင်းပုန်း ကုက္ကိုတောင်ပေါ်၌ လျှို့ဝှက်စွာ စီမံထားရစ်ခဲ့သည်ဟု သိုက်ညွှန်းများက ဖော်ပြလျက်ရှိလေသည်။

ကျွန်ုပ်သည် ဆေးပညာလိုက်စားစ၊ ငယ်နုသောအရွယ်၊ တက်ကြွဖျတ်လတ်သောအရွယ်ဖြစ်၍ ကျွန်ုပ်၏ ဆရာကြီးနှင့်အတူ မင်းပုန်းကုက္ကိုတောင်သို့ လိုက်ပါသွားခဲ့လေသည်။

မင်းပုန်းကုက္ကိုတောင်သည် ပျဉ်းမနားမြို့နယ်၏ အနောက်မြောက်ဖက် အစွန်း၊ ပဲခူးရိုးမကြော၏ တောအနက်ဆုံးအပိုင်း ဖြစ်သည်။ မြင်းမဏိတောင်တန်းများအလယ်၌ ရှိလေသည်။ ကျွန်ုပ်နှင့် ဆရာကြီးသည် သားရဲ ကျား၊ ကျားသစ်တို့၏ ရန်မှ ကင်းလွတ်ရန် ညတွင် လင့်ထိုး၍အိပ်ကြရပြီး၊ နေ့လည်နေ့ခင်းတွင်သာ တောင်ပေါ်တွင် လျှောက်ကြည့်ကြရလေသည်။ တောင်ကြီးမှာ မြင့်လွန်းသဖြင့် နေ့လည်နေ့ခင်း၌ပင် မြူနှင်းများဝေမှိုင်းလျက် အေးမြနေတတ်ပေသည်။ ညဉ့်အခါ များတွင်မူ အရိုးများကွဲကုန်ပြီလောဟု ထင်မှတ်ကြရသည်။ အံ့ဩဖွယ် အခြင်းအရာ တစ်ခုမှာ တောင်ကြီးတစ်ခုလုံးတွင် တောရိုင်းကုက္ကိုပင်များမှတစ်ပါး အခြားအပင် များ မပေါက်ရောက်ကြခြင်း ဖြစ်လေသည်။

ထိုထက်ပို၍ အံ့ဩစရာကောင်းသည့်အရာမှာ တောင်မကြီး၏ မြောက်ဖက် အစွန်းရှိ ကျောက်တောင်ငယ်တစ်ခုမှာ ငှက်ကြီး ရေနန္ဒာတစ်ကောင် ဝပ်နေပုံနှင့် တထေရာတည်း တူညီနေခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် ရောက်သည့်နေ့တွင် အံ့ဩလွန်းသဖြင့် စကားအလျင်းမပြောနိုင်၊ မျက်တောင်မျှမခတ်နိုင်၊ အသက်မျှ မရှူနိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ခပ်ဝေးဝေးမှ လှမ်းမျှော်ကြည့်လျှင် ငှက်တစ်ကောင်၏ နှုတ်သီး၊ ငှက်တစ် ကောင်၏ အမောက်၊ အတောင်တို့ကို ထင်ရှားစွာမြင်နိုင်သည်။ မျက်လုံးများနေရာမှ အစဉ်သဖြင့် ကျောက်သွေးများ ယိုစီးဆင်းလျက်ရှိပြီး ခပ်ဝေးဝေးမှနေ ကြည့်လျှင် ပင် တကယ့်သွေးများ စီးဆင်းနေသည်နှင့် မခြားပေ။ ဤ ဆေးဘက်ဝင်လွန်း၊ အဖိုးတန်လွန်းသော ကျောက်သွေးတို့သည် တန်ဖိုးမဲ့ပစ္စည်းကဲ့သို့ အလျှံပယ် ဖြစ်နေ သည်။ ညဉ့်အခါတွင် သားရဲတိရစ္ဆာန်အပေါင်းတို့ ကျောက်သွေးများလာ၍ လျက်နေ ကြသံများကို ကျွန်ုပ်တို့ လင့်စင်အပေါ်မှ ကြားနေရတတ်သည်။

mgyoe.com

mgyoe.com

ငှက်၏နှုတ်သီးမှ စမ်းရေများ စီးကျနေသည်။ ရေများသည် ချောင်းငယ်တစ်ခုဖြစ်လျက် တောင်မကြီးကို ကောက်ကွေ့စွာ လှည့်ပတ်ပြီး အောက်ဖက် အသူတရာနက်လှစွာသော ချောက်ကြီးအတွင်းသို့ ဆူညံစွာ အော်ဟစ်စီးဆင်းသွားနေသည်။

ကျွန်ုပ်နှင့် ဆရာကြီးသည် ဤတောင်ပေါ်၌ ရက်ပေါင်းများစွာ ကုန်လွန်နေကြလေသည်။ သို့သော် ကျွန်ုပ်တို့လိုချင်သော သိုက်ညွှန်းကို ရှာ၍ မရနိုင်သေး။ ရှာ၍ရနိုင်ဖွယ်ရာ လမ်းစပင် မရှိ။ ဆရာကြီးသည် ကျောက်သွေးများနှင့် မဏိကဏ္ဍရဆေးမြစ်များကို စုဆောင်းနေသော်လည်း ကျွန်ုပ်တို့၏ လာရင်းကိစ္စကိုမူ လက်လျှော့ချင်လာသည်။ သို့သော် ကျွန်ုပ်တို့သည် တစ်နေ့တွေ့နိုးနိုး တွေ့နိုးနိုးဖြင့် တစ်ရက်ပြီးတစ်ရက် ဆက်၍ သည်းခံရှာဖွေနေကြသည်။

တစ်နေ့ နေ့လည်တွင် ကျွန်ုပ်သည် ခါးဝတ်အင်္ကျီကို စမ်းချောင်း၏နံဘေးရှိ လေးထောင့်စပ်စပ် ကျောက်တုံးပေါ်၌ ဖွပ်လျှော်မိသည်။ နေ့ခင်း၌ပင် အအေးဓာတ်မှာ ကြာရှည်သည်းမခံနိုင်အောင် စိမ့်ပြီး အေးမြနေသည်။ ကျောက်တုံးသည် ရေတစ်ဝက်မြုပ်လျက် ကုန်း၌ တစ်ဝက်ပေါ်နေသည်။ အစတွင် အမှုမဲ့နေသဖြင့် မသိသာသော်လည်း တဖြည်းဖြည်းနှင့် ကျွန်ုပ်၏နားထဲ၌ ကြားနေရသော ကျောက်တုံးနှင့် အဝတ်ထိသံကို သတိထားမိလာသည်။ ထိုအသံမှာ လုံနေသော စည်တိုတစ်ခုကို ထုနှက်နေသကဲ့သို့ လိုဏ်သံဖြစ်နေပေသည်။

နောက်ဆုံး အဝတ်ဖွပ်လျှော်ပြီး ထိုင်နေရာမှ ထမည်ပြုသောအခါ ကျွန်ုပ်သည် လိုဏ်သံပါနေသော ကျောက်တုံးကို အမှတ်မဲ့ ကြည့်ရှုမိပြန်သည်။ ကျောက်တုံး၏ လေးထောင့်စပ်စပ်ဖြစ်နေပုံမှာ လူများပြုပြင်ထားသကဲ့သို့ ပုံကျပန်းကျ ဖြစ်နေသည်ကို သတိပြုလာမိသည်။ ထို့နောက် ကျောက်တုံး၏ အထက်ခြေအနီးမှ တဖြောင့်တည်း တန်းပြေးသွားသော အစင်းကြောင်းရှည်ကြီးကို သတိထားလိုက်မိပြန်လေသည်။ ကျောက်တုံး၏ လှိုင်းရစ်များ ထနေပုံမှာ အင်ကြင်းသားတစ်ခုကို ဖြတ်တောက်ထားသည့်အတိုင်း ဖြစ်နေသည်။ ထို့နောက် ကောက်၍ မ,ကြည့်သောအခါ ကျောက်တုံးတစ်ခုကဲ့သို့ မလေးဘဲ အတွင်း၌ အခေါင်းပါနေသဖြင့် ပေါ့နေသည်ကို တွေ့ရပြန်သည်။ အင်ကြင်းသားသေတ္တာတစ်လုံးမှ နှစ်ပေါင်းကြာရှည်လာသောအခါ ကျောက်ဖြစ်သွားခဲ့ရသည့် ကျောက်သေတ္တာ ဖြစ်မည်မှာ သေချာပေသည်။

တစ်နေ့ခင်းလုံးလုံး ကျွန်ုပ်သည် သေတ္တာကို ကြံဖန်၍ဖွင့်နေ၏။ ညနေခင်းဘက်၌ ကျွန်ုပ်၏ လက်နှစ်ဖက်စလုံးမှာ သွေးများချင်းချင်းနီလျက် ရှိလေသည်။

mgyoe.com

လက်ဖဝါးပြင်မှာ ပေါက်ပြလျက်ရှိသည်။ သို့သော် နောက်ဆုံး၌ ကျွန်ုပ်သိချင်ဇော ပြင်းထန်သည့် ကျောက်သေတ္တာမှာ ပွင့်သွားရလေသည်။

ဆရာကြီးသည် ကျောက်သေတ္တာကို ငုံ့ကြည့်နေသည်။

အတွင်း၌မြင်ရသော ပစ္စည်းများကို ဆရာတပည့်နှစ်ဦးသည် မျက်လုံးပြူး လျက်၊ ပါးစပ်များဖွင့်ဟလျက် အံ့အားသင့်နေကြလေသည်။ နှင်းမှုန်များ အုပ်ဆိုင်း နေသည့် အမှောင်ထဲ၌ ကျွန်ုပ်တို့မြင်နေရသော အရာများမှာ အံ့အားသင့်စဖွယ်လည်း ဖြစ်နေပေသည်။

ရွှေသရဖူ ဦးသျှောင်တစ်ခု၊ ပင်ကိုယ်က ပါးလှပ်လှ၍ ယခု ပြာအတိ ဆွေးမြည့်နေပြီဖြစ်သော အဝတ်စတစ်ခု၊ ပေစာရွက်ဟု ထင်ရသည့် အရာသုံးခုနှင့် ကြေးညှိများဖုံးလွှမ်းလျက် ပျက်စီးလုဘနန်းဖြစ်နေသော ပုရပိုက်ကြီးတစ်ခုကို တွေ့ ကြရပေသည်။

ကျွန်ုပ်တို့ ကိုင်ကြည့်သောအခါ ပေစာရွက်နှင့် အဝတ်စမှာ လေထဲ၌ ပြာ ဖြစ်ပြီး ပါသွားကြသည်။ မှောင်နေပြီဖြစ်သဖြင့် ပြန်ပိတ်ခဲ့ပြီး ကျွန်ုပ်တို့သည် လင့်စင်ပေါ်၌ တက်ရောက်အိပ်ကြရပေသည်။

ဦးသျှောင်မှာ ပန်ထွာဘုရင်မကြီး၏ သရဖူဖြစ်၍ ကြေးပုရပိုက်ကြီးမှာ လောကီဂန္ဓာရီ အတတ်ပညာများ ဖြစ်နေမည်ဟု မှန်းဆလျက် ကျွန်ုပ်တို့မှာ တစ်ည လုံး အိပ်မပျော်နိုင်ကြတော့ပေ။ နံနက်လင်းလျှင် လင်းချင်း လင့်စင်ပေါ်မှ အပြေး ဆင်းသွားကြပြီး ကျွန်ုပ်တို့သည် ပါလာသော ကြေးချွတ်ဆေးများဖြင့် တိုက်ချွတ် လျက် ပုရပိုက်ကြီးကို ဖတ်ရှုကြလေသည်။

ထိုအခါ ကျွန်ုပ်တို့ ထင်တွေးထား၊ မျှော်လင့်ထားသည်တို့နှင့် တက်တက် စင်အောင် လွဲနေသည်ကို တွေ့ကြရပေသည်။ စာများမှာ ရှေးဟောင်းပျူဘာသာ စတင်၍ ပေါ်ဦးကာလအတိုင်း ရှေးဟောင်းသက္ကဋဘာသာ တစ်ဝက်နှောလျက် ရှိပေသည်။ ဆရာကြီးအကူအညီဖြင့် ကျွန်ုပ်သည် ကြိုးစား၍ ဖတ်ရှုရပေသည်။

လူတို့သည် မည်သည့်ကာလမှစ၍ စာပေတို့ဖြင့် မှတ်တမ်းတင်ခဲ့သော အလေ့အထ ရှိလာခဲ့သနည်း။ သမိုင်းဆရာများ၏ အလုပ်သာ ဖြစ်ပေသည်။

သို့သော် ကျွန်ုပ်တို့ဖတ်ရှုနေရသော ပုရပိုက်ကြီးမှာ လူတစ်ဦး၏ မှတ်တမ်း ကြီးတစ်စောင် ဖြစ်နေပေသည်။ စင်စစ် မူရင်းမှတ်တမ်း၌ အစီအစဉ်မရှိ၊ ကမောက် ကမ နိုင်လွန်းလေသည်။ စာတစ်လုံး၏ ဆိုလိုချက်ကိုပင် ကျွန်ုပ်သည် ဦးနှောက်

mgyoe.com

mgyoe.com  SAMPLE BOOK 

ပျက်ကုန်တော့မည့်အတိုင်း ရှာဖွေစေငှ ခဲ့ရပေသည်။ နောက်ဆုံးတွင် မူရင်း၏ ဆိုလိုချက်တို့ကို ကျွန်ုပ်တို့ ငုံမိပေပြီဟု ဆိုလာနိုင်သည်။

ကျွန်ုပ်တို့ လက်လျှော့ပြန်လာခဲ့ပြီးနောက် ရှေသရဖူကို ကျွန်ုပ်တို့သည် ဂန္ထုန်ရာဇာ ဆရာစံ၏ အဖွဲ့ဝင်လက်ရုံးများဖြစ်သည်နှင့်လျော်စွာ နိုင်ငံအကျိုး၊ သာသနာအကျိုးအတွက် ထုခွဲ၍ သုံးစွဲလိုက်ကြပေသည်။ ထို့နောက် ပုရပိုက်ကြီးမှ အကြောင်းခြင်းရာများကို ကျွန်ုပ်သည် ဆီလျော်အောင် ပြန်ဆိုရာ၌ မူရင်းအမည် နာမ အခေါ်အဝေါ်များမှာ ယခုခေတ် နှုတ်၊ အာ၊ လျှာတို့ဖြင့် ခေါ်ဆိုရန်ခဲယဉ်း လွန်းသဖြင့် ကျွန်ုပ်သည် စစ်ကိုင်း အင်းဝခေတ်များမှ သင့်လျော်ရာ အဓိပ္ပာယ်တူ သော အမည်များကို သုံးစွဲလျက် ရေးသားအပ်ပေသည်။

မှတ်တမ်းကို ဖတ်ရှုလျှင် ဆင်စွယ်နှစ်ဖြင့် ထုသွင်း၍ထားသော ဘုရင်မကြီး ၏ ကိုယ်ပွားရုပ်တုငယ် တစ်ခုအကြောင်းပါသည်။ ထိုရုပ်တုကို ကျွန်ုပ်တို့ မတွေ့ နိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုပုရပိုက်ကြီးဖြင့် မှတ်တမ်းတင်ခဲ့သူသည် ဘုရင်မ၏ ရုပ်တုတော်ကို သေသည့်တိုင်အောင် လက်မှမချဘဲနေပြီး ၎င်းနှင့်အတူ တကွ ပျောက်ကွယ်သွားမည် ဖြစ်သောကြောင့် ဖြစ်ပေတော့သည်။

မောင်သက်ရှည်
၁၂၉၅-ခု၊ တန်ခူးလဆန်း ၂ ရက်
ခေတ္တ ခိုအောင်းပုန်းရှောင်ရာ (ဆွာမြို့)

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မဟူရာရတနာသည်
ရှားပါးလွန်း၍ တန်ဖိုးကြီးလှသည်ဟု ဆိုသည်။

(၁)

သျှီဝ၏ ဗဟိုချက်ခြာ စံတော်အိမ်တောင်ကုန်းထက်မှ ငုံ့ကြည့်လိုက်လျှင် သျှီဝသည် နှင်းမှုန်များဖြင့် ရေးခြယ်ထားသော ပန်းချီကားတစ်ချပ်အလား ထင်မှတ်မှားရလေသည်။ လမ်းသေး လမ်းမှွာမှန်သမျှသည် ဗဟိုတောင်ကုန်းမှ ခွဲဖြာထွက်သွားကြသည်။

အဝေးအရပ်ရှစ်မျက်နှာသို့ မျှော်ကြည့်လိုက်လျှင် ရွာပေါင်းများစွာ၊ လယ်ယာပေါင်းများစွာ၊ စိုက်ပျိုးဥယျာဉ်ပေါင်းများစွာကို မပီမသ မြင်ရသည်။ ထိုအရာတို့မှာ သျှီဝ၏ ပိုင်နက်နယ်မြေများ ဖြစ်ကြသည်။ အဆုံးသတ်တွင် တောင်တန်းပြာကြီးသည် ဘောင်ခတ်ပိတ်ဆို့လျက် ရှိသည်။

ကျုပ်သည် စံတော်အိမ်တောင်ကုန်းမှ တောင်ခါးပန်း လှေကားထစ်များအတိုင်း တစ်ထစ်ချင်းနင်း၍ ဖြည်းဆေးလေးလံစွာ ဆင်းသက်နေမိ၏။ တောင်ခြေတွင် ညီလေးသူရ ဦးစီး၍ ဓားခုတ်လှံထိုး လေ့ကျင့်ခန်းဆင်းနေသော သျှီဝ စစ်သူရဲကောင်းများ၏ အသံဗလံများသည် လေနှင့်အတူ မျော၍ တောင်ကုန်းအထက်သို့ ပင့်တက်လာနေသည်။ သို့သော် ကျုပ်၏ရင်ထဲတွင် ဆူပူလှုပ်ရှားလျက် ရှိနေသည်။ အစဉ်သဖြင့် အေးငြိမ်းသော သျှီဝသည် ယခုအခါတွင်ကား မအေးငြိမ်းနိုင်တော့ပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


အေးငြိမ်းမှုဟူသည် တစ်နေရာတည်း၊ တစ်ကန့်တည်း၌ သီးသန့် သီးခြားဖြစ်ပေါ် နေတတ်သော အရာမဟုတ်။

ဖခင်ကွယ်လွန်ပြီးနောက် ကျုပ်သည် သျှီဝမြို့စားကလေးအဖြစ်နှင့် အရိုက်အရာကို ဆက်ခံခဲ့၏။ သျှီဝသည် မည်သည့်လက်အောက်တော်ခံမျှ မဟုတ်ဘဲ သီးခြား တည်ရှိခဲ့၏။ ငြိမ်းချမ်းခဲ့၏။

သျှီဝနှင့် တစ်မြေ တစ်ရေတည်း၌မူ ငမင်၊ စစ်တား၊ ဗိဿနိုးတို့ ပေါင်းစပ်တည်ထောင်ထားသော ပန်ထွာနိုင်ငံတော်ကြီး တည်ရှိနေသည်။ ပန်ထွာနှင့် သျှီဝသည် အစားအသောက် အနေအထိုင်မှစ၍ အားလုံးတူညီခဲ့သည်။ ငမင်၊ စစ်တား၊ ဗိဿနိုးတို့မှ ပြောင်းရွှေ့လာလိုသူများအတွက် သျှီဝသည် အစဉ်သဖြင့် တံခါးဟင်းလင်းဖွင့်လျက်ရှိပြီး သျှီဝမှ ပြောင်းရွှေ့သွားလိုသူများအတွက်လည်း သူတို့သည် အစဉ်သဖြင့် တံခါးဟင်းလင်းဖွင့်ပေးထားလျက် ရှိသည်။ ထို့ကြောင့် ပန်ထွာနှင့် သျှီဝသည် ခွဲခြားမျဉ်းသားထား၍ ရသောအရာမဟုတ်။ ရေကို ခွဲဖြတ်၍ မရ။

သို့သော် သီရိခေတ္တရာနှင့်မူ သျှီဝသည် တောအလီလီ၊ တောင်အထပ်ထပ် ခြားသည်။ ရေမြေခြားနားသည်။ ဘယ်စဉ်ကမျှလည်း မဆက်စပ်၊ မပတ်သက်ခဲ့။

တောင်ခါးပန်းလှေကားထစ်များပေါ်မှ ဆင်းသက်နေသော ကျုပ်၏ ခြေလှမ်းများမှာ ပို၍ နှေးကွေးနေသည်။ လွန်ခဲ့သောလေးရက်ကို ဤစကြာဝဠာကြီးထဲမှ ဖြုတ်၍လွှင့်ပစ်ထားချင်လေသည်။

လွန်ခဲ့သောလေးရက်က သီရိခေတ္တရာဘုရင် ဒွတ္တဘောင်ထံမှ အမိန့်စာချွန် ရောက်လာလေသည်။ သျှီဝမှ ထွက်သမျှ ကုန်စည်တို့၏ ဆယ်ပုံတစ်ပုံကို သီရိခေတ္တရာ အရှင်မင်းမြတ်ထံသို့ အစဉ်အမြဲ အခွန်ပဏ္ဏာတော်အဖြစ် ဆက်သရမည်ဟုဆို၏။ သျှီဝသည် အကြောင်းတစ်စုံတစ်ရာမျှ မပြန်ဘဲ သည်အတိုင်း နေလိုက်၏။ သို့သော် တစ်ခုခုတော့ ပြဿနာဖြစ်မည်။ ဦးရီးတော်သည် သူနှင့်မဆိုင်သလို မပူမပင် နေသည်။ ဦးရီးတော်၏ဆန္ဒမှာ ကျုပ်တို့ဆုံးဖြတ်သည့်အတိုင်း တာဝန်ပုံချပေးထား၏။ ညီလေးသူရကမူ သီရိခေတ္တရာ ရန်သူတပ်များကို ဖွတ်ခုခံတိုက်မည်ဟုသာ ဆုံးဖြတ်ထား၏။ သူသည် နေ့စဉ် စစ်ရေးအတွက် သေးဆူပွက်စွာဖြင့် လေ့ကျင့်နေ၏။ ထိုအချိန်မှစ၍ သူ၏ စစ်ရေးလေ့ကျင့်မှုမှာ ပို၍ ပြင်းထန်လာသည်။ ယခုလည်း သူသည် စစ်ရေးကို အပြင်းအထန် လေ့ကျင့်နေလျက်ပင်။

mgyoe.com

mgyoe.com SAMPLE BOOK



သူနှင့်ကျုပ်သည် မမျှော်လင့်ဘဲ သဘောထားတစ်ဖက်စီ ကွဲသွားလေသည်။ ကျုပ်၏ဆန္ဒမှာ သျှိဝသည် ပန်ထွာနှင့် တစ်လုံးတစ်စည်းတည်း စုပေါင်းလိုက်လျှင် မည်သည့်ရန်သူကိုမှ ကြောက်ရွံ့နေရမည် မဟုတ်။ ညီလေးကမူ ပန်ထွာနှင့်ပေါင်းရန် ဖွတ်ငြင်းဆန်လေသည်။ သူ့ဆန္ဒအရ သျှိဝကို သီရိခေတ္တရာ လက်အောက်တော်ခံယူလိုက်ခြင်းနှင့် ပန်ထွာလက်အောက် ခံလိုက်ခြင်းမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် သီရိခေတ္တရာတပ်များလာလျှင် ခုခံတိုက်ခိုက်မည်။ အသေခံ၍ တိုက်ခိုက်မည်။

အလွန်သေးငယ်သော သျှိဝသည် မည်သည့်နည်းဖြင့် သီရိခေတ္တရာတပ်မကြီးများကို တွန်းလှန်နိုင်ပါမည်နည်း။ ထိုနေ့မှစ၍ စကားဆိုင်ပြောလိုက်လျှင် ညီနှင့် နောင်သည် တစ်ဖက်တစ်လမ်းစီ ဖြစ်သွား၏။ နောက်ဆုံး ပဋိပက္ခမှာ ပို၍ပို၍ကြီးမားလာလေသည်။ ကျုပ်သည် လေးရက်တာမျှ အချိန်ဆွဲ၍ သူ့ဆန္ဒကို ဖျောင်းဖျနေခဲ့၏။ သို့သော် မရနိုင်တော့ပါ။ သူ့ကို နားလည်လာအောင် ပြော၍ ဖျောင်းဖျ၍ မရနိုင်တော့ပြီ။ စိတ်အားလျှော့ထားရမည့်အချိန် ရောက်နေပြီ။

ကျုပ်သည် စိတ်ပင်ပန်း မောပန်းစွာဖြင့် တောင်၏ ခါးဆစ်ချိုး ခုလတ်တွင် ရပ်တန့်လိုက်လေသည်။ မည်သို့ပင်ဖြစ်စေ အချိန်ကုန်ခံ၍ မဖြစ်နိုင်တော့ပြီ။ ဒွတ္တဘောင်၏ အန္တရာယ်မှာ သည်နေ့လား .... နက်ဖြန်လား ... ဖြစ်နေ၍ သူ့သဘောဆန္ဒကို အရည်ယူနေရန် အချိန်မရှိတော့။ ဆုံးဖြတ်ချက်အတိုင်း ဖွတ်ပြုလုပ်ရန် တစ်ချက်တည်းသာရှိတော့၏။ ကျုပ်သည် တောင်ခုလတ်မှ လက်ယမ်းပြလိုက်သည်။ စစ်ရေးလေ့ကျင့်သူများသည် မော့ပြီးကြည့်နေကြ၏။ အဝေးဆီတွင် ရှိသောကြောင့် သူတို့၏မျက်နှာများကို ခပ်သေးသေး ငယ်ငယ်သာ လှမ်းမြင်ရလေသည်။

သူရသည် တောင်လှေကားထစ်များမှ ခပ်ပြေးပြေးလွှားလွှား တက်လာနေသည်။ သူ့ကိုယ်ပေါ်မှ အဝတ်များမှာ ချွေးသံများဖြင့် ရွှဲနစ်နေ၏။ သူသည် သေးသေးသွယ်သွယ် ဖွံ့ဖွံ့နောင်းနောင်းကိုယ်ခန္ဓာနှင့် လူချောကလေးတစ်ယောက်ဖြစ်သည်။ သူ့မျက်နှာကလေးမှာ အစဉ်သဖြင့် ရွှင်ပြစွာ ရယ်မောနေတတ်သည်။ သူသည် အောက်ကလှေကားထစ်တွင် ရပ်တန့်လိုက်ပြီး ကျုပ်၏မျက်နှာကို မော်ကြည့်နေလိုက်သည်။ နသစ်ပျိုမျစ်သော သူ့မျက်လုံးများသည် နံနက်စောစော ဝေနေသည့် နှင်းမှုန်များထဲ၌ ထ၍ တောက်ပနေကြသည်။

"ငါ့အခုပြောတာ မင်းကို တင်ပြနေတာ၊ မင်းဆန္ဒနဲ့ကိုက်ညီအောင် ညှိနိူင်း

mgyoe.com

mgyoe.com SAMPLE BOOK



နေတာ မဟုတ်တော့ဘူး သူရ။ သျှီဝမြို့စားတစ်ယောက်အနေနဲ့ ယတိပြတ် ဆုံးဖြတ်ပြီးသားကို ချမှတ်ပြောဆိုတာ။ ဘာပြုလို့လဲဆိုတော့ တို့များဟာ ဒီနေ့လား၊ နက်ဖြန်လား သီရိခေတ္တရာသားတွေ ချေမှုန်းတာကို ခံရတော့မှာ။ ဒီတော့ ပန်ထွာကိုသွားရမယ်။ ဖြစ်နိုင်တဲ့နည်းနဲ့ ရှိတဲ့ထွက်ပေါက်ကို အသုံးပြုရမယ်'

တောက်ပနေသော သူ့မျက်လုံးများသည် ရုတ်တရက် မှိန်သွား၏။ ထို့နောက်တဖန် ပြန်၍ တောက်ပလာကြပြန်သည်။ သူသည် နောက်လှေကားတစ်ထစ် ထပ်၍တက်လိုက်သည်။ ထိုခဏ၌ သူ့မျက်နှာမှာ မဲညစ် ညှိုးမှိုင်းသွားလေသည်။

'ယတိပြတ် ဆုံးဖြတ်ပြီးသားလား အစ်ကိုတော် ....၊ ယတိပြတ် ဆုံးဖြတ်ချက် ချမှတ်ချက်ဆိုတာ ပြင်လို့ မရတော့ဘူးပေါ့။ ကျွန်တော်တော့ ဘယ်သူ့ကိုမဆို တိုက်မှာပဲ။ ကျွန်တော့်လူတစ်ယောက်က သူ့တို့လူဆယ်ယောက်ကို မကြောက်ဘူး။ အစော်ကားခံရတဲ့ လူတစ်ယောက်က သူ့ကိုယ်သူ ခုခံကာကွယ်တာနဲ့ စော်ကားတဲ့လူဆယ်ယောက် တိုက်ခိုက်တာနဲ့ အတူတူပဲ။ ဒင်းတို့ကို ကျွန်တော် အပြတ်အသတ် တိုက်ပြပါမယ်။ သွေးအိုင်တွေ ပင်လယ်ပြင်ကြီး ဖြစ်သွားရပါစေမယ်။ အဲဒါ ဘယ်သူ့လက်အောက်မှာမှ မနေချင်တဲ့စိတ်ဓာတ်။ သီရိခေတ္တရာလက်အောက်မှာ နေရတာနဲ့ ပန်ထွာနိုင်ငံရဲ့ ခြေဖဝါးတော်အောက်မှာ ပြားပြားမှောက်ရတာနဲ့ ဘာများ ထူးသေးလို့လဲ။ ဘာများ ခြားနားနေသေးလို့လဲ'

'ဒါပဲလေ ... ဆုံးဖြတ်ပြီးသားဆိုတာ အလျှော့အတင်းမရှိတော့ဘူး။ သျှီဝဟာ သူ့အင်အားနဲ့သူ ဘယ်နည်းနဲ့မှ မရပ်တည်နိုင်ဘူး သူရ'ဟု သူ့စကားကို ဝင်ရောက်ဖြတ်ပြောပစ်လိုက်သည်။ 'ငါ အခုပဲ ခရီးထွက်တော့မယ် ... ဗိသနိုးက စစ်သည် အကူအညီ ယူခဲ့မယ်။ ငါမရှိတုန်း သျှီဝကို မင်း ဦးရီးတော်နဲ့တိုင်ပင်ပြီး ကြည့်ရှုအုပ်ချုပ်ထားဖို့ လွှဲအပ်ခဲ့ရုံပဲ'

သူနှင့်ကျုပ်သည် တောင်ကုန်းထိပ် စံအိမ်ဘက်သို့ ဘေးချင်းယှဉ်၍ တက်လာနေကြသည်။ သူသည် ခေါင်းကို ငုံ့ထား၏။ တစ်ခုခုကို လေးလေးနက်နက် တွေးတောလာနေပုံရ၏။ သူ၏အသက် ဆယ့်ခြောက်နှစ် နုပျိုသော မျက်နှာကလေးမှာ အိုမင်းရင့်ရော်နေဟန် ပေါက်နေသည်။

ကျုပ်တို့ညီနောင်သည် တောင်ကုန်း၏ထိပ်တွင် ရပ်တန့်ကြလေသည်။ ကျုပ်သည် ခရီးထွက်မည့် အစီအစဉ်များကို ချက်ခြင်း စီစဉ်လိုက်လေသည်။ ခရီးအမြဲသွားတိုင်း ပါနေကျဖြစ်သည့် မြင်းကြီးအာကာ၊ ကျုပ်အမြဲသုံးသည့် နှစ်ဖက်သွား

mgyoe.com

mgyoe.com SAMPLE BOOK


ခား၊ ထို့ပြင် ဆေးပုရပိုက်ကြီးမှာ ကျုပ်၏ ခမည်းတော်လက်ထက် သမားတော်ကြီး ရေးမှတ်ခဲ့သော ပုရပိုက်ကြီး ဖြစ်လေသည်။ ထိုဆေးပုရပိုက်ကြီးဖြင့် ရုတ်တရက် တွေ့ကြုံရသော အခက်အခဲများကို အကြိမ်ကြိမ်ဖြေရှင်းခဲ့ဖူး၏။ တစ်ခါက တောကြီး မျက်မည်းထဲ၌ နောက်ပါတစ်ယောက် မြွေကိုက်ရာတွင် ကယ်တင်ခဲ့ဖူး၏။ ခရီးသွား ရင်း မြင်းကြီးအာကာ လဲကျသွားသဖြင့် ထိုဆေးပုရပိုက်ကြီးမှ ဆေးနည်းဖြင့် ကုသခဲ့ဖူး၏။ တစ်ခါက ရေနစ်၍ သေအံ့ဆဲဆဲလူမမာတစ်ဦးအား ထိုဆေးကျမ်းမှ နည်းဖြင့် ကယ်တင်ခဲ့ရဖူး၏။ ထိုအချိန်မှစ၍ ထိုဆေးကျမ်းမှာ ကျုပ်၏ ကိုယ်နှင့် မကွာ ရှိနေခဲ့ရလေသည်။ နောက်တစ်ခုမှာ ကျုပ်လက်နှင့် အစဉ်အမြဲ မကွဲမကွာရှိ နေခဲ့သော စောင်းဖြစ်လေသည်။

'ငါသွားမယ်၊ မင်း ပြောစရာရှိတာပြောပါ'ဟု ကျုပ်သည် သူ့ကို အသံ ငြိမ်ငြိမ်ဖြင့် ပြောလိုက်လေသည်။

သူသည် ကျုပ်၏မျက်နှာကို နေရောင်ခြည်ထဲ၌ လှည့်ကြည့်လိုက်လေသည်။ သူ့မျက်နှာပေါ်တွင် တစ်ခါဘူးမျှ မမြင်မတွေ့ဘူးသေးသည့် အပြုံးတစ်မျိုးကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရပေသည်။ ထိုအပြုံးမှာ သရော်သောအပြုံးဟု ခေါ်ရမလို ဖြစ်နေ၏။ သူ့နှုတ်ခမ်းထောင့်စွန်းများသည် အပေါ်သို့ကော့၍ ပင့်တက်နေကြလေ သည်။ သူ့မျက်လုံးများသည် ရုတ်တရက် မှေးမှိန်သွားပြီး အေးစက်တင်းမာသွား သည်ဟု ထင်မှတ်ရသည်။

'ကျွန်တော် ပြောဆိုနိုင်ခွင့် မရှိပါဘူး အစ်ကိုတော် ....၊ သျှိဝနယ်မြေ အားလုံးကိုရော၊ သျှိဝမှာရှိသမျှ လူတွေကိုရော၊ ကျွန်တော်တို့ကိုရော အစ်ကိုတော် ပိုင်သပါတယ်။ အစ်ကိုတော် ကြိုက်သလိုလုပ်နိုင်ပါတယ်။ ကျွန်တော်တို့မှာ ငြိမ်နေ ကြရုံပါပဲ။ လည်ပင်း စင်းပေးကြရုံပါပဲ။ သျှိဝသားတွေကို ဗိဿနိုးတွေခြေဖဝါး အောက် အရောက်ပို့ပေးတဲ့အထဲမှာ ကျွန်တော် မပါပါရစေနဲ့'

'မင်း နားမလည်နိုင်ပါဘူး၊ သျှိဝနဲ့ ပန်ထွာဟာ တစ်ရေတည်း၊ တစ်မြေ တည်း ဘယ်တုန်းကမှ ခွဲခြားထားခဲ့လို့ ရကြတာမဟုတ်ဘူး။ ဒါပေမယ့် စည်း စည်းလုံးလုံး ရှိခဲ့ကြတာ မဟုတ်ဘူး။ အခုမှ စည်းစည်းလုံးလုံး ပြန်ဖြစ်ရမှာ။ ရန်သူကို ညီညီညာညာ ပြန်တိုက်ကြရမှာ'

'ပြီးတော့ အစ်ကိုတော် ... သျှိဝဟာ ဘယ်တုန်းကမှ ဘယ်နိုင်ငံရဲ့ လက်အောက်ခံမှ မဖြစ်ခဲ့ရဖူးဘူး။ အခုမှ ပန်ထွာကို အခွန်ပဏ္ဏာတော် ဆက်သရမှာ၊

mgyoe.com

mgyoe.com

SAMPLE BOOK


အခုမှ ပန်ထွာက စစ်တပ်ကြီးတွေရောက်လာပြီး သျှီဝသားတွေရဲ့ ကျောပြင်ပေါ် မယ် တက်နင်းထားကြမှာ၊ အခုမှ သျှီဝသားတွေဟာ ပန်ထွာသားတွေရဲ့ ကျွန်တွေ ဖြစ်ကြရမှာ'

'တော်တော့'ဟု ကျုပ်၏ ဒေါသပေါက်ကွဲ အော်ဟစ်လိုက်သံသည် တောင် ထိပ်ပေါ်၌ မြည်ဟိန်းသွားလေသည်။ သူသည် ခေါင်းကို ငုံ့လိုက်၏။ သို့သော် သူ့ မျက်နှာပေါ်မှ သရော်ရိပ်လွှမ်းနေသော အပြုံးမှာမူ ထင်ဟပ်နေဆဲဖြစ်သည်။ အိမ် တော်မှူထမ်း တစ်ဦးက ခရီးထွက်ရန် အသင့်ပြင်ပြီးကြောင်း လာပြောသည်။ ဆံပင် များ ဖြူဆွတ်စပြုနေပြီဖြစ်သော ဦးရီးတော်က ကျုပ်အား နောက်လိုက်နောက်ပါ မပါဘဲ ခရီးမထွက်သင့်ကြောင်း ပြောနေသည်။ ခုအခါတွင် လူတစ်ယောက်လျော့ သွားခြင်းမှာ သျှီဝအတွက် အင်အားတစ်စ ဆုတ်ယုတ်သွားခြင်းပင် ဖြစ်သဖြင့် ကျုပ်သည် ဦးရီးတော်အား မလိုအပ်ကြောင်း တိုတိုပြတ်ပြတ် ပြောလိုက်လေသည်။

'မင်းပြောတဲ့အတိုင်း ဖြစ်လာတဲ့နေ့မှာ အစ်ကိုတော်နဲ့ စပြီး ပဋိပက္ခဖြစ်ရ မယ် ညီငယ်'ဟု ကျုပ်သည် သူ့ပခုံးကို ခပ်သာသာကိုင်လှုပ်ပြီး ပြောလိုက်လေ သည်။ ထိုနေရာ၌ စိတ်လေးလံ မှိုင်းတွဲ့စွာဖြင့် ခဏမျှ ရပ်တန့်ငေးမောနေမိသည်။ သို့သော် ကျုပ်၏ ဆုံးဖြတ်ချက်သည် အမှန်ကန်ဆုံး၊ အတိကျဆုံးဖြစ်၏။ တစ်နေ့ တွင် ညီငယ် နားလည်လာပါလိမ့်မည်ဟု တွေးယူလျက် ထိုနေရာမှ လှည့်ထွက်လိုက် လေသည်။

သျှီဝမြို့မှ ထွက်လာပြီးသည့်နောက်တွင်လည်း စိတ်ထဲ၌ ထိုင်းမှိုင်းလေးလံ နေဆဲဖြစ်သည်။

သစ်စထွန်းစ နေခြည်အောက်တွင် နှင်းမြူဝိုင်းနေသော လှပသည့်သျှီဝ မြို့တော်သည် အဝေးဆီတွင် ကျန်ရစ်ခဲ့ပြီး တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ် သွားလေသည်။

ထိုနေ့သည် သာသနာသက္ကရာဇ် ၁၀၂ ခု၏ ဆောင်းနေ့တစ်နေ့ ဖြစ်ပေ သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK


(၂)

ဘုရင်မအား ပထမဆုံးအကြိမ် တွေ့ဆုံဖူးမြော်ရသောနေ့မှာ ယခုမှပြန်၍ တွေးလျှင် မနေ့တစ်နေ့ကဟု ထင်မှတ်နေရသော်လည်း စစ်စစ် ၆ နှစ်ကျော်မြောက်၍ ၇ နှစ်အတွင်းသို့ ရောက်ခဲ့လေပြီ။

ဗိဿနိုးကို ရပယ်ချောင်းသည် လအကွေးလို ဝိုင်းရစ်ထား၏။ တိုင်ဝက်သာသာ ကျယ်ပြန့်သော ချောင်းပြင်ကျယ်ကြီးမှာ ကြည့်မျှော်၍မဆုံးဘဲ သဲကန္တာရတစ်ခုလို စိတ်၌ ထင်မှတ်စဖွယ်ဖြစ်လေသည်။ ချောင်းကို ရေများသည် ပြည့်အောင် မလာနိုင်ဘဲ ချောင်းထဲ၌ပင် ချောင်းငယ်ကလေးများအဖြစ် ရေစပ်စပ်မျှသာ စီးနေနိုင်လေသည်။ စိမ်းညို့သော၊ ပြာမှိုင်းသော သစ်ပင် အစုအအုပ်ကလေးများသည် နေရာအနှံ့အပြားတွင် ချောင်းပြင်ထက်၌ ပေါက်ရောက်နေသည်။ မြင်းကြီးအာကာသည် ရေစပ်စပ်ထဲ၌ နှုတ်သီးနှစ်ပြီး အပန်းဖြေသောက်နေသည်။ သူ၏ ကြွားရရွှားနိုင်သော လည်ဆံမွေးများသည် အထက်သို့ဖွာပြီး ပျံတက်နေကြသည်။ ကျယ်ပြန့်သော ရပယ်ချောင်း၏ အထက်ဘက်ဆီ၌ တောင်တန်းညိုကြီးနှင့် မှိုင်းပြာနေသော သစ်တောကြီးကို ခပ်ရေးရေးလှမ်းမျှော် မြင်ရသည်။

တောင်တန်းကြီး၌ မိုးရွာလျှင် ဤချောင်းသို့ ရေများ အလျှံပယ်ကျလာမည်။ ချောင်းမှာ တောင်တန်းမှ ရေတံလျှောက်တစ်ခုလို နိမ့်လျှောကြီး ဆင်းလာခဲ့သည်။ အကယ်၍ ရေများ ကမ်းပြည့်ကမ်းလျှံသာ ကျခဲ့လျှင် ချောင်းရေများမှာ ဆင်အုပ်ကြီးပေါင်းများစွာ ဖြတ်ပြေးလာသကဲ့သို့ လှိုင်းလုံးကြီးများ ဆူညံစွာ

mgyoe.com

mgyoe.com
SAMPLE BOOK


အော်ဟစ်ပြီး ကျဆင်းလာမည်။ အရာရာကို ဖျက်ဆီးဝါးမြိုပစ်လိမ့်မည်။

ရှေ့တွင် ... ရပယ်၏ နဖူးပေါ်တွင်ရှိသော ဗိသနိုးမြို့ရိုးကြီးများကို လှမ်းမြင်နေရလေသည်။ ချောင်းမှအတက် ကမ်းပါးယံကို ဖြိုခွဲထားသော ဗိသနိုး မြို့တော်အဝင်လမ်းသည် ညီညာပြေပြစ်သော အတက်လမ်းဖြစ်သည်။ အာကာသည် အတက်လမ်းမှ ခပ်ဖြည်းဖြည်း တက်ရောက်သွား၏။

တံခါးဝတွင် တံခါးမှူးသည် ကျုပ်ကို ရပ်တန့်စေ၍ စစ်ဆေးသည်။ ကျုပ်က သျှိဝမြို့စားဖြစ်ကြောင်း၊ ဘုရင်မင်းမြတ်ကြီးအား အရေးကြီးလှသောကိစ္စကြောင့် ဖူးမြော်ရန် လာရောက်ကြောင်း ပြောသောအခါ သူသည် အစောင့်တစ်ယောက်အား မြင်းနှင့် အပြေးအလွှား လွှတ်လိုက်လေသည်။ ထို့နောက် အချိန်အတန်ကြာမှ အစောင့်သည် မြင်းနှင့် မြို့ထဲဘက်မှ ပြန်၍ စိုင်းလာခဲ့သည်။ ထိုအစောင့်က ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။

ဗိသနိုးသည် မိမိအတွက် အစိမ်းသက်သက်မြို့တစ်မြို့ ဖြစ်နေသဖြင့် ကျုပ်သည် အရာရာတိုင်းကို ငေးမောကြည့်ရှု လာခဲ့မိလေသည်။ ဆင်တပ်၊ မြင်းတပ်၊ ဗြဲတိုက်တော်၊ ဗိသနိုး၏ အဆောက်အဦများသည် များသောအားဖြင့် မြေအုတ်တို့ဖြင့် ရဲရဲတောက်ပလျက် ရှိသည်။ မြို့အတွင်း ရှုပ်ထွေးလှသော လမ်းသေးလမ်းမွှာများ ကို ဖြတ်သန်းလာခဲ့ပြီးနောက် နန်းတော်ဝင်းမြို့ရိုးကို တစ်ဆင့် လှမ်းမျှော်မြင်ရသည်။ မြင်းများသည် သဲဖြူများခင်းထားသည့် လမ်းမကြီးပေါ်မှ ဦးခေါင်းများ ကြွားရရွား ဝင့်လျက် ရှေ့သို့ ခပ်နှေးနှေး တိုးသွားနေကြသည်။ အာကာသည်လည်း အရာရာကို မှတ်သားနေသလို နှာခေါင်းဖြင့် မော့၍ ရှူလျက်ရှိသည်။

နန်းတော်ဝင်းစောင့်များသည် ကျုပ်တို့အား ရပ်တန့်၍စစ်ဆေးလိုက်ကြ ပြန်သည်။ ထိုနေရာ၌ ကျုပ်ထံမှ ဓားနှင့်မြင်းကို သိမ်းလိုက်ကြ၏။ သူတို့သည် ဆေးပုရပိုက်ကြီးနှင့် စောင်းကိုမူ ကိုင်ဆောင်သွားခွင့် ပြုကြလေသည်။ ထိုနေရာ၌ မြို့စောင့်သည် သူ့မြင်းကို ပြန်လှည့်ပြီး မောင်းနှင်သွားလေသည်။ သူသည် ကျုပ် အား ဦးညွတ်လျက် အရိုအသေပေးပြီး ပြုံးပြနှုတ်ဆက်သွားသည်။

'သျှိဝမြို့စားလား'ဟု အစောင့်တစ်ယောက်က ကျုပ်အား မေးလေသည်။ သူက သူ့နောက်လိုက်ခဲ့ရန် ပြောသည်။ သူ့နောက်မှတစ်ဆင့် ငြိမ်သက်စွာ လိုက် သွားရလေသည်။ လိုက်ပို့သူသည် စံနန်းတော်ဘက်သို့ ခေါ်ဆောင်သွား၏။ စံနန်းတော် ၏သီးသန့်ဝင်းဝတွင် သူသည် စံနန်းတော်စောင့် အမှူးတော်ကြီးကို အကျိုးအကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK



ပြောပြပြီး ပြန်လှည့်သွားသည်။

အမှူးတော်ကြီးသည် ကျုပ်အား တစ်ဆင့် စစ်ဆေးပြီး လုံလောက်သော အထောက်အထားများအရ အပျိုတော်တစ်ဦးမှတစ်ဆင့်၊ အထိန်းတော်ကြီးမှတစ်ဆင့် ဘုရင်မထံသို့ လျှောက်တင်ခိုင်းလိုက်လေသည်။

ထိုနေရာ၌ စောင့်နေစဉ်တွင် ကျုပ်သည် စိတ်လှုပ်ရှားလျက် ငေးမောနေ၏။ ဘုရင်မက ကျုပ်အား စံနန်းတော်ဝင်းအတွင်း ဝင်ခွင့်ပြုတော်မူမည် မဟုတ်ဘဲ မနက်ဖြန် ညီလာခံအချိန်အထိ စောင့်ဆိုင်းထားရန်သာ အကြောင်းရှိသည်ဟု အစောင့်ဝင်းတော်မှူးကလည်း ထင်နေသည်။ အမှန်ပင် ဝင်ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ အကြောင်းသည် ရေးရေးဝါးဝါးမျှသာ ရှိလေသည်။

ဘုရင်မ၏ စံနန်းတော်ဝင်းအတွင်းသို့ မည်သည့်ယောက်ျားသားမျှ၊ မည်သည့်အချိန်အခါမျှ မည်မျှအရေးကြီးကြီး ဝင်ခွင့်ပြုသည် မဟုတ်။ သို့သော် အရေးကြီးလှသော တိုင်းရေးပြည်ရေးကိစ္စ ဖြစ်သဖြင့် ယခုချက်ခြင်းဝင်၍ တွေ့ခွင့်ပေးမှဖြစ်မည်ဟု ကျုပ်က လျှောက်တင်ခိုင်းထား၏။ ယခုအခါတွင် အချိန်အနည်းငယ် ဖင့်နှေးဆိုင်းတွနေခြင်းသည် အန္တရာယ်ကို မခုခံနိုင်ဘဲ စောင့်ကြိုနေခြင်း ဖြစ်နေပေသည်။

မကြာမီ ဝင်းဝ၌ အပျိုတော်ဟုထင်ရသော ယဉ်ကျေးသိမ်မွေ့သည့် နန်းတွင်းသူတစ်ဦး လာ၍ ရပ်လိုက်လေသည်။ သူ့ကိုယ်ပေါ်မှ အဝတ်များမှာ မတောက်ပဘဲ ရိုးရိုးယဉ်ယဉ်၊ သိမ်သိမ်မွေ့မွေ့ဖြစ်သည်။ သူ၏လှုပ်ရှားမှုတို့သည် ညင်သာညက်ညောပြီး နူးညံ့လေသည်။ သို့သော် ခန့်ညားမှုများသည် သူ့မျက်နှာ၊ မျက်လုံး၊ နဖူးခင်းများအပေါ်တွင် ပေါ်လွင်နေသည်။ သူသည် ဝင်းတော်မှူးအား စကားတိုးတိုးပြောလေသည်။ ကျုပ်သည် ဝင်းဝဘက်သို့ လှမ်းထွက်သွား၏။

ထို့နောက် အရိုအသေပေးပြီး 'ဝင်ခွင့်ပြုတော်မူပြီလား'ဟု ယဉ်ကျေးစွာ တိုးတိုးသက်သက် မေးလိုက်လေသည်။

သူသည် ခေါင်းကို ခပ်သာသာညိတ်လိုက်၏။ ထို့နောက် ပြန်လှည့်ပြီး နန်းတော်ဝင်းအတွင်း ကြွရှုစွာခင်းထားသည့် မြက်ဖျာများပေါ်တွင် ခပ်နှေးနှေးနင်းလျှောက်သွားလေသည်။

ကျုပ်သည် ဝင်းအတွင်းသို့ ဝင်လိုက်၏။ အကွက်စေ့စေ့လှပစွာ ခင်းထားသည့် မြက်ဖျာများနှင့် ခြေထောက် တွေ့ထိသောအခါ ခြေထောက်များသည် နူးညံ့မှုများကို တွေ့နေရ၏။ ဝင်းတော်စောင့်များ အံ့အားသင့် ကျန်နေရစ်ခဲ့ကြလျက်

mgyoe.com

mgyoe.com
SAMPLE BOOK


ကျုပ် ကိုယ်တိုင်မှာလည်း ရင်တထိတ်ထိတ်ခုန်နေသည်။

မြက်ဖျာများသည် ခြေကို ခွပေးနေ၏။ မြက်ဖျာများ၏ အနားရေးသား ထားသော ရွှေလွှာပါးပါးအပေါ်တွင် ညနေ နေခြည်များ ဖြာကျသောအခါ အရောင် တဖိတ်ဖိတ်လက်နေသည်။ လမ်းနှစ်ဖက်ရှိ ပတ္တမြားပန်းများသည် ရဲရဲတောက် အနီရောင်များ ဖိတ်စင်လျက်၊ ခပ်ဝေးဝေး စံနန်းတော်ရှေ့ရှိ ပန်းရုံများသည် လေ တိုက်ခတ်နေသဖြင့် ယိမ်းနွဲ့နေကြပြီး အမွှေးရနံ့များ သင်းပျံ့နေသည်။ မြင်ရသမျှ အရာဝတ္ထုတို့သည် အရှင်ဘုရင်မကြီး၏ အရှိန်အဝါတို့ကို လှစ်ဟဖွင့်ဆိုနေကြသည်။ အရာရာတိုင်းသည် ပြောင်လက်တောက်ပနေကြပြီး စိတ်တို့ကို ညှို့ယူဖမ်းစားထား သည်။ ရွှေချထားသော ကနုတ်ပန်းများ၊ ထည်ဝါခမ်းနားလှသော ပစ္စည်းများ၊ ကြီးကျယ်ခမ်းနားလှသော စံနန်းတော် .... ထိုသည်တို့က ကျုပ်အား ရင်ခုန်စေ သလား။

တိုင်းရေးပြည်ရာအတွက် အရေးကြီးလှသော အစိတ်အပိုင်းသို့ ဆိုက်ရောက် နေချိန်ဖြစ်နေ၍ ရင်ခုန်နေခြင်းလား။

သို့သော် အချက်အလက်တို့ကို လွှမ်းမိုးချုပ်ကိုင်ထားသော အရာ အကြောင်း အချက်တစ်ခုသည် ထိုအချိန်၌ မိမိ၏ စိတ်နှလုံးသားထဲ၌ ထင်လင်းစွာ ပေါ်ပေါက်နေ သည်။ ဘုရင်မကြီး၏ အလှသတင်း ဖြစ်လေသည်။ အလှသတင်းသည် နိုင်ငံတစ်ဝှမ်း နေရာတကာ၌ ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည်။ သူတို့ တိုးချဲ့ပြီးဖွဲ့ဆိုကြ ခြင်းလည်း ဖြစ်နိုင်၏။ ထိုအလှဘုရင်မတစ်ပါးနှင့် တွေ့ဆုံရတော့မည်ဟူသော အသိစိတ်သည် ကျုပ်ကို ရင်ခုန်နေစေသည်။

နန်းတွင်းသူသည် လက်ဝဲဘက်သို့ ချိုးကွေ့လိုက်လေသည်။ ထိုနေရာမှာ ချစ်စဖွယ်ကောင်းသော ပန်းရုံကြား လမ်းကလေးဖြစ်လေသည်။ ပန်းရုံများသည် လမ်းကလေးပေါ်သို့ ညွတ်ကွေးကျနေကြ၏။ မျက်လုံးကို ဝေ့ကြည့်လိုက်လျှင် စံနန်းတော်၏ ဘေးတစောင်းမှ ဖြတ်လျက် ဘုရင်မကန်တော်နှင့် ဘုရားသုံးဆူကို လှမ်း၍ ဖူးမြော်နိုင်သည်။ တစ်နေရာတွင် နန်းတွင်းသူသည် ကျုပ်၏ရှေ့နားတွင် ရပ်တန့်လိုက်သည်။ ထိုနေရာမှာ တစ်ပင်လုံး ရွှေပွင့်များ ပွင့်နေသလားထင်ရအောင် ဝါထိန်စွာပွင့်နေသော နန်းလုံးကြိုင် ပန်းပင်အောက်တွင် ဖြစ်သည်။ ညနေဆည်းဆာ နေခြည်လျှံများသည် လှသော ပန်းပွင့်များအပေါ်၌ ဖြာကျနေပြီး ပို၍ တောက်ပနေ သည်။ နန်းလုံးကြိုင်၏ရနံ့နှင့် ပန်းပေါင်းစုံ၏ မွှေးပျံ့သောရနံ့သည် ကျုပ်၏ တစ်

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်လုံးကို ရစ်ပိုက်တွေးလျှက် ရှိလေသည်။ ရှေ့၌ နန်းလုံးကြိုင်ပင်အောက်တွင် ရွှေကနုတ်များ ဖောက်ထားသော ကျောက်စောင်းသလွန်တော်တစ်ခု ရှိသည်။

'စံနန်းတော်ထဲ ဘယ်သူမှ ဝင်ခွင့်ပေးတာမဟုတ်ဘူး။ ခဏနေတော့ အရှင်ကြွလာတော်မူမယ်။ ဒီက အရိုအသေပေး နေခဲ့ပါ'ဟု နန်းတွင်းသူသည် အသံမှန်မှန်နှင့် တိုးတိုးသက်သက် ပြောသည်။

သူသည် လှည့်ထွက်သွားရန် ခြေလှမ်းကိုပြင်လိုက်ပြီးမှ ပြန်၍ လှည့်ကြည့်လိုက်ရင်း 'ပြီးတော့ ဘုရင်မမျက်နှာတော်ကို မဖူးမြော်မိဖို့ သတိထားပါ'ဟု ပြောလိုက်ပြန်သည်။ နောက်ဆုံးစကားသံမှာ ရင်းနှီးခင်မင်ဟန် ပါနေသလို ထင်မှတ်ရသည်။

ကျုပ်သည် သလွန်ရှေ့တွင် ဒူးထောက်ချပြီး ဦးခေါင်းငုံ့ အရိုအသေပြုထားလိုက်လေသည်။ ထိုအချိန်၌ နန်းတွင်းသူပြောခဲ့သော သတိပေးခဲ့သော စကားသံကို ပြန်၍ ကြားနေသည်။ သူ့စကားမှာ တစ်စွန်းတစ်စအားဖြင့် တစ်ခုခုကို ထိပ်ငြိလျှက်ရှိသည်ဟု စိတ်ထဲ၌ မှတ်ထင်လာသည်။ ထိုစကားမှာ သူတို့ပြည် ဥပဒေတစ်ခု ဖြစ်နေမလားဟုလည်း တွေးတောနေမိပြန်သည်။ ဘုရင်မကို မော်ဖူးမြော်ခွင့် မရှိ၊ မော်၍ ဖူးမြော်မိလျှင် သေဒဏ်ဟု ဥပဒေသ ပြဋ္ဌာန်းထားသလော။

ကျုပ်သည် ခေး၌ချထားသော စောင်းကြိုးများကို ငုံ့ကြည့်နေရင်း ဘုရင်မကို ဖူးမြော်လိုက်လျှင် မည်သို့ဖြစ်နိုင်သနည်းကို သိချင်စိတ် ဆန္ဒများ ပေါ်လာနေသည်။ ကလေးကလားနိုင်သော ထိုဆန္ဒတို့သည် မိမိ၏ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေတော့မည်ကို ထိုအချိန်က မသိရှိနိုင်ခဲ့သေး။ ဘုရင်မအား ဖူးမြော်၍ ရနိုင်သော အခွင့်အရေး သာလာလျှင် ဖူးမြော်ပစ်လိုက်မည်ဟု ဆုံးဖြတ်နေမိ၏။ ဖူးမြော်နိုင်ရန် အခွင့်အရေးရရှိရန်လည်း နည်းလမ်းထွင်ကြံဆမည်ဟု တွေးနေမိသည်။

မကြာမီတွင် နောက်ဖက်မှ ပုဝါ ဒရွတ်ဆွဲရွေ့လျားသံကို နားထဲတွင် ကြားလိုက်ရသည်။ မြက်ခင်းပြင်ပေါ်သို့ ဘုရင်မ၏ ခြေချလာသံမှာ ညင်သာတိုးရှလွန်းလေသည်။ ထမိတော်၏ အနားတွင် တွဲဆက်ချည်နှောင်ထားသော ရွှေအပ်တို့သည် တစ်ခုနှင့်တစ်ခု ပွတ်ကြိတ်မိပြီး တိုးသက်လွန်းသော ခြုံသံလွင်လွင်ကလေးများ ထွက်ပေါ်နေသည်။ မြက်ဖျားများအပေါ် ခြေဖြင့်ပွတ်တိုက်မိသံသည် ကျုပ်၏ စိတ်နှလုံးအာရုံများကို နှိုးဆွပေးနေသည်နှင့် တူနေသည်။ ခြေကျသံကို 'စောင်းညှင်းသံ အလား၊ ထင်မှတ်မှား'ဟု ကျုပ်သည် စိတ်ထဲ၌ ဖွဲ့ဆိုနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထို့နောက် အမွှေးရနံ့တစ်မျိုး သင်းပျံ့လာသည်။ ယင်းရနံ့မှာ ရင်ခုန်လှိုက်ဖိုမောစဖွယ် ဖြစ်လေသည်။ ကတိုး၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသော စသော အမွှေးရနံ့အပေါင်းတွင် မည်သည့်ရနံ့နှင့်မျှ မတူသော ရနံ့၊ မည်သည့် ရနံ့နှင့်မျှ မနီးစပ်။ ကြာပဒုံ၏ရနံ့နှင့်လည်း မစပ်ဆိုင်၊ ယင်းရနံ့သည် ရွှေခြေကျင်းချင်းရိုက်ခတ်သံ နီးကပ်လာလေလေ ပို၍ သင်းမြလာလေလေ။ သို့သော် ထင်ထင်ရှားရှား၊ ထင်းထင်းလင်းလင်းကြီးလည်း မဟုတ်။ မထင်မရှားမျှသာ ဖြစ်၏။ ထိုရနံ့သည် တစ်ကိုယ်လုံးအား ရစ်ပတ်နှောင်ဖွဲ့ထား၍ ကျုပ်သည် ငြိမ်သက်လျက် စိတ်နှလုံးထဲ၌ မွှန်းကျပ်နေသည်။ အသက်ပင် ရှူ၍စရာမရှိ။

ထိုအချိန်၌ ဆရာကြီး ကာလီဒါသ၏ စကားတစ်ခုကို အမှတ်တရ တသနေမိသည်။ 'လှပလွန်းသော မိန်းမများ၏ ကိုယ်ရနံ့မှာ မွှေးပျံ့တတ်ပေသည်'ဟု စိတ်ထဲမှ ပြန်၍ ရွတ်ဆိုနေမိသည်။ ဆရာကြီး၏ အယူအဆမှာ မိန်းမတစ်ဦး၏ အလှသည် ၎င်း၏အသားမစားသော အမူအကျင့်ပေါ်တွင် တည်သည်။ အသားမစားသူ၏ ကိုယ်ရနံ့မှာ မွှေးပျံ့ပေသည်ဟူ၍ ဆိုလို၏။

'ပန်ထွာမင်းသမီးဟာ သက်တော်လေးဆယ်ပေမယ့် သက်တော်နှစ်ဆယ်လောက်လို့ ထင်ရတယ်။ ဘုရင်မရဲ့အလှကို ဖွဲ့လို့ဆုံးနိုင်မှာမဟုတ်ဘူး'ဟူသည့် စကားများကို ပြန်၍ ကြားယောင်နေမိသည်။

ကျုပ်၏နံဘေးမှ ဘုရင်မ ဖြတ်သန်း ကြွလှမ်းသွားသည်။ ရှေ့တွင် မြေပေါ် ရှပ်တိုက်နေသော ဘုရင်မ၏ ထမီတော်အနားစမှ ရွှေအပ်မျှင်ကလေးများသည် ဆည်းဆာနေခြည်၌ တဖိတ်ဖိတ်လက်နေသည်။ ခြေဖဝါးအပေါ် အုပ်နေသည့် ထမီစကို ဖေါက်၍ ခြေဖမိုးမို့မို့များကို မြင်နေရသည်ဟု ထင်သည်။ ခြေဖမိုးမို့မို့တို့သည် နူးညံ့သက်လွန်းနေမည်ဟု ထင်မှတ်ရသည်။ ထို့နောက် အရှင်သည် ကျောက်စောင်းထက်၌ ဖြည်းညင်းညံ့သက်စွာ ထိုင်တော်မူလိုက်လေသည်။

'သျှိဝမြို့စားလေး ...'ဟု ဘုရင်မထံမှ တိုးတိုးသက်သက် မိန့်မြွက်တော်မူသံသည် ပထမဆုံး ပေါ်လာ၏။

'ကဲ ... လာရတဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ လျှောက်တင်ပေတော့ မြို့စားလေးရေ ...'

စိတ်နှလုံးထဲ၌ ရုတ်တရက် လှုပ်ရှားသွားမှု အတိုင်းအတာကို ကျုပ် မဖော်ပြနိုင်တော့။ အရှင်မ၏အသံသည် မိုးကောင်းကင်ထက်မှ သာယာငြိမ့်ညောင်းစွာထွက်

mgyoe.com

mgyoe.com SAMPLE BOOK


ပေါ်လာသည်ဟု ထင်မှတ်ရသည်။ အရှင်သည် ရာဇဂုဏ်၊ ရာဇမာန်၊ မာနတို့ ပြည့်လျှမ်းစွာ မိန့်မြွက်တော်မူမည်ဟု ထင်ခဲ့ မှတ်ခဲ့၏။ ထိုအထင်တို့မှာ ယခုကြားရသော အသံတော်နှင့်မူ များစွာ ကွာခြားနေတော့သည်။ ယခု အသံတွင် ရင်းရင်းနှီးနှီးပြောဆိုသံ ပါနေသည်မှာ အံ့အားသင့်စဖွယ် ဖြစ်သည်။

ထိုအချိန်တိုကလေးအတွင်းတွင် ကျုပ်၏ခေါင်းထဲ၌ အကြံတစ်ခုသည် ဖျတ်ကနဲ ပေါ်ပေါက်သွားလေသည်။ ဓားဖြင့် တိုက်ပွဲအကြိမ်ကြိမ်ဝင်သော ဓားသမားတစ်ဦး၏ ခေါင်းထဲ၌ ထိုကဲ့သို့ ရုတ်တရက် လျှင်မြန်သောအကြံတစ်ခုခု ဖျတ်ကနဲ ပေါ်တတ်လေသည်။ ကျုပ်သည် သျှီဝနယ်၌ နာမည်ထင်ရှားသော ဓားသမားတစ်ဦး ဖြစ်သည်။

'သျှီဝကို သိရိခေတ္တရာက ဆင့်ဆိုတဲ့ စာချွန် ဆက်သခွင့်ပြုတော်မူပါ အရှင် ....။ သျှီဝဟာ ဗိသနိုးနဲ့ ခွဲခြား သီးသန့်ထားမရတဲ့ နယ်မြေဖြစ်ပါတယ်။ သျှီဝက အခွန်တော်ဆက်သရမယ်လို့ ဘုရင်ဒွတ္တဘောင် အမိန့်စာချွန်က ဆိုပါတယ်'

မိမိ၏အသံမှာ တုန်လှုပ်မှုများ ထိန်းထားသော်လည်း တစ်စွန်းတစ်စပါနေသည်။ စာချွန်တော် ဆက်သရစဉ်၌ ခေါင်းကိုငုံ့ထားသည်။ သို့သော် ခဏမျှဆိုင်းထားပြီး ဘုရင်မ အမိန့်တော်စာချွန်ကို ဖတ်နေချိန်တွင် ကျုပ်သည် မျက်လုံးကို မသိမသာဖွင့်ကာ ခေါင်းကို မသိမသာမော့လိုက်လျက် ဖူးမြော်လိုက်လေသည်။

ထိုခဏတွင် အရှင်သည် မျက်နှာတော်ပေါ်တွင် လွှမ်းခြုံထားသည့် ပုဝါကို ဖွင့်လှစ်ပြီး စာချွန်တော်ကို ဖတ်နေသည်။ ကျုပ်၏ စိတ်နှလုံးတို့မှာ တစ်နေရာ၌ အသေစွဲမြဲသွားလေသည်။ ဘုရင်မ၏အလှသည် ကျုပ်၏ စိတ်နှလုံးများကို ဆွဲ၍ ချုပ်နှောင်ထားလိုက်ကြသည်။ ရင်ထဲတွင် ပြင်းထန်စွာ လှုပ်ရှားနေပြီး ကျုပ်သည် သတိလစ် မေ့မြောလုမတတ် ဖြစ်နေသည်။

ဘယ်မျှ လှပပါသနည်း။

ဘယ်မျှ လှပပါသနည်း။

အရှင်၏အလှကို တင်စားနှိုင်းချိန်ရန်သည် တစ်ခုတည်းသာရှိ၏။ ကြေးမုံပြင်ပေါ်တွင် ထင်နေမည့် အရှင်မကိုယ်တော်တိုင်၏ အရိပ်သည်သာလျှင် အရှင်မ၏ အလှနှင့် နှိုင်းချိန်အပ်ပေသည်။ အခြား နှိုင်းချိန်ရန် မရှိ။ အရှင်၏အလှတို့ကို ဖွဲ့ဆိုရန် စကားလုံးမရှိ။ အရှင်၏အလှတို့ကို ရေးခြယ်ရန် စုတ်မရှိ။ ညနေချမ်း နေခြည်များသည် အရှင်မ၏အသားတို့ကို ထွင်းဖောက်နေသလား။ မျက်ခုံးတော်အလှ၊

mgyoe.com

mgyoe.com
SAMPLE BOOK


မျက်လုံးတော်အလှ၊ အသားတော်အလှ ထိုအလှပေါင်းစုံကို ညွှန်းဆိုစံနှိုင်းရန် မရှိ။

'သိပ်လှတာပဲလေ ...'ဟူ၍သာ ကျုပ်၏နှလုံးသားများက မြည်ကြွေး တမ်းတနေသည်။ မျက်တောင်ခတ်ချိန် မရ၊ အသက်ရှူချိန် မရ၊ ငေးမောနေမိ၏။ ကြောက်ရွံ့စိုးရိမ်စိတ်သည်လည်း မရှိ၊ အသိဉာဏ်ဟူသမျှသည်လည်း ကျုပ်၏ ကိုယ်မှ စွန့်ပြေး ပျောက်ကွယ်နေကြလေသည်။

ရင်ခုန်နေသည်။ စိတ်မှာပြင်းစွာ လှုပ်ရှားလွန်းနေသည်။

သို့သော် ကျုပ်၏ စိတ်နှလုံးထဲ၌ ဖောက်ပြန်တပ်မက်စိတ်၏ အငွေ့အရောင် ကလေး မြူမျှပင် မထင်ပေ။ ကြည်ညိုမေတ္တာတရားများသည် ရင်ထဲ၌ တငွေ့ငွေ့ ဝင်ရောက်နေသည်။ နှလုံးသားထဲ၌ ဝင်ရောက်စွဲထင်နေသည်။

ပထမရည်ရွယ်ချက်မှာ လှစ်ကနဲကြည့်ရုံမျှသာဖြစ်သည်ကို ကျုပ်သည် ရုတ်တရက် သတိဝင်လာ၏။ သို့သော် မျက်လုံးများကို ရုတ်တရက် မှိတ်ပစ်၍မရ၊ ခေါင်းကို ရုတ်တရက် ငုံ့ပစ်၍မရ ဖြစ်နေသည်။ ဘုရင်မသည် စာချွန်တော်ကို ဖတ်ပြီးလျှင် ကျုပ်ဘက်သို့ ငုံ့ကြည့်တော်မူလိမ့်မည်။ နန်းတွင်းသူ၏ စကားများ နောက်ကွယ်မှ တိမ်မြုပ်နေသော အဓိပ္ပာယ်တို့ကို ထိုအချိန်၌ တွေးနေမိသည်။ နန်းတွင်းသူက 'ဘုရင်မ မျက်နှာတော်ကို ဖူးမြော်မိရင် ဘုရင်မမျက်နှာတော်မှ တစ်ပါး လောကတစ်ဝှမ်းလုံးကို မေ့လျော့နေလိမ့်မယ်'ဟု ပြောဆိုသွားခြင်းဖြစ်လိမ့် မည်။

ကျုပ်သည် ခေါင်းကို ဖွတ်ငုံ့စိုက်လိုက်ရလေသည်။ ရင်ထဲ၌ တင်းကျပ်စွာ ချည်နှောင်ထားလေသမျှတို့ကို ရုတ်တရက် ရှန်းလိုက်သဖြင့် ပြတ်ထွက်ကုန်ကြ လေပြီဟု ထင်မှတ်ရသည်။ အချိန်မီကလေးမျှသာ ဖြစ်နေပြီး၊ ကျုပ် ခေါင်းငုံ့၍ ဣန္ဒြေမရနိုင်သေးမီတွင်ပင် ဘုရင်မသည် စာချွန်တော် ဖတ်ကြားပြီးဆုံးသွားလေ သည်။

'ဒီအတိုင်း ဖြစ်ရလိမ့်မယ်လို့ ကျွန်ုပ် စောစောပိုင်းကတည်းက တွေးတော ထားပြီးသားပဲ မြို့စားလေး။ ဒါကြောင့် လူယောကျ်ားများ ဝင်ရောက်ခွင့်မပြုတဲ့ စံနန်းတော်ထဲကို မြို့စားလေးခေါ်ပြီး နားလေးဘက်ကြား တိုင်ပင်ရပေတာပဲ'

ကျုပ်သည် စိတ်ကို ပြန်၍ငြိမ်သက်သွားရန် ထိန်းသိမ်းချုပ်တည်းနေ၏။ ထို့နောက်မှ အနည်ထိုင်ပြီး တဖြည်းဖြည်း ဣန္ဒြေရငြိမ်သက်လာလေသည်။ ကျုပ် က အသံတိုးတိုးဖြင့် ငမင်း၊ စစ်တား၊ ဗိဿနိုးနှင့် သျှိဝတို့ကို ပေါင်းစပ်မိလျှင်

mgyoe.com

mgyoe.com SAMPLE BOOK



သီရိခေတ္တရာရန်မှ တွန်းလှန်ဖြိုဖျက်နိုင်ကြောင်း …၊ ပန်ထွာနိုင်ငံတော်အတွင်းမှ မြို့ငယ်တစ်မြို့အဖြစ် သျှိဝကို သတ်မှတ်ပါရန် အပ်နှင်းကြောင်း လျှောက်ထားနေသည်။

'လောလောဆယ်ဆယ် ဘာကို အလိုရှိသလဲ မြို့စားလေး …'

'စစ်သည်အင်အားပါ အရှင်'

'ဘယ်လောက်များလဲ'

'အရှင်မင်းမြတ်ကိုယ်တော်တိုင် ချင့်ချိန်တော်မူပါ'

ဘုရင်မသည် ခေတ္တမျှ ငြိမ်သက်နေ၏။ ကျူပ်၏ရှေ့တွင် ကျနေသော နေခြည်ပြောက်များသည် အရှင်မကိုယ်ကို ဖြတ်သန်းပြီးမှ လာရောက်ရခြင်း ဖြစ်လိမ့်မည်။ နေခြည်ပြောက်များသည် ပုဝါလွှမ်းခြုံထားပြီဖြစ်သည့် ဘုရင်မ၏ ညှံ့သက်သော ပါးပြင်ကိုလည်း ထိတွေ့နေမည်။ ပုဝါစတွင် ယီးလေးခိုတွဲနေမည်။ ဘုရင်မ၏ ကိုယ်ရနံ့နှင့် ပန်းအပေါင်း၏ ရနံ့ကို ကျူပ်သည် ခွဲခြားကြည့်နေ၏။ ကျူပ်သည် 'ပြည့်ခြင်းမင်္ဂလာ'သီချင်းကို သီဆိုလိုက်ချင်စိတ် ပေါ်နေသည်။ ထိုသီချင်းသည် အမျိုးသမီးတစ်ဦး၏အလှကို ဖွဲ့ဆိုထားလေသည်။ ထိုချဉ်ခြင်းဆန္ဒမှာ တရွေ့ရွေ့ တိုးဖော့လျက် ရှိလေသည်။ သို့သော် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်သောကိစ္စ မဟုတ်။ ဘုရင်မ၏ရှေ့တော်မှောက်တွင် အလှဘွဲ့တစ်ပုဒ်ကို သီကျူးရန် တွေးနေသူလောက် မိုက်မဲသောသူသည် မရှိ။ အခုအချိန်တွင် မိမိ၏စိတ်တို့မှာ မည်သို့ဖြစ်နေသနည်း။ မည်သည့်အတွက်ကြောင့် ရှုးနှမ်းသော ကယောက်ကယက်အတွေးတို့ကို တွေးနေသနည်း။

'မြို့စားလေး စောင်းတီး ဝါသနာထုံတယ် ထင်တယ်။ ဒါကြောင့် စံနန်းတော်ဝင်းထဲကို စောင်းကြီးတစ်လက် ပိုက်လာပုံရတယ်။ လမ်းတစ်လျှောက်လုံးလဲ လေးလေးပင်ပင် သယ်လာခဲ့ရမှာပဲ။ လမ်းမှာလည်း စောင်းသံတလွင်လွင်နဲ့ လာခဲ့မှာပဲထင်တယ်'

ဘုရင်မသည် သလွန်ပေါ်တွင် ကိုယ်ကို အနည်းငယ်တိမ်း၍ လှုပ်ရှားလိုက်သည်။ ဘုရင်မ၏အသံသည် သလွန်တစ်ဝိုက်၌ လှုပ်ရှားသွား၏။ ညင်းညံ့ညံ့ ရွှင်ပျပျ ရယ်မောသံသည် ထိုစကားသံများထဲတွင် ပါနေသည်ထင်သည်။ ကျူပ်၏ စိတ်နှလုံးတို့မှာလည်း ကြည်လင်ရွှင်ပျနေသည်။ ဘုရင်မသည် ဆွေးနွေးတော်မူ လက်စ စကားကို ဖြတ်တောက်ပြီး အချိန်ဆွဲထားချင်၍ ဖြစ်လိမ့်မည်။ ထိုအကြောင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ခြင်းရာအတွက် စဉ်းစားချင့်ချိန်တော်မူလို၍ ဖြစ်လိမ့်မည်။

'သီချင်းတစ်ပုဒ်ကို ဆိုတီးခွင့် ပြုတော်မူပါ' ဟု ကျုပ်သည် စိတ်ထဲရှိသည်တို့ကို မချုပ်တည်းနိုင်မိ ပျော်ရွှင်စိတ်ဖြင့် ရုတ်တရက် လှစ်ခနဲ လျှောက်တင်လိုက်လေသည်။

'ဆိုနိုင်ပါတယ် မြို့စားလေးရဲ့ ... နားထောင်ရတာပေါ့'

ဘုရင်မ၏ လိုက်လျောမှုသည် အံ့အားသင့်စဖွယ် ဖြစ်နေသည်။ မိမိက လျှောက်တင်မိ၊ လျှောက်တင်ရဲသည်မှာလည်း အံ့အားသင့်စဖွယ် ဖြစ်နေသည်။ မိန်းမတစ်ဦး၏ အလှဘွဲ့ကို ဆိုကျူးတော့မည်ဆိုသော မိမိ၏စိတ်မှာလည်း အံ့အားသင့်စဖွယ်ပင်။ သို့သော် ဘုရင်မ၏အသံ၌ ရယ်မောရွှင်ပျစွာ ရင်းနှီးခင်မင်သံတစ်ဝက်ပါနေသည်။ ထိုအသံသည် အရာရာကို ကပြောင်းကပြန်၊ ကမောက်ကမ ဖြစ်စေသည်။

ကျုပ်သည် ပုဆစ်တုပ်ရာမှ စောင်းကို ဖြည်းဖြည်းရွရွ ကောက်ကိုင်ပြီး ပေါင်ပေါ်တင်လိုက်လေသည်။ မွန်ထူတုန်ယင်နေသော လက်များဖြင့် စောင်းကြိုးများကို အသာအယာ တို့ထိနေသည်။ ထို့နောက် လက်များသည် စောင်းသံစုတို့ကို စတင်တီးခတ်နေမိလျက်သား ဖြစ်နေသည်။ ဆောင်းလေတို့၏ နူးညံ့သက်သာဆော့မြူးနေသံများမှတစ်ဆင့် တပေါင်းလေပွေ မွှေ့သံသို့ ကူးပြောင်းနေစဉ်၌ စိတ်များသည် နဘေးသို့ လွင့်ပျံ့နေ၏။ ဘုရင်မ၏ မွေးပျံ့သောကိုယ်ရနံ့သည် စိတ်များ၌ လာ၍ စွဲငြိနေဆဲပင်။

*'တန်ဆောင်ပြည့်လ၊ ညကောင်းကင်ယံသည် ကြယ် လ တာရာတို့၏ အလှတို့ဖြင့် ဖွဲ့ဆိုမွန်းထုံထားသည်။ လရောင်တောက်လျက် ကြယ်တို့၏ ငွေရောင် စိန်ရောင်မြူးလျက်၊ ရွှေရောင်များ မှုန်းခြယ်လျက် အလှအင်္ဂါ အဖြာဖြာ ပြည့်သည်။*

*လအရောင်သည် ပွင့်လန်းစေသည်။ ရွှင်မြူးစေသည်။ အရာရာကို ဆွဲငင် ညှို့ယူထားသည်'*

ထို့နောက် စောင်းသံသည် ဝါခေါင်မိုးကဲ့သို့ ပျော့ပျောင်းနုသက်သော အကူးအဆက်များဆီသို့ ပြောင်းရွှေ့သွားသည်။ ဒုတိယပိုဒ်ကို ဆက်၍ဆိုနေစဉ်၌

mgyoe.com

mgyoe.com SAMPLE BOOK


ကျုပ်သည် မှားယွင်းခဲ့လေပြီကို နှောင်တရနေသည်။

*'ရွှေအဆင်းကဲ့သို့ ဝါရွှေသော အသားရောင်လည်း ရှိသည်။ ကော့ပျံ့သော မျက်တောင်၊ ညွတ်ကွေးသော မျက်ခုံးနှင့် အရည်လဲ့ဝင်းသော မျက်လုံးလည်းရှိသည်။ နွဲ့ညွတ်၍ သေးသွယ်သော ကိုယ်ဟန်လည်း ရှိသည်။ ခြေကို မြေသို့ သက်သောအခါ မြက်ပင်များအပေါ်မှ နှင်းခဲများမကြွေနိုင်အောင် ညင်သာသည်။ မိုးတိမ်ကဲ့သို့ ညို့သက်နုထွေးသော အသားတို့ဖြင့် ပြီးလျက်၊ မျက်နှာတော်ပေါ်ဝယ် သိမ်မွေ့သော သိက္ခာများ ဆင်သထားသည်။ ထိုထက် အဆ ရာထောင် သာလွန်သူ အကြင်မိန်းမကို တန်ဆောင်ပြည့်လ အလှဘုရင်မ ဟု ခေါ်ဆိုရလျှင် ကောင်းမည်လား။ အကြင်မိန်းမကို ပြည့်ခြင်းမင်္ဂလာ၏ အလှဘုရင်မ ဟု ခေါ်ဆိုပါမည်'*

ဆောင်းတွင်း ဆီးနှင်းဖွဲဖွဲကျသံကဲ့သို့ စောင်းသံသည် တိုးရွသွားပြီး တိတ်သွားလေသည်။ ကျုပ်သည်လည်း အားအင်ကုန်ခမ်းသွားသကဲ့သို့ မောသွားသည်။ စိတ်ဓာတ်အင်အားတို့သည် ရုတ်တရက် စွန့်ပြေးထွက်ခွာသွားလေသည်။ လေတိုးဖေ့သံများပင် ငြိမ်သက်တိတ်ဆိတ်သွားသည်။ အရာရာသည် အသက်ကင်းမဲ့သကဲ့သို့ အချိန်ကြာမြင့်လှစွာ တိတ်ဆိတ်သွားသည်။ ဆည်းဆာနေသည်လည်း တစ်စတစ်စ မှိန်ဖျော့သွားလေသည်။

ဘုရင်မသည် ကျုပ်အား ငြိမ်သက် စူးစိုက်ကြည့်နေမည် ထင်သည်။ ကျုပ်၏ ကျောပြင်ကို ငေးကြည့်ပြီး အံ့အားသင့်နေမည် ထင်သည်။ ကျုပ်ကား စော်ကားမော်ကား ပြုမိသကဲ့သို့ မှားယွင်းခဲ့လေပြီ။ တုန်လှုပ်စိတ်၊ ကြောက်စိတ်၊ ချောက်ချားစိတ်များသည် ကျုပ်၏ကိုယ်တွင် ဝင်၍ ပူးကပ်ကြလေသည်။

'ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ မြို့စားလေး ...'

ငြိမ်သက်တိတ်ဆိတ်နေသော သက်မဲ့အရာဝတ္ထုအားလုံးကို လှုပ်၍နှိုးလိုက်သကဲ့သို့ ဘုရင်မ၏ စကားသံ တိုးတိုးသက်သက် ဖြတ်သန်း၍ ပေါ်လာလေသည်။ ထိုအသံသည် ငြိမ်ပြီး တိမ်ဝင်နေသည်။ အသံတိမ်တိမ် မိန့်မြွက်သံသည် စိတ်များကို ပို၍ တုန်လှုပ်ချောက်ချားစေသကဲ့သို့ ဖြစ်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျုပ်၌ ပြန်၍လျှောက်တင်ရန် အကြောင်းအချက်လည်း မရှိ။ စကားလည်း မရှိ။ ခြေကုန်လက်ပန်းကျပြီး ထုံထိုင်းနေသည်။ ထွက်ပေါက်ကင်းမဲ့စွာ ပိတ်ဆီး မိနေသကဲ့သို့ပင်။ ကျုပ်သည် တဆတ်ဆတ်တုန်လှုပ်နေသော မိမိ၏လက်ချောင်း များကို ငေးစိုက်ကြည့်နေမိ၏။ ဓားချင်း တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်ခဲ့ဖူးသော် လည်း ယခုအခါတွင် ရင်ဆိုင်နိုင်ရဲသော သတ္တိများသည် မိမိ၏ကိုယ်ပေါ်၌ မည်သည့် နေရာတွင်မှ ရှိမနေနိုင်တော့ပေ။

'ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ မြို့စားလေး၊ ကျွန်ုပ်မေးနေတာကို ဖြေပါ၊ ဘာပြုလို့ ဒီသီချင်းကို ဆိုရတာလဲ'

'ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူး အရှင်၊ ဦးတည်ရာ သီချင်းတစ်ပုဒ်ကို ကောက်ဆိုလိုက်မိတာပါ'

'ကောင်းပြီ မြို့စားလေး ... ဒါနဲ့ ဘာပြုလို့ ဒီသီချင်းကို ဦးတည်လိုက်ရ တာလဲ၊ ဖြေပါအုံး'

ထောက်ထားသော ကျုပ်၏လက်များသည် တဆတ်ဆတ် တုန်ယင်လာ လေသည်။ ကျုပ်၏မျက်နှာပေါ်၌ ချွေးဥများ စေးထန်းလာလေသည်။ ကျုပ်သည် အလျှင်း လက်လျှော့ပစ်လိုက်၏။ မည်သို့မျှ ပြန်၍ မဖြေတော့ရန် ဆုံးဖြတ်ချက် ချလိုက်ရလေသည်။

အချိန်ပေါင်းများစွာ ကုန်လွန်သွားနေပြီး စိတ်ဆင်းရဲ ပင်ပန်းလွန်းသော အခါတွင်မှ အရှင်၏ တိုးတိုးသက်သက် ရယ်မောလိုက်သံကလေးတစ်ခု ပေါ်လာ သည်။ ထိုရယ်မောလိုက်သံကလေးမှာ ရွှင်လန်းနေ၏။ ထိုရယ်သံကလေးသည် အလှအပေါင်းနှင့် ရောနှောသွား၏။ ထို့နောက် သီးသန့် အလှတရားတစ်ခုအဖြစ် ပြန်လည်၍ ပေါ်ပေါက်လာလေသည်။

'လူတို့တွင် ကလေးစိတ်များ သေသည်အထိ ရှိတတ်သည်' ဆိုသော ဤ ဒေသ၏ စကားပုံတစ်ခုကို သတိရလိုက်မိလေသည်။ ဘုရင်မကြီးသည် ကျုပ်အား ကလေးသူငယ်လေးကို ငိုအောင်စ,နေပုံမျိုးနှင့် ခပ်ဆင်ဆင် ပြုကျင့်သည်ဟုဆိုလျှင် ယုံနိုင်ဖွယ်ရာ မရှိတော့ပေ။ ကျုပ်၏ရင်ထဲ၌ ရှင်းလင်း ပေါ့ပါးသွားလေသည်။

'စံနန်းတော် ဝင်းတော်စောင့် တပ်မှူးကို ပြောပါ ... မြို့စားလေး။ တပ်မှူး အဆောင်တစ်ခုမယ် မြို့စားလေးတည်းခိုဖို့ ခေတ္တနေရာချထားပေးဖို့ ပြောပါ။ မနက်ဖြန် ညီလာတော်ခံကို ... မြို့စားလေး တက်ရောက်ရလိမ့်မယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကဲ ... ပြန်ပေအုံး တော့'

ထိုနေ့ညက စံနန်းတော်မှ ထွက်အလာတွင် ကျုပ်၏စိတ်ထဲ၌ နန်းတွင်းသူ ပြောသည့်စကားမှ အခြားအဓိပ္ပာယ်တစ်မျိုး ပါလာပေသည်။ 'ဘုရင်မ မျက်နှာတော်ကို တစ်ကြိမ် ဖူးမြော်မိရင် နောက် အကြိမ်ကြိမ် ဖူးမြော်ချင်တဲ့ ဆန္ဒဟာ ဝေဒနာလို စွဲကပ်ပြီး စိတ်ဒုက္ခရောက်ရရှာတော့တာပဲ သျှိဝ မြို့စားလေးရဲ့'ဟု နန်းတွင်းသူက လိုက်ပြောနေသကဲ့သို့ပင် စိတ်တွင်း၌ မှတ်ထင်နေမိပေသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

ညအမှောင်ထဲ၌ မီးခိုးနှင့် နှင်းမှုန်များ ရောနှောပြီး ပျောက်ကွယ်သွားသည်။ မီးဖိုများက မီးတောက်များထ၍ တောက်နေကြသည်။ နှင်း၏အအေးသည် လွန်ကဲနေ၏။

တပ်ဗိုလ်ရှန့်သည် ကျုပ်အနား တတောင်ကွာလောက်တွင် တစ်ခုခုပြောလိုက်လေသည်။ သူပြောလိုက်သည်မှာ အသံကျယ်ကျယ်ဖြစ်၏။ သို့သော် ထိုအချိန်၌ ကျုပ်သည် မီးရောင်ထဲတွင် စောင်းကိုငုံ့ကြည့်ပြီး ငေးမောနေခိုက်ဖြစ်သဖြင့် သူပြောသည်ကို မသဲကွဲလိုက်ဘဲ 'ဗျာ'ဟု ပြန်၍မေးလိုက်လေသည်။

ဘုရင်မသည် တပ်ဗိုလ်ရှန့် ဦးစီးသည့်တပ်မတစ်ခုကို ကျုပ်နှင့်အတူ သျှီဝသို့ ထည့်ပေးလိုက်လေသည်။ မိုးချုပ်သွားသဖြင့် ခရီးမဆက်နိုင်တော့ဘဲ ဤတောင်ကြားတွင် ရပ်နားနေကြရသည်။ မီးဖိုများဘေးတွင် စစ်သည်များဝိုင်းထိုင်ပြီး သူတို့၏ စကားပြောနေသံများသည် တောင်ကြား၌ ဆူညံနေကြသည်။ မြင်းများဟီသံနှင့် တောတွင်းသားရဲတိရစ္ဆာန်များ၏ ခြောက်လှန့်အော်ဟစ်သံများသည် တစ်ခါတစ်ခါတွင် တောင်ကြားထဲသို့ ပြေးဝင်လာနေသည်။

ကျုပ်၏စိတ်အာရုံများသည် ဤတောင်ကြားဒေသမှ အဝေးသို့ ပြန့်လွင့်ပြေးနေသည်။ ညင်သာစွာ ဘုရင်မ ရယ်မောတော်မူလိုက်သံ၊ ဘုရင်မ၏ တိုးညင်းစွာ မိန့်ခွန်းတော်ခြွေလိုက်သံ၊ ဘုရင်မ၏ ခြေဖမိုးမို့မို့၊ ပိုးခြုံလွှာတော်အနားတွင် ရစ်သီထားသည့် ရွှေအပ်မျှင်ကလေးများ၊ မွှေးကြိုင်ထုံပျံ့သော နန်းလုံးကြိုင်ပန်း၏

mgyoe.com

mgyoe.com
SAMPLE BOOK


ရန့်၊ ပန်းရုံလမ်းကြားကလေး၊ ကျောက်စောင်းသလွန်တော်၊ ရွှေခြေကျင်းချင်း ရိုက်ခတ်သံ၊ စံနန်းတော်၊ ဆည်းဆာနေခြည်များ၏အလှ၊ ပန်းပေါင်းစုံ၏သင်းရန့်၊ ဘုရင်မကိုယ်မှ သင်းရန့်၊ ထို့နောက် ဘုရင်မ၏ မျက်နှာတော်ကို ဖူးမြော်ရပုံကို တွေးနေမိသဖြင့် သူ မည်သည့်စကားများပြောလိုက်သည်ကို သတိမထားမိနိုင်ပေ။

ထို့ကြောင့် 'ဗျာ …'ဟု ကျုပ်က ထပ်မေးလိုက်လေသည်။

'ကျွန်တော်မေးတဲ့မေးခွန်းကို မကြားရပုံထောက်တော့ သျှိဝမြို့စားလေး အတွေးအားလွန်နေတယ် ထင်ပါတယ်'

'မဟုတ်ပါဘူးခင်ဗျား၊ ကျွန်တော့်ကို ဘယ်သီချင်းအကြိုက်ဆုံးလဲလို့ မေးလိုက်တယ် မဟုတ်လား။ ကျွန်တော်အကြိုက်ဆုံးကတော့ ပြည့်ခြင်းမင်္ဂလာပဲ မိတ်ဆွေကြီးရဲ့၊ သူ့ကို ကျွန်တော် သျှိဝတောင်ပေါ်မှာ အမြဲဆိုနေကျပဲ'

'စံနန်းတော်ထဲမှာ မြို့စားလေး တီးခဲ့ဆိုခဲ့တဲ့ သီချင်းလား၊ ဘုရင်မရှေ့တော်မှောက်မှာ ဆိုခဲ့တဲ့ သီချင်းမဟုတ်လား'

'မိတ်ဆွေကြီး ဘယ်လိုများ သိရပါသလဲ'

'လွယ်ပါတယ် သျှိဝမြို့စားလေးခင်ဗျာ။ ကျွန်တော်တို့ဟာ ဘုရင်မင်းမြတ်ရဲ့ နားတွေပဲ၊ ဒီလိုပဲ ကြားကြရတာပေါ့လေ။ ဒါ ထားပါတော့၊ ဒါနဲ့ အဲဒီသီချင်းကို အခု ဆိုမပြနိုင်ဘူးလား။ နှင်းကအေးအေး၊ မီးဖိုဘေးမှာ မျက်လုံးမှေးပြီး ဇိမ်နဲ့နားထောင်ရအောင်ပေါ့ဗျာ၊ အပျင်းလဲပြေတာပေါ့'

သူသည် ရင်းနှီးစွာ ရယ်မောလေသည်။ ခင်မင်ဖွယ်ရာကောင်းသော လူတစ်ယောက်၊ ရင်းနှီးထိုက်သော လူတစ်ယောက်ဖြစ်၏။ သူက အတန်တန်တောင်းပန်နေသဖြင့် ကျုပ်သည်လည်း ထိုသီချင်းကို ပြန်၍တီးကြည့်ချင်စိတ်ပေါ်နေလေသည်။

ကျုပ်သည် စောင်းကို ကောက်ကိုင်လိုက်ပြီး ပထမတွင် စိတ်ထွေပြားစွာဖြင့် စောင်းကြိုးများကို မထိတထိ တို့ထိကစားနေသည်။

အခြားစကားပြောနေသံ ဆူညံသံများ ရပ်သွားချိန်တွင် ကျုပ်သည် 'ပြည့်ခြင်းမင်္ဂလာ'ကို ကြေကွဲစွာဖြင့် စတင်တီးခတ်ကာ ဆိုနေမိလေသည်။ ဘာကြောင့်လဲမသိ။ ဤသီချင်းဆိုနေရချိန်၌ ကြေကွဲနေ၏။ စိတ်များသည် ဤတောင်ကြားဒေသမှ ထွက်ခွာကာ နန်းတော်ကြီးဘက်သို့ ပြန်၍ ရောက်သွားနေသည်။

သီချင်းဆိုနေရင်း ကျုပ်သည် သတိလစ်မေ့မြောနေသကဲ့သို့ ရှိလေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


သီချင်း၏ အလယ်ပိုဒ်သို့ရောက်သောအခါ ဆက်၍ သီဆိုချင်စိတ် မရှိတော့ပေ။

ကျုပ်သည် သီချင်းအဆိုအတီးကို ရပ်တန့်လိုက်လေသည်။

'ခင်ဗျားဆိုတာ အလွမ်းသီချင်းလား၊ မြို့စားလေး'

'အို … ဘာပြုလို့လဲ'

'ဘာပြုလို့လဲဆိုတော့ ကျွန်တော် လွမ်းလာမိသလိုပဲ။ ဘယ်ဆီကို လွမ်းတာလဲတော့ မသိဘူး။ ဒါပေမယ့် ခင်ဗျားသီချင်းဟာ အလွမ်းသီချင်းတော့ မဟုတ်ဘူး။ ခင်ဗျားစိတ်ထဲမှာ ဘာများဖြစ်နေသလဲ သျှိုဝမြို့စားလေး။ ရိုင်းတယ် မထင်ပါနဲ့။ ရိုင်းရာကျရင်လဲ ကျမှာပဲ။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် တကယ့်ညီအစ်ကိုလို ခင်မိတယ် သျှိုဝမြို့စားလေး။ ဘုရင်မမျက်နှာတော်ကိုများ ဖူးမြော်နေမိလေသလား။ အထူးသဖြင့် မျက်နှာတော်ပုဝါလုပ်ထားတုန်းမှာ ဖူးမြော်မိလေသလား'

'ဘုရင်မမျက်နှာတော်ကို ဖူးမြော်မိတာနဲ့ သီချင်းနဲ့ ပတ်သက်နေလို့လား'

သူသည် ခေါင်းကို ရှေ့ဖက်သို့ ငုံ့လိုက်သည်။ မီးရောင်ဖြင့် သူ့မျက်နှာမှာ ပို၍ ရှင်းလင်းစွာ ပေါ်လွင်သွားလေသည်။ ကျယ်ပြန့်သော သူ့နဖူးပြင်၌ မီးရောင်များ ဟပ်နေသည်။ တည်ငြိမ်နေသော သူ့မျက်နှာ၌ နက်နက်နဲနဲ အတွေးတစ်ခု ဖြတ်သန်းသွားနေပုံ ရနေသည်။

'ခင်ဗျားကိုယ်တိုင် ပိုသိရမှာပေါ့'

သူက အသံတိုးတိုးအုပ်အုပ်ဖြင့် ပြောလေသည်။

'ဘာကို ပိုသိရမှာလဲ'

'ခင်ဗျားစိတ်ထဲမှာ ဘာတွေဖြစ်နေသလဲ မြို့စားလေး။ သီချင်းဆိုနေဆဲမယ် ခင်ဗျားစိတ် ဗိသနိုးကို ရောက်သွားမယ်၊ စံနန်းတော်ထဲကို ရောက်သွားမယ်။ ရွှေကွပ်ထားတဲ့ မြက်ဖျာတွေအပေါ် နင်းသွားမယ်။ ပတ္တမြားပန်းတွေကိုလဲ သတိရနေမယ်။ ပန်းရုံကြားလမ်းကလေးကိုလဲ သတိရနေမယ်။ နန်းလုံးကြိုင် ပန်းရုံကိုလဲ သတိရနေမယ်၊ ခင်ဗျား စောင်းတီးခဲ့ပုံကိုလဲ သတိရနေမယ်။ ပြီးတော့ အရှင်မကိုလဲ သတိရနေမယ်။ အရှင်မ မျက်နှာတော်ကို မော်ဖူးခဲ့တာကို တသသဖြစ်နေမယ်'

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

'မဟုတ်ဘူးလား အဲဒီအတိုင်း ဖြစ်ရတော့မှာပဲ'

တောင်ကြားထဲတွင် အခြားစစ်သည်ရဲမက်များ၏ စကားသံများသည် တဖန် ပွဲလွှင့်ထွက်ပေါ် လာပြန်လေသည်။ မီးဖိုများမှ ဝါးပေါက်သံသည် တောင်ကြားထဲ

mgyoe.com

mgyoe.com
SAMPLE BOOK


၌ မြည်ဟိန်းနေလျက်ပင်။ ကျုပ်သည် စောင်းကို ဘေးသို့ ညင်သာစွာပြန်ချလိုက်သည်။ ထို့နောက် ဝမ်းနည်းကြေကွဲနေသလို သက်ပြင်းရှူလိုက်မိသည်။

'ခင်ဗျား အရှင်မရဲ့ အသက်ရှူလိုက်သံကလေးက စပြီး အရှင်မရဲ့ စကားတစ်လုံးပြောတဲ့အသံအထိ မှတ်မိ တွေးမိနေမှာပဲ။ ဒုက္ခပါပဲ သျှိဝမြို့စားလေးရေ့။ ကျွန်တော်နဲ့ ခင်ဗျားနဲ့ အစောတုန်းကသာခင်ရင် ဖြစ်တဲ့နည်းနဲ့ တားပါတယ်။ ကျွန်တော်တော့ တိုက်ပွဲတွေ ဘယ်လောက် တိုက်ရဲတိုက်ရဲ အရှင်မရဲ့ မျက်နှာတော်ကို ပုဝါဖွင့်လှစ်ထားဆဲအခါ မော်မဖူးမိတဲ့ကိုယ် ဖြစ်ရပါစေလို့ ဆုတောင်းတယ်။ ဘုရင်မရဲ့အလှကို ကြောက်မက်ဖွယ်ကောင်းသောအလှလို့ ကျွန်တော် ထင်တယ်။ နောက်ဆုံးတော့ ဒီအတိုင်းပဲ ဖြစ်ကြရမှာပဲ မြို့စားလေးရေ့ ...။

'ဘယ်လို ဖြစ်ရမှာလဲ'

'အို ... အခု သျှိဝမြို့စားလေးဟာ အရှင်မကို စွဲလမ်းတမ်းတနေရရှာတယ် မဟုတ်လား။ ချစ်ကြိုက်နေရရှာတယ် မဟုတ်လား။ စိတ်ထဲမယ် ကြီးမားသော မျှော်လင့်ချက်ကြီးထားလို့လေ။ ဒါပေမယ့် ဘုရင်မကို စကားကလေးတစ်လုံး ပြောခွင့်ရမယ့်အရေးဟာ နှစ်ပေါင်း ဘယ်လောက်ကြာရှည်အုံးမှာလဲ မသိနိုင်တဲ့ အဖြစ်မျိုးပေါ့။ မျှော်လင့်ချက် လုံးဝကင်းမဲ့နေရရှာတဲ့ အဖြစ်မျိုးပေါ့။ တစ်ယောက်ထဲ အရူးတစ်ပိုင်းလို ဖြစ်နေရရှာတဲ့ အဖြစ်မျိုးကို ပြောတာပါ'

ကျုပ်သည် သူ့မျက်နှာကိုကြည့်ပြီး ငေးမော မှင်တက်မိနေလေသည်။ သူ့စကားများသည် လှပစွာနိဂုံးချုပ်သွား၏။ သို့သော် ထိုစကားလုံးများမှ ပေါ်ထွက်လာသည့် ကျယ်ပြန့်လွန်းလှသော အဓိပ္ပာယ်ပေါင်းများစွာသည် တစ်ခုနှင့်တစ်ခု လှိုင်းရိုက်ကျန်ရစ်ခဲ့လေသည်။ ကျုပ်၏ စိတ်နှလုံးထဲသို့ ပြင်းထန်စွာ ဝင်ရောက်တိုးဝှေ့နေသည်။ ဘုရင်မကြီးအား မိမိသည် ချစ်ကြိုက်မိခြင်းမဟုတ်။ မိမိ၏ စိတ်ဆန္ဒထဲ၌ ထိုညစ်ညမ်းနောက်ကျိမှုသည် အလျဉ်းမျှ မတွယ်ငြိခဲ့။ ချစ်ကြိုက်ခြင်းဆိုသည်မှာ ရမ္မက်နှင့်တွဲယှဉ်သော ညစ်ညမ်းသော စေတသိက်ဖြစ်လေသည်။

'ဖြစ်ကို မဖြစ်နိုင်ဘူး၊ ဖြစ်ကို မဖြစ်နိုင်ဘူး။ ချစ်ကြိုက်တယ်ဆိုတာ ညစ်ညမ်းတဲ့၊ မဖြူစင်တဲ့ စိတ်ပဲ မိတ်ဆွေကြီး။ ကျုပ် ဘုရင်မကြီးအပေါ်ကို ဖြူစင်တဲ့ သန့်စင်တဲ့စိတ်ပဲ ရှိတယ်။ ရမ္မက်စိတ် မပါဘူး။ ဘုရင်မကြီးကို ချစ်ကြိုက်နေတယ်လို့တော့ ကျုပ် လုံးလုံး လက်မခံနိုင်ဘူး'

သူသည် ကျုပ်၏မျက်နှာကို ပြန်၍ ငေးမောကြည့်နေသည်။ ထို့နောက်

mgyoe.com

mgyoe.com
SAMPLE BOOK


သူက အသံတိုးတိုးဖြင့် လူအမျိုးမျိုး၊ စိတ်အမျိုးမျိုးအကြောင်း တွေးပြနေသည်။ ချစ်ကြိုက်သည်ဆိုခြင်းမှာ ညစ်ညမ်းသူများအတွက် ညစ်ညမ်းသော်လည်း၊ ဖြူစင်သူများအတွက် ဖြူစင်ပေသည်ဟု သူက ပြောနေသည်။ သူသည် စကားလုံးများကို ရွေးချယ်လျက် အဓိပ္ပာယ်ပေါ်လွင်ရန် အမျိုးမျိုး ဥပမာပေးလျက် ရှိသည်။ ထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးမှ ဝေဖန်သုံးသပ် ကြည့်ရှုပြနေသည်။

ကျုပ်မှာမူ ခေါင်းခါမြဲ၊ ငြင်းဆန်မြဲ။ ချစ်ကြိုက်ခြင်းနှင့် ရယူပိုင်ဆိုင်လိုခြင်းမှာ ခွဲမရ၊ ဆက်စပ်လျက်ရှိသည်။ ကျုပ်သည် ဘုရင်မကြီးအား ရယူပိုင်ဆိုင်လိုစိတ်သည်လည်း အလျဉ်းမရှိ။ သို့သော် ဘုရင်မကြီး၏ မျက်နှာတော်ကို ဖူးမြော်လိုသော ဆန္ဒရှိခြင်းနှင့် ဘုရင်မ၏အသံတော်ကို ကြားနာလိုခြင်းသာ ရှိသည်။ ထိုစိတ်ဆန္ဒကို ချစ်ကြိုက်သောစိတ်ဟု လက်ခံ၍ မရနိုင်။

ညကား ပို၍နက်လာလေသည်။ ကျုပ်တို့သည် စကားဝိုင်းကို ရပ်တန့်ပစ်လိုက်ကြ၏။ အမှောင်ထဲတွင် မီးဖိုနံဘေး၌ လဲလျောင်းလိုက်ကြလေသည်။ စကားဝိုင်းရပ်လိုက်သော်လည်း ကျုပ်မှာ အတွေးများကို အဆုံးသတ် ရပ်တန့်၍ မရတော့ပေ။ တပ်ဗိုလ်ရန္တ၏ စကားများသည် ကျုပ်၏ စိတ်နှလုံးများကို ရေလှိုင်းပမာ ရိုက်ခတ်ပုတ်ခတ်လျက် ရှိနေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## (၄)

ဗိသုနိုးမှပြန်ရောက်လာပြီး ကျုပ်တို့သည် ပန်ထွာစစ်သည်များကို နေရာချပေးခြင်း၊ နောက်ထပ် စစ်သည်များ ထပ်မံ၍ တိုးချဲ့ခြင်းဖြင့် အလုပ်မအားနိုင်တော့ပေ။ အမြဲတမ်း စစ်ရေးလေ့ကျင့်ခန်းများ ယူနေကြရသည်။ သီရိခေတ္တရာတပ်မကြီးများ တက်ရောက်အလာကို နေ့စဉ်နှင့်အမျှ သျှိဝစစ်သည်တို့သည် စောင့်ကြို့နေကြ၏။ နေ့စဉ်နှင့်အမျှ တိုက်ပွဲခိုက်ပွဲများအတွက် စိတ်အားထက်သန်လှစွာ ဆွေးနွေးနှီးနှောနေကြ၏။ သို့သော် သီရိခေတ္တရာတပ်များကား နှစ်နှစ်တိုင်တိုင် ရောက်မလာကြသေး။

ဗိသုနိုးမှ ပြန်ရောက်လာပြီးကတည်းက ညီလေးသူရနှင့် ကျုပ်၏ အနေအထိုင် အဆက်အဆံမှာ သိသိသာသာ စိမ်းသွားကြသည်။ သူရသည် ရင်ထဲ၌ မီးတောက်တစ်ခုကို တိတ်တဆိတ်မွေးလျက် ရှိသည်။ သူသည် ငယ်ရွယ်လွန်းလှသေး၏။ သူ့တွင်ရှိသော ကြီးမားလှသည့် မာန်တရားတို့သည် နှင်းများကဲ့သို့ ဝေမှောင်ပြီး အမှန်တရားများအပေါ်၌ အမှောင်ဖုံးထားလျက် ရှိနေဆဲပင်။ သူသည် ကျုပ်နှင့် မျက်နှာချင်း ဆိုင်ခဲလှလေသည်။ တစ်လနေ၍ ကျုပ်နှင့် မျက်နှာချင်းတစ်ခါဆိုင်ရန် ခဲယဉ်းနေသည်။ မျက်နှာချင်းဆိုင်လျှင်လည်း ပြောစရာစကားကို သွက်သွက်ပြောချပြီး ကျုပ်ရှေ့မှ ထွက်ခွာသွားတတ်၏။ ညီနှင့်နောင်သည် အတူတူနေထိုင်ကြပါလျက် စကားပြော ဟက်ဟက်ပက်ပက် မရှိနိုင်တော့ခြင်းမှာ ဝမ်းနည်းဖွယ်ရာ ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်နေ့သောနံနက်၌မူ သူသည် ကျုပ်ရှိရာ တောင်ကုန်းတစ်ဖက်သို့ ရောက်လာပြီး အနားတွင် ရပ်လေသည်။ သူ့၌ ပြောရန်စကားပါလာသကဲ့သို့ ရှိသည်။ ထိုနေ့ကလည်း မှတ်မှတ်ရရ နံနက်စောစောတွင် နှင်းများ မှောင်ပိန်းနေခဲ့လေသည်။

ထိုနေ့ နံနက်ကလည်း အခြားနေ့များကဲ့သို့ပင် တောင်ကုန်းအောက်ခြေဝယ် မြင်းစီးစစ်သည်များ တိုက်ပွဲကျင်းပနေဟန် စစ်ရေး လေ့ကျင့်နေသည်။ တိုက်ပွဲ လေ့ကျင့်ရေးကွင်းထဲ၌ မြင်းစီးစစ်သည်များ တစ်ဖက်နှင့်တစ်ဖက် အတိုက်အခိုက် လေ့ကျင့်နေသည်။ ဓားခုတ်၊ လှံထိုး၊ ဓားသံတချွင်ချွင်ကို တောင်ကုန်းထိပ်မှ ကြားနေရသည်။

ညီလေးသည် သိန်းစွန်ရဲကဲ့သို့ ထက်မြက်တောက်ပသော မျက်လုံးများဖြင့် တောင်အောက်ခြေကို ဝေ့ကြည့်ပြီး ကျေနပ်စွာပြုံးရယ်လေသည်။

သျှိဝမြို့ကိုကျော်၍ ခပ်ဝေးဝေးကို လှမ်းကြည့်လျှင် သျှိဝ၏ ဝင်ပေါက်ဖြစ်သော နတ်သယ်တောင်ရိုး မှိုင်းပြာပြာကို လှမ်း၍ မြင်တွေ့ရလေသည်။

တောင်ရိုး၏အခြေတွင် တပ်ဗိုလ်ရှန့်၏ ဗိသနိုးစစ်သည် တပ်မကြီးသည် စခန်းစိုက်ထား၏။ သူတို့သည် ဥယျာဉ်ခြံမြေများ လုပ်ကိုင်နေကြရင်း အစဉ်အမြဲ စစ်ရေးလေ့ကျင့်နေကြသည်။ တပ်ဗိုလ်ရှန့်သည် အမြဲလိုလို ကျုပ်ရှိရာသို့လာ၍ လည်ပတ်တတ်၏။ သူသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူဖြစ်ပြီး ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလေသည်။ တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်သောကြောင့် သျှိဝ၌ သူသည် ပျော်ရွှင်နေ၏။ ခုအချိန်တွင် သူတို့၏ တပ်သည်လည်း စစ်ရေးလေ့ကျင့်နေလိမ့်မည်။

ထိုတောင်ကြားဘက်မှ အမဲစက်ကလေးတစ်ခုကို လှမ်းမြင်ရလေသည်။ အမဲစက်ကလေးသည် လျှင်မြန်စွာ ပြေးလာနေပြီး တစ်စတစ်စ ကြည့်နေရင်း၌ပင် ကြီးမားလာသည်။ နှင်းမှုန်များထဲ၌ အမဲစက်အပြောက်ကလေးမှာ ပို၍ ထင်ရှားလာနေသည်။

ညီလေးသူရသည် ကျုပ်၏နံဘေးရှိ ကျောက်တုံးပေါ်တွင် ယှဉ်လျက် လာ၍ ရပ်လိုက်သည်။ ထို့နောက် ကျုပ်ငုံ့ကြည့်နေရာဘက်သို့ သူသည်လည်း လိုက်၍ ကြည့်လိုက်သည်။

ကျုပ်သည် ခရုသင်းကို လက်ဖြင့် အသာစမ်းမိလိုက်လေသည်။ ဒွတ္တဘောင်၏ တပ်ကြီးများသည် ဗိသနိုးမြို့စောင့်တပ်ကို ဝင်၍ ရုတ်တရက်စီးလိုက်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


သျှိဝသို့ ရှေ့တော်ပြေးတပ်ဦး လွှတ်လိုက်သည်လည်း ဖြစ်နိုင်သည်။ သို့သော် ပို၍ ထင်ရှားလာနေချိန်၌ ပြေးလာနေသည်မှာ မြင်းနှစ်စီးမျှသာဖြစ်နေသဖြင့် ကျုပ်သည် ခရုသင်းကို မသိမသာ လက်လွှတ်ထားလိုက်လေသည်။

မြင်းနှစ်စီးသည် တစ်စီးနောက်မှတစ်စီး လျှင်မြန်စွာ ပြေးလွှားလိုက်လာသည်။ တဖြည်းဖြည်းနှင့် ပို၍ သဲကွဲလာပြီး ရှေ့မှလူ၏ ခေါင်းပေါင်းမှ ငှက်ခါးတောင် အရောင်ကိုပင် မြင်နိုင်လာသည်။

ကြည့်နေရင်းပင် သူရ၏မျက်နှာ၌ ဖြူလျော်လိုက်လာနေသည်။ သူသည် ပို၍ ငြိမ်သက်သွားနေသည်။ သူ့မျက်နှာမှာ မလှုပ်ရှားတော့ဘဲ မြင်းစီးလာသူများကို မခွာတမ်း စူးစိုက်ကြည့်နေသည်။

'ဒွတ္တဘောင်ဆီက စာချွန် သဝဏ်လွှာများလားပဲ'ဟု ကျုပ်က တီးတိုးပြောလိုက်လေသည်။ စိုးရိမ်မှုများသည် ကျုပ်၏ စိတ်နှလုံးထဲသို့ စတင်ခိုဝင်ရောက်ရှိလာသည်။

'အစ်ကို မသိဘူးလား'

'ဒါကြောင့် မင်းကို ပြောနေတာပေါ့'

'သူ့ခေါင်းပေါင်းက ငှက်ခါးတောင် အရောင်လေဗျာ'

'အဲတာ ဘာပြုလို့လဲ'

သူသည် မျက်နှာကို ခပ်ဖြည်းဖြည်း ကျုပ်ဖက်သို့ လှည့်လိုက်လေသည်။ သူ့ မျက်လုံးများသည် ကျုပ်၏ မျက်နှာပြင်တစ်ခုလုံးကို မွှေနှောက်ရှာဖွေနေသလို စိုက်၍ ကြည့်နေသည်။ အတော်ကြာမှ သူ၏မျက်လုံးကို ပြန်၍ လွှဲလိုက်သော်လည်း သူ့နှုတ်ခမ်းထောင့်များသည် မသိမသာ တွန့်သွားလေသည်။ သူ့မျက်နှာပေါ်တွင် သရော်သည့် အပြုံးရိပ်များ မသိမသာ ထင်ဟပ်နေသည်။

'အဲဒါ ဘုရင်မရဲ့ ခြေမြန်တော်ပါ။ ကျွန်တော့်ကို ရာဇဆိုတဲ့လူက ငှက်ခါးတောင်အရောင် ခေါင်းပေါင်းအကြောင်း ပြောဖူးတယ်' သူက ခပ်တိုးတိုးပြောနေသည်။

ဗိဿနိုးမှ ပြန်လာခဲ့ပြီးနောက် ကျုပ်သည် သျှိဝမြို့စားကလေးဘဝတွင် ကျင်လည်နေရင်း အမှုကိစ္စများ၌ နစ်မြုပ်နေခဲ့သည် မှန်သော်လည်း အချိန်ပေါင်းများစွာ ဗိဿနိုးနေပြည်တော်ကြီးကို သတိရနေခဲ့သည်။ တစ်ခါတစ်ရံ၌ ညောင်စောင်းထက်တွင် အိပ်စက်ရန် လဲလျောင်းနေကာ အိပ်မပျော်နိုင်ဘဲ ဖြစ်နေရသည်တို့

mgyoe.com

mgyoe.com
SAMPLE BOOK


မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်နေတတ်ပေသည်။ အမှန်ကို တိတိလင်းလင်းဆိုရလျှင် သျှိုဝမြို့စားလေး သူသသည် ဗိသနိုး၏အရှင် ဘုရင်မကြီးအား တစ်ရံမလပ် သတိရနေကာ စိတ်နှလုံး ကြေကွဲနေတတ်လေသည်။ သို့သော် ထိုအရာမှာ ချစ်မေတ္တာစိတ် ဖြစ်သည်ဟူ၍မူ သျှိုဝမြို့စားငယ်မှာ မည်သည့်အခါတွင်မျှ လက်ခံနိုင်မည်မဟုတ်။ ချစ်မေတ္တာစိတ်ကား ကြမ်းတမ်း ညစ်ညမ်းပေသည်။

တစ်ခါတစ်ရံ၌ စောင်းကိုကောက်ကိုင်ကာ သီချင်းတစ်ပုဒ်ပုဒ်ကို တီးခတ်နေချိန်၌ ထိုသတိရစိတ်မှာ ပို၍ဖြစ်ပေါ်လာတတ်သည်။ သို့သော် အရှင်နှင့်ပတ်သက်သည့် အမှတ်ရစိတ်၊ သတိရစိတ်တို့ကို သျှိုဝမြို့စားငယ်မှာ မျိုသိပ်ထားရပါသည်။

တပ်ဗိုလ်ရန္တနှင့် နောက်ပိုင်း၌ စကားများစွာ ပြောခဲ့သော်လည်း ဤအကြောင်းတို့ကို မပြောမိရန် သတိထားခဲ့သည်။

ယခုလည်း ဘုရင်မကြီးထံမှ ခြေမြန်တော်လာသည် ဆိုသောအခါ ကျုပ်သည် ငေးတွေကာ ကြည့်နေမိပေသည်။ ဘယ်အရေး၊ ဘယ်ကိစ္စများကြောင့်တုန်း၊ ကျုပ်အား နေပြည်တော်သို့ ခေါ်ယူလေမလားနှင့် တွေးနေမိကာ စိတ်ထဲ၌ လှုပ်ရှားနေမိသည်။

ညီလေးသည် ကျုပ်မျက်နှာကို စိုက်၍ ကြည့်နေ၏။ သူ့နှုတ်ခမ်းများမှာ မသိမသာ သရော်တော်တော် ပြုံးနေသည်။

'အင်း ဗိသနိုးအရှင်မင်းမြတ်ရဲ့ ခြေမြန်တော်ဟာ ဘယ်အဝတ်မျိုးဝတ်တယ်ဆိုတာကို အစ်ကိုတော် မသိဘူးဆိုတာ အံ့အားသင့်စရာပဲ၊ အံ့ဩစရာကောင်းလှတဲ့ကိစ္စ ဖြစ်နေပါပေါ့လား'

သူသည် ထိုရန်လိုသော ပဋိပက္ခစကားများကို ဝုန်းဝုန်းဒိုင်းဒိုင်း ပြောချလိုက်လေသည်။ ကျုပ် ပြန်လှည့်လိုက်ချိန်တွင် ကျုပ်အနားမှ ခပ်သွက်သွက် တစ်ဖက်သို့ လျှောက်သွားကာ လေကားထစ်များအတိုင်း ခပ်ကြမ်းကြမ်း ပြေးဆင်းသွားလေသည်။ သူ့ကို လှမ်းခေါ်လိုက်ရန် သတိရသော်လည်း ကြည့်နေလိုက်ရ၏။ အကယ်၍ လှမ်းခေါ်လိုက်ပြီး ထိုအကြောင်းကို ဆက်၍ ပြောဆိုလျှင် ပို၍ ပဋိပက္ခဖြစ်လာတော့မည်။ ဤသို့ဖြင့် စိတ်မကောင်းစရာများ ပို၍ဖြစ်လာတော့မည်။ ကျုပ်သည် စိတ်မကောင်းလှစွာဖြင့် ထိုနေရာတွင် ရပ်မြဲရပ်နေခဲ့၏။

မကြာမီ လေကားထစ်အတိုင်း မြင်းသည်တော် နှစ်ဦး တက်ရောက်လာနေသည်။ သူတို့၏မြင်းများကို တောင်ကုန်းအခြေရှိ မြင်းတဲ၌ ချည်နှောင်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


တောင်အခြေရှိ အစောင့်များသည် သူတို့ကို စစ်ဆေးမနေဘဲ လွှတ်လိုက်ကြပုံရသည်။ သူတို့သည် ကုန်းပေါ်သို့ ပြေးလွှားတက်လာနေသည်။ ရှေ့မှ ဘုရင်မ၏ ခြေမြန်တော် ဖြစ်ပြီး၊ နောက်မှ ထပ်ကြပ်လိုက်ပါလာသူမှာ တပ်ဗိုလ်ရန္တ ဖြစ်လေသည်။

နိုင်ငံတော်၌ အရေးတစ်စုံတစ်ရာ ကြုံတွေ့နေပြီထင်သည်။ အဝေးကြီးမှ လှမ်းမြင်နေရကတည်းကပင် တပ်ဗိုလ်ရန္တ၏ မျက်နှာပေါ်တွင် တစ်ခုခု အရေးတကြီး ဖြစ်နေပြီကို သိသာနေသည်။ သူတို့သည် တောင်ကို ပတ်ကွေ့ပြီး ပြေးတက်လာနေသည်။ ထို့နောက် သူတို့သည် စံအိမ်ဘက်ရောက်သွားပြီး စံအိမ်မှူထမ်းများ လိုက်ပို့သဖြင့် ကျုပ်ရှိရာဘက်သို့ ကွေ့ပတ်ပြီးလျှောက်လာလေသည်။ ခြေမြန်တော်က ဘုရင်မ၏ အမိန့်စာချွန်တော်ပါကြောင်း ပြောဆိုလိုက်သည်။ ကျုပ်သည် အရိုအသေပြုပြီး အမိန့်တော်စာချွန်ကို ယူထားလိုက်သည်။ ထို့နောက် ခြေမြန်တော်သည် ပြန်ကွေ့၍ လှည့်သွားပြီး ရေးကြီးသုတ်ပျာ ဆင်းသက်သွားသည်။ ရန္တနှင့်ကျုပ်သည် ထိုနေရာ၌ ရပ်တန့် ကျန်ရစ်ခဲ့လေသည်။

သူသည် ကျုပ်၏မျက်နှာကို စိုက်ကြည့်နေရင်း 'ငမင်စား သမာနတော့ ပုန်ကန်ခြားနားပါပကော သျှီဝ မြို့စားလေး'ဟု အသံတုန်တုန်နှင့် စတင်ပြောလိုက်လေသည်။

'ငမင်မြို့စား ခြားနားပြီ ဟုတ်လား'

'ဟုတ်တယ် မြို့စားလေး၊ ငမင်မြို့စောင့် ဘုရင်မတပ်တော်ကို သမာနက လုပ်ကြံပစ်လိုက်တယ်။ အခု ဘုရင်မရဲ့ ဗိသနိုးတပ်တော်ကြီးတွေ ချီတက်သွားနေရပြီ။ သမာနဟာ တိုက်ရည်ခိုက်ရည်ပြည့်ဝတဲ့လူ၊ အစီအမံသေသပ်ပိရိတဲ့လူ၊ ငမင်ကို ပြန်လုပ်ကြံဖို့ဟာ သိပ်မလွယ်လှဘူး။ ပြီးတော့ သီရိခေတ္တရာက အကူအညီကိုလည်း ယူချင်ယူထားမှာပဲ။ ငမင်ကို ပြန်ရအောင် အရေးတကြီး လုပ်ကြံနိုင်မှဖြစ်မယ်။ အတွင်းမီးတော့ ထတောက်နေပြီ မြို့စားလေးရေ့။ ကျုပ်တို့နိုင်ငံတော့ နောက်ဆုံး ပြိုကွဲရမယ့်ကိန်း ဆိုက်ရောက်နေပြီ။ အကြံအစည်သမားတွေ၊ အကွက်ကြည့်နေတဲ့ လူတွေအတွက် ဒါ အခွင့်အရေးကောင်းတစ်ခုပဲ။ ကျုပ်တို့လည်း သီရိခေတ္တရာကို ပြန်တွန်းလှန်နိုင်ဖို့ အမြန်ဆုံး စစ်ပြင်ထားနှင့်မှ ဖြစ်တော့မှာပဲ။ ပြီးတော့ ငမင်ကို အလွယ်တကူကလေးနဲ့ ပြန်လုပ်ကြံဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သမာနလို လူတစ်ယောက်ထဲကိုတောင် လူတစ်ရာနဲ့ဝိုင်းကြံမှ ညီမျှမယ်။ သမာနဟာ ဓားရေးမှာ အလွန်ကျွမ်းကျင်တာကလား။ မျက်တောင်တစ်ယှက် ဓားနှစ်ချက်ဆိုတဲ့ လူပဲ'။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျုပ်သည် စိတ်လှုပ်ရှားစွာဖြင့် တပ်ဗိုလ်ရန္တကို ငေးစိုက်ကြည့်နေသည်။ သူနှင့်ကျုပ်သည် စံအိမ်ဘက်သို့ လျှောက်လာကြ၏။ ထို့နောက် တိုက်ရေးခိုက်ရေးနှင့်ပတ်သက်ပြီး သူနှင့်ကျုပ်သည် အရေးတကြီး တိုင်ပင်နေသည်။ သမာန မည်သည့်အတွက် ပုန်ကန်သည်ကို ကျုပ်တို့နှစ်ဦးစလုံးပင် အဖြေမှန်ရအောင် မရှာနိုင်ပေ။ သို့သော် ကျုပ်၏စိတ်ထဲ၌မူ ရေးရေးဝါးဝါး သိနေလေသည်။ သမာနသည်လည်း ညီလေး သူရကဲ့သို့ စိတ်ထားမျိုးရှိမည်ဟူ၍ ကျုပ်သည် မှန်းဆတွေးတောနေ၏။ ရန္တ ပြန်သွားချိန်အထိ ကျုပ်မှာ ညီလေးသူရနှင့်ပတ်သက်သော တွေးတောနေမှုတို့ကို အဆုံးမသတ်နိုင်သေးပေ။ ထို့နောက်မှ ညောင်စောင်းပေါ်တွင် တင်ထားသည့် အမိန့်တော်စာချွန်ကို သတိရသွားလေသည်။ ကျုပ်သည် စကြဝဠာတံဆိပ် ခပ်နှိပ်ထားသည့် အမိန့်တော်စာချွန်လွှာကို ဖြေ၍ ကြည့်နေ၏။

စကြာဝဠာတံဆိပ်သည် လေတွင် လွင့်ပျံ့ဝဲလျက် ရှိလေသည်။ ပိုးအလွှာတော်ကို ဖြန့်ကိုင်ထားသည့် ကျုပ်၏လက်များမှာ တဆတ်ဆတ်တုန်လှုပ်နေသည်။

အမိန့်တော်မှာ ကျုပ်အား အမြန်ဆုံး နန်းတော်သို့ အရောက်လာခဲ့ရန် ဆင့်ဆို လိုက်ခြင်းဖြစ်သည်။ ဘုရင်မသည် မြို့စားများကို ဥပါယ်တံမျဉ်ဖြင့် ခေါ်ယူပြီး တစ်ခုခုကို အကြောင်းပြလျက် နေပြည်တော်၌ ကြာရှည်လေးမြင့်စွာ အချိန်ဆွဲထားလိမ့်မည်။ ထိုနည်းဖြင့် မြို့စားများသည် အကျယ်ချုပ်သဘောမျိုး ခံနေကြရမည်။ ထိုနည်းဖြင့် လောလောဆယ်၌ ဘုရင်မသည် မြို့စားများ ထကြွပုန်ကန်မည့်အရေးကို ကြို၍ ကာကွယ်ထားတော့မည်။

ကျုပ်သည် အမိန့်တော်လွှာကို နောက်ထပ် နှစ်ကြိမ်မျှ ထပ်၍ဖတ်နေ၏။ ထို့နောက် စိတ်လှုပ်ရှားစွာဖြင့် စံအိမ်၏လေသာဆောင်ဘက်၌ လမ်းလျှောက်နေသည်။ ကျုပ်အား တစ်ကြိမ်ကြိမ်တွင် နန်းတော်နေပြည်တော်မှ ခေါ်ယူလိမ့်မည်ဟု စိတ်ကူးအိပ်မက်များ မက်ခဲ့၏။ ဘုရင်မ၏ အပါး၌ အမြဲမပြတ် ခစားခွင့်ကြုံနေရလိမ့်မည်ဟု နှစ်နှစ်တိုင်တိုင် တွေးတောခဲ့၏။ 'ဘုရင်မကြီးအား ချစ်မေတ္တာထားနေသည်' ဆိုသော တပ်ဗိုလ် ရန္တ၏ လွန်ခဲ့သောနှစ်နှစ်က စွပ်စွဲသံသည် နားထဲ၌ အပြန်ပြန်အလှန်လှန် ကြားနေရလေသည်။ ကျုပ်သည် ချက်ချင်းသွားရန် စိတ်ကူးစီစဉ်၍နေသည်။ ဦးရီးတော်အား တရားစီစစ်ရေးကို လွှဲအပ်ခဲ့ပြီး ညီလေးသူရအား မြို့တော်ရဲမက် အုပ်ချုပ်မှုကို လွှဲအပ်ခဲ့မည်။

သို့သော် ထိုအစီအစဉ်သည်ပင် နောင်အခါ၌ ပန်ထွာနိုင်ငံတော်ကြီးအတွက်

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးမားသော အန္တရာယ်ကြီးများကို ဖိတ်ခေါ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရပေလိမ့်မည်။ ကျုပ်ကား ဦးရိုးတော်နှင့် ညီငယ်အား နေရာအထားမှားခဲ့လေပြီ။ ညီငယ်၏ရင်ထဲတွင် တစ်စတစ်စ တောက်လောင်နေသော မီးတောက်မီးဖွားများကို ကျုပ်သည် မကြည့်မမြင် နမော်နမဲ့ နိုင်ခဲ့လွန်းပေသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK



# (၅)

ကျုပ်နှင့် စစ်တားမြို့စား ဘာရတသည် ပြည်ရေးပြည်ရာ ခန်းမတော်ဆောင်ဘက်မှ ထွက်လာကြပြီး နန်းတော်ကြီး၏ လှေကားစမုခ်ဖက်သို့ လျှောက်လာကြသည်။ စစ်တားမြို့စား ဘာရတကိုလည်း ယခုမှပင် မြင်ဖူးတွေ့ဖူးရခြင်း ဖြစ်လေသည်။

ဘာရတသည် အစဉ်သဖြင့် ပြုံးနေတတ်သောမျက်နှာ၊ ဝဖြိုးသော ကိုယ်ခန္ဓာနှင့် သေးသွယ်သော လက်ချောင်းများ ရှိသူဖြစ်လျက် လူငယ်တစ်ယောက်ကဲ့သို့ပင် သစ်လွင်တောက်ပနုစိုသော အဝတ်များကို ဝတ်ဆင်တတ်သူ ဖြစ်သည်။ သူနှင့်ကျုပ်သည် နှုတ်ဆက်စကား၊ ပဋိသန္ထာရစကားများကို ယဉ်ကျေးစွာ ပြောဆိုလာကြလေသည်။ မနေ့က သျှိဝမှရောက်လာပြီး ယခု ညီလာခံသို့ ဝင်ရောက်လာကြရသည်။ နိုင်ငံရေးရာ လှုပ်ရှားမှုများကြောင့် ယခုပင် မြို့စားများသည် မိမိတို့မြို့များသို့ ပြန်ပြီး စစ်သည်များ ထပ်မံသိမ်းသွင်း စုဆောင်းကြရမည်။ စုဆောင်းပြီးစစ်သည်များကို နေပြည်တော်သို့ ပို့လွှတ်ပြီးသောအခါ တော်လှန်ပုန်ကန်ရန် ခွန်အားရှိနိုင်တော့မည် မဟုတ်။ ကျုပ်၏နားထဲ၌ ယခုပင် ပြည်ရေးပြည်ရာ ခန်းမဆောင်၌ ဘုရင်မမြွက်ကြားတော်မူသည့် စကားသံများ ပဲ့တင်ထပ်၍ ပါလာခဲ့လေသည်။

'သျှိဝမြို့စားလေး အသက်အရွယ် ဘယ်လောက်ရှိပါပြီလဲ' ဟု စစ်တားမြို့စားကြီး ဘာရတက ခန့်ညားစွာ မေးလိုက်လေသည်။ သူ့အသံ၌ ဩဇာတိက္ကမ ပြည့်ညောင်းစွာ ပါနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


'သုံးဆယ်မပြည့်တတ်သေးပါဘူး မြို့စားကြီး'

'အို ··· အလွန်နုနယ် ငယ်ရွယ်လှတဲ့ အရွယ်လေးပဲ'

ကျုပ်သည် ယဉ်ကျေးစွာဖြင့် သာသာဆဆ ပြုံးလိုက်လေသည်။

'အသက်သုံးဆယ်အရွယ်ဟာ လူ့သက်တမ်းမှာ အထက်မြက်ဆုံး၊ နေထိုင်လို့အကောင်းဆုံး၊ လုပ်သမျှအလုပ်မှန်သမျှ အအောင်မြင်ဆုံးအရွယ်လို့ ဆိုကြတယ် မဟုတ်လား မြို့စားကြီး'ဟု ကျုပ်သည် ရယ်သံတစ်ဝက်ဖြင့် ပြန်၍ပြောနေသည်။

'အဲတာက သျှိဝမြို့စားလေးရဲ့ အမြင်ကိုး။ ကျုပ်အမြင်ကတော့ လူဟာ အသက်ငါးဆယ်ကျော်လာလေလေ တန်ဖိုးမြင့်လာလေလေ ထင်တယ်'

ကျုပ်တို့သည် လေသာဆောင်ဖက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာကြလေသည်။ ထို့နောက် နန်းတော်ကြီး၏ လှေကားစမုခ်ဘက်သို့ လျှောက်၍ သွားနေကြ၏။ ဘုရင်မသည် ညီလာတော်ခန်းမဆောင်ဖက်သို့ ကြွတော်မူရန် လေသာစင်္ကြံဆောင်သို့ ပြည်ရေးပြည်ရာ ခန်းမဆောင်မှ ထွက်လာနေသည်။ ထိုအချိန်ကလေး၌ပင် ကျုပ်၏ဘဝအား တစ်ဆစ်ချိုးထောင့်တစ်ခုသို့ ကွေ့ရန် ဖြစ်ပေါ်လာလေသည်။

ငမင်ကို သိမ်းပိုက်သောတပ်များ ပြန်ရောက်လာပြီး စစ်သူကြီးဗျူဂွနှင့် ရဲမက်အချို့သည် ငမင်မြို့စား သမာနကို ဖမ်းဆီးခေါ်ဆောင်လာကြသည်။ ကြိုးများ တုပ်နှောင်ထားသည့် ငမင်မြို့စား သမာနကို ဆွဲခေါ်လျက် သူတို့သည် နန်းတော်ကြီး လှေကားမှ ခပ်ဖြည်းဖြည်းတက်လာနေသည်။ ကျုပ်တို့သည် လှေကားအထက်စမုခ် ဘေးတွင် ခဏမျှ ရပ်ဆိုင်းနေကြသည်။

'အဲဒါ ငမင်စား သမာနပဲ မြို့စားလေး။ ဓားရေးဓားရာမှာ ပြိုင်ဘက်ကင်းတဲ့ လူပဲ'ဟု စစ်တားမြို့စား ဘာရတက တိုးတိုးပြောနေသည်။

ငမင်စားသည် တောင့်ခိုင်ကြီးမားသော မေးရိုးကြီးများနှင့် သိန်းစွန်ရဲကဲ့သို့ ထက်မြက်သော မျက်လုံးများရှိသူ ဖြစ်သည်။ သူသည် လှေကားအထက်သို့ မျက်လုံးဝေ့၍ ကြည့်နေသည်။ သူ မျက်လုံးဝေ့ကြည့်လိုက်ပုံသည်ပင် ဓားသမားကောင်းတစ်ဦး ဖြစ်ကြောင်း ဖော်ပြပြီးသား ဖြစ်နေသည်။ တောက်ပထက်မြက်သော သူ့မျက်လုံး ထဲတွင် သူ၏ ကြီးမားလှသော အတ္တမာနတရားများကို မြင်နိုင်ပေသည်။ သူ့မျက်နှာသည် မထီတရီပြုံးလာလေသည်။ သူသည် အကျဉ်းသားတစ်ဦးနှင့် မတူဘဲ ခန့်ညားမြဲ ခန့်ညားနေဆဲ ဖြစ်သည်။ သူ့လက်လေးပေါ်၌ အင်္ကျီကိုစွန်းထင်နေသော သွေးကွက်သည် သူ၏ အလျှံတဖိတ်ဖိတ်တောက်သော စိတ်ထား စိတ်ဓာတ်ကို ဖော်ပြ

mgyoe.com

mgyoe.com
SAMPLE BOOK


ပေးနေသကဲ့သို့ ရှိသည်။ ပါးလွှာသော သူ့နှုတ်ခမ်းများသည် စေ့နေကြပြီး ပြတ်သားမှု၊ ရက်စက်မှုတို့ကို ဖော်ပြပေးနေသကဲ့သို့ ရှိသည်။

လေ့ကားအတက်၌ သူ့ခြေလှမ်းများသည် ပို၍ သွက်လက်လာလေသည်။ ထို့နောက် လေ့ကားအထက်ထိပ်၌ သူသည် တောင့်ခိုင်စွာ ရပ်တန့်လိုက်သည်။ ရုတ်တရက် သူရပ်လိုက်ပုံမှာ ကျောက်တိုင်တစ်ခုကို အသေစိုက်ထူလိုက်သကဲ့သို့ ဖြစ်သည်။ သူ့ကို ဆွဲခေါ်လာသူများပါ အံ့အားသင့်သွားကြသည်။ သူ့ထံမှ သံကြိုးချင်း ရိုက်ခတ်သံ တချွင်ချွင်သည် လေသာဆောင်ထိပ်၌ ပေါ်လွင်သွားသည်။

ညီလာတော်ခန်းမဆောင်သို့ ကူးမည့် ဘုရင်မသည် ခဏမျှရပ်တန့်လိုက်သည်။ ဘုရင်မသည် မျက်နှာတော်ကို လေ့ကားစမုခ်ဘက်သို့ ခဏမျှကြည့်လိုက်လေသည်။ မျက်နှာပေါ်တွင် လွှမ်းခြုံထားသော ပိုးပုဝါလွှာပါးပါးကို လေသာဆောင်၌ လေများ ဝေ့ယမ်းသွားသည်။ ထို့နောက် ဘုရင်မသည် တရားရေးခန်းမဆောင်ဘက်သို့ ခြေဦးလှည့်တော်မူသည်။

'သျှိဝမြို့စားခင်ဗျား၊ ကျုပ်နဲ့ အတူတူ တရားရေးခန်းမတော်ဆောင်ဘက် ကြွလှမ်းလိုက်ပါတော် မူဝံ့ပါသလား။ သျှိဝမြို့စားမင်းဟာ ဓားရေးမှာ အလွန်ပဲ ထက်မြက်ပါပေတယ်လို့ အလွန်ပဲ နာမည်ကြီးပါတယ်။ ကျုပ်က မသေမီ သျှိဝမြို့စားလေးနဲ့ ဓားရေး တစ်ပွဲတစ်လမ်းလောက် စမ်းသွားချင်ပါတယ်။ ကျုပ်က သေမိန့်အပေးခံရမယ့်လူပဲ မြို့စားလေး၊ ဒီနိုင်ငံရဲ့ တရားဥပဒေအရ သေဒဏ်သင့်တော့မယ့် ရာဇဝတ်သားတစ်ဦးဟာ နောက်ဆုံးအနေနဲ့ အခွင့်အရေးထူးတစ်ခု တောင်းဆိုနိုင်ခွင့် ပြဋ္ဌာန်းထားပါတယ်။ ဘာပြုလို့ ခင်ဗျားနဲ့ ဓားချင်းယှဉ်ကစားချင်စိတ် ပေါက်လာမိလို့လဲဆိုတော့ ....'

သမာန၏ ကျယ်လောင်စွာ ရယ်မောလိုက်သံသည် လေသာတပြင်လုံးတွင် သိမ့်သိမ့်တုန်မျှ ခါသွားလေသည်။ သူသည် အော်ကျယ်ဟစ်ကျယ် ပြောနေ၏။ ကျုပ်သည် အံ့အားသင့်လွန်းပြီး ကြက်သေသေ ငေးမောနေရလေသည်။ သူ့ကို မိမိသည် တစ်ခါကမျှ မမြင်ဘူး၊ မသိဘူး၊ မဆက်ဆံတူးခဲ့။ သူနှင့် ဆက်ဆံပတ်သက်ဖွယ်ရာအကြောင်းလည်း မရှိ။ သူသည် မိမိ၏မိတ်ဆွေလည်း မဟုတ်၊ ရန်သူလည်း မဟုတ်ခဲ့၊ သူက ရန်ညှိုးသိုရန်လည်း မိမိသည် တစ်စုံတစ်ရာမပြုမူဘူးခဲ့။ ဘာကြောင့် သူသည် မိမိနှင့် ဓားချင်းယှဉ်ပြိုင်လိုစိတ် ပေါက်နေရသနည်း။

ကျုပ်သည် သူ့မျက်နှာကို ငေး၍ကြည့်နေ၏။ သူ့မျက်နှာပေါ်မှ မာန

mgyoe.com

mgyoe.com
SAMPLE BOOK


တောက်ပသော အပြုံးမှာ ပိုမို၍ ဝင့်ဝါနေသည်။ သူသည် ရင်အုံကို ကော့ထား၏။ ထိုအချိန်၌ ကျုပ်၏သွေးများမှာ မလှုပ်မရှား ငြိမ်သက်နေရာမှ တဖြည်းဖြည်းဆူပွက်လာလေသည်။

ဓားသမားတစ်ဦးသည် သူ၏ ဓားရေးဓားရာနှင့် ပတ်သက်လျှင် ကြီးမားသော မာနရှိသည်။ ဓားရေးဓားရာနှင့် ပတ်သက်လျှင် စိုးစဉ်းမျှ အစော်ကားခံတတ်သည် မဟုတ်။ ကျုပ်သည် ကိုယ်ကို တောင့်တောင့်မတ်မတ် ရပ်လိုက်သည်။ ကျုပ်၏ မျက်လုံးများသည်လည်း တောက်ပသွားလေသည်။ ကျုပ်၏ ဝင့်ဝါသောလက်ချောင်းများသည် ဓားကိုကိုင်ရန်အတွက် ထိုခဏ၌ ကြွရွသွားကြလေသည်။ လက်မောင်းများ၌ သွေးများ တဖျဉ်းဖျဉ်းနှင့် ဆင်းပြေးနေကြသည်။

ဘာရတ၏ ရှေ့ … ၊ သက်တော်ရှည် ဝန်များ၏ရှေ့ …. ၊ စစ်သည်တော်များ၏ရှေ့ … ၊ ဘုရင်မ၏ရှေ့၌ ထိုစကားမျိုးကို ငြိမ်ခံနေ၍၊ ထိုတိုက်ပွဲမျိုးကို ရှောင်ရှားသွား၍ မဖြစ်။

'ဖြစ်ပါတယ် သူပုန်မြို့စားမင်း၊ ခင်ဗျား ကျုပ်ကို တရားရေးခန်းမဆောင်ထဲ ဝင်ခွင့်ရအောင်သာ အခွင့်အရေးတောင်းဆိုပေးပါ။ ခင်ဗျားမယ် တောင်းဆိုပိုင်ခွင့် ရှိနေတာပဲ'

သမာနသည် ဘုရင်မနားတော်ပေါက်ရန် တမင်လျှောက်ကြားသကဲ့သို့ ကျုပ်သည်လည်း တမင်အော်ဟစ်၍ ပြောဆိုလိုက်လေသည်။ ဘုရင်မကိုယ်တိုင် နောက်သို့ တဖန်ပြန်၍ လှည့်ကြည့်လိုက်ပြီးမှ ဆက်၍ ကြွလှမ်းသွားလေသည်။

သက်တော်ရှည်ဝန်တစ်ဦးသည် လေသာဆောင်ဘက်သို့ ပြန်၍လျှောက်လာသည်။ အကျဉ်းသားကိုခေါ်သွားနှင့်ရန် သူသည် စစ်သူကြီးကို ပြောလိုက်၏။ ဘာရတသည် ကျုပ်ကို နှုတ်ဆက်ပြီး နံဘေးမှ ရှောင်တိမ်းဆင်းသွားသည်။ ကျုပ်သည် အသားတဆတ်ဆတ်တုန်လျက် ကျန်ရစ်ခဲ့၏။

သက်တော်ရှည်ဝန်သည် ကျုပ်ဘေးတွင် ရပ်တန့်ပြီး 'အခု ကျုပ်ပြောမှာ ဘုရင်မကိုယ်တော်တိုင်ရဲ့ စကားဖြစ်တယ်လို့ မှတ်ယူစေလိုပါတယ် သျှိဝမြို့စားလေး။ ပန်ထွာရဲ့တရားဥပဒေအရ သေဒဏ်အပြစ်ပေးခံရတော့မယ့် အကျဉ်းသားမှာ အခွင့်အရေးတစ်ခု တောင်းဆိုခွင့် ပြုထားတယ်။ ဒါပေမယ့် အကြောင်းမဲ့ ဘာပြုလို့ သျှိဝမြို့စားလေးလို နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လူတစ်ယောက်က နိုင်ငံတော်သစ္စာဖောက်နဲ့ တွဲပြီး ဓားချင်းယှဉ်မလဲ၊ ဓားချင်းယှဉ်မယ်ဆိုရင် သိပ်

mgyoe.com

mgyoe.com
SAMPLE BOOK


မိုက်မဲတဲ့ မိုက်ရူးရဲအလုပ်ပဲ သျှိဝမြို့စားလေး ....။ ပြီးတော့ သူနဲ့မတူလို့၊ တန်ဖိုးချင်းမညီမျှလို့ ဓားချင်းမခုတ်နိုင်ပါဘူးလို့ ငြင်းဆိုတာဟာ ရက်စရာမကောင်းတဲ့အပြင် ဂုဏ်သိက္ခာရှိတဲ့ အလုပ်ပဲ'ဟု တိုးတိုးပြောနေသည်။ 'ကျုပ် ... ခင်ဗျားကိုယ်စား သမာနကို အဲဒီအတိုင်း စကားပြန်လိုက်ပါ့မယ်'

'ဒါပေမယ့် ကျွန်တော်လည်း ဓားသမားတစ်ဦးပဲ'

ကျုပ်သည် တိုးတိုးပင် ပြန်ပြောလိုက်လေသည်။

'ဒီအတိုင်းဆိုတော့ ကျွန်တော့်ကို တရားရေးခန်းမတော်ဆောင်ထဲ ဝင်လိုက ဝင်ခွင့်ပြုလိုက်ပြီ မဟုတ်လား'

'ဒါပေမယ့် သမာနဟာ ဓားရေးမှာ ကျွမ်းကျင်တယ်လို့ ပြောရုံတင်မကဘူး'

ကျုပ်သည် သက်တော်ရှည်ဝန်အား ဖြတ်ကျော်လိုက်ပြီး တရားရေးခန်းမတော်ဆောင်ဘက်သို့ သွက်လက်ဖျတ်လတ်စွာ ဖြတ်ကျော်သွားသည်။ တရားရေးခန်းမတော်ဆောင် တံခါးမှူးသည် ကျုပ်အား ခေါင်းညိတ်၍ ဝင်ခွင့်ပြုလိုက်သည်။ ကျုပ်သည် လက်ဝဲဘက်လမ်းမှ ဦးခေါင်းငုံ့လျက် ဖြည်းလေးစွာ ဝင်ရောက်လေသည်။

တရားရေးခန်းမဆောင်သည် တိတ်ဆိတ်ငြိမ်သက်သွား၏။ နောက်ဖက်လေသာပေါက်များမှ အဆင့်ဆင့် သွင်းထားသည့် အလင်းရောင်များသည် ခန်းမဆောင်ထဲ၌ လင်းရှင်းနေသည်။ အတော်ကြာလျှင် မြို့တော်ဝန်ကြီး သူဇုသည် သမာန၏ပြစ်မှုအတွက် စွဲချက်တင်ရန် ပါလာသည့် ဓမ္မသတ်များမှ ကောက်နုတ်ချက်များကို ဖတ်ကြားမည် ပြင်ဆင်နေသည်။ သူ၏ ကိုယ်လက်လှုပ်ရှားသံသည် ခပ်တိုးတိုးအသံအဖြစ်ဖြင့် ကြားနေရသည်။ အဖိုးကြီးသူဇုမှာ တုန့်နှေးနေသည်။

ထိုအချိန်ကလေး၌ပင် လက်ျာဘက်မှ သံကြိုးချင်းရိုက်ခတ်သံ ဆူညံစွာ ပေါ်ထွက်လာလေသည်။ အကျဉ်းသားသည် ဖွတ်ရှန်းပြီး နေရာမှထလိုက်၏။ သူသည် ကိုယ်အားယူ၍စကားပြောသဖြင့် သူ့ကိုယ်ပေါ်မှသံကြိုးများ ဆူညံသွားလေသည်။

'ကျွန်တော့်ကို အချိန်ကုန်ခံပြီး တရားစီရင်နေဖို့ မလိုအပ်ပါဘူး'ဟု သူ့အော်လိုက်သံသည် တိတ်ဆိတ်ငြိမ်သက်သော အခန်းထဲ၌ လိုဏ်သံပါနေသည်။

'ကျွန်တော့်ကို နိုင်ငံတော်လုပ်ကြံမှုနဲ့ ကွပ်မျက်ပစ်ဖို့ တစ်လမ်းထဲရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ တရားဥပဒေအတိုင်း သေဒဏ်အပြစ်ပေးခံရတော့မယ့်ဆဲဆဲ အကျဉ်းသားအနေနဲ့ သျှိဝမြို့စားလေး သူသနဲ့ တစ်ဦးချင်း ဓားချင်းယှဉ်ခွင့်

mgyoe.com

mgyoe.com SAMPLE BOOK


တောင်းဆိုပါတယ်။ ပန်ထွာအရှင်မင်းမြတ်ကလဲ မင်းကောင်းမင်းမြတ်ပီပီ၊ တရားဥပဒေနဲ့ညီစွာ ဓမ္မသတ်တို့ကို ဂရုပြုလိမ့်မယ်လို့ ထင်ပါတယ်။ သျှိုဝမြို့စားမင်းကလဲ ဓားသမားပီသစွာ၊ ယောကျ်ားပီသစွာ ငြင်းဆိုလိမ့်မယ်မဟုတ်ဘူးလို့ ထင်ပါတယ်'

ထိုအချိန်၌ ကျုပ်၏စိတ်ထားများမှာ ပြောင်းလဲနေကြလေသည်။ ကျုပ်သည် ညီလေးသူရကို အမှတ်ရနေ၏။ သူ၏ ပြုံးချိုရွှင်ပျသော မျက်နှာကလေးကို သတိရနေသည်။ ညီလေးသူရနှင့် သမာနသည် စိတ်ထားသဘောထားချင်း အတူတူဖြစ်နေကြသည်။ ထိုအယူအဆမျိုးရှိသူများသည် ကျုပ်ကို ရွံမုန်းနေကြ၏။ သူတို့၏ ရန်သူကြီးများသဖွယ် သတ်မှတ်ထားနေကြ၏။

ညီငယ်ဖြစ်သူ၏ ရင်ထဲ၌ ထိုမကျေချမ်းမှုသည် လွန်ခဲ့သောနှစ်နှစ်ကတည်းက ကြီးမားစွာ ပေါ်ပေါက်နေခဲ့လေသည်။ ရင်ထဲ၌ တောက်နေသောမီးသည် တစ်စထက်တစ်စ ပို၍ ကြီးမားကျယ်ပြန့်လာမည်။ သူနှင့်ကျုပ်တို့ညီနောင်မှာ ယခင်ကလို ချစ်ချစ်ခင်ခင် မဟုတ်ကြတော့ပြီ။ ယခုအချိန်၌ ကျုပ်၏စိတ်ထဲတွင် ထိုစိုးရိမ်စိတ်သည် ဝင်ရောက်နေ၏။ ကျုပ်က ညီငယ်အား စစ်သည်ရဲမက်အုပ်ချုပ်ရေး၌ ဝကွက်၍ ပုံအပ်ခဲ့၏။ သူသည် ကျုပ်မရှိသည့် အခိုက်အတန့်ကလေး၌ တပ်ဗိုလ်ရန္တအား တိုက်ခိုက်ပြီး ပုန်ကန်ခြားနားနိုင်သည်။ ယခုအချိန်၌ပင် စတင်စိုင်းပြင်းချင် ပြင်းနေမည်။ ဦးရီးတော်သည် သူ့ကို လွန်ဆန်နိုင်သည် မဟုတ်။ သို့ဆိုလျှင် ဤနေရာ၌ ဓားချင်းယှဉ်ပြိုင်ပြီး ကလေးကလား သူရဲကောင်းစွမ်းရည်ပြပွဲ ကျင်းပနေသည်ထက် သျှိုဝသို့ အမြန်ပြန်၍ ပြေးသွားသင့်လေသည်။ တိုက်ပွဲကျင်းပနေခြင်းဖြင့် အချိန်များကို မကုန်ဆုံးစေသင့်။ ကျုပ်သည် အမှုမဲ့အမှတ်မဲ့ ဒေါသကို မချုပ်တီးမိဘဲ လိုက်လာခဲ့မိခြင်းဖြစ်၏။ သမာနသည် ညီငယ်သူရနှင့် တမင်အကွက်ဆင်၍ ယခုကဲ့သို့ ကျုပ်အား အချိန်ဖင့်နှေးစေရန် တမင် ပြုမူနေခြင်း ဖြစ်နိုင်ပေသည်၊ စသည်တို့ကို ကျုပ်သည် ဖြည်းလေးစွာ တွေးနေမိပေသည်။

လူသူအပေါင်းသည် ကျုပ်၏စကားသံကို ငံ့လင့်စောင့်ဆိုင်းနေကြသည်။ တရားရေးခန်းမတော်ဆောင် တစ်ခုလုံးမှာ အသံ တစိုးတစိမျှ မရှိဘဲ ငြိမ်သက်တွေဝေနေသည်။ သမာန၏ နောက်ဆုံးစိန်ခေါ်သံမှာ လူတိုင်း၏နားမှ မထွက်နိုင်သေးဘဲ ရှိနေကြသည်။

'သျှိုဝမြို့စားလေးဟာ ဓားကစားဖို့ ဝန်လေးနေမယ် မဟုတ်ဘူးလို့ ထင်ပါတယ်။ ဓားရေးပြဖို့အတွက် အခုလို တရားရေးခန်းမတော်ဆောင်ထဲကို ခွင့်တောင်း

mgyoe.com

mgyoe.com SAMPLE BOOK


ပြီးလိုက်ပါလာတာလို့ ထင်ပြီး ကျွန်တော် လေးစားနေပါတယ်။ ဒါပေမယ့် အခုလို အချိန်အထိ စကားတစ်လုံးမှ ပြန်မပြောသေးပုံထောက်တော့ ဓားချင်းယှဉ်ဖို့အတွက် စိတ်လေးလံသွားပုံ ရပါတယ်။ ဒီအတိုင်းဆိုရင် ဓားရေးဓားစွမ်း တစ်ချက်မှမပြဘဲ နဲ့ သျှိဝရဲ့ဓားဘုရင်ဘွဲ့ကို ကျွန်တော့်ကို ပေးအပ် လွှဲအပ်လိုက်ပြီးသားလို့ ယူဆရ တော့မလို ဖြစ်နေပါပြီ။ အားလုံးက အဲဒီအတိုင်းပဲ ဝိုင်းဝန်းအသိအမှတ်ပြုကြဖို့ ဖြစ်နေပါပြီ'

သမာနု၏ ရယ်လိုက်သံသည် တရားရေးခန်းမဆောင်တော်တွင် ပဲ့တင်ထပ် သွားပြန်လေသည်။ ကျယ်လောင်သော၊ အောင်မြင်၍ ဩဇာတိက္ကမရှိသော သူ့စကား သံများသည် လူတိုင်းအပေါ်တွင် လွှမ်းမိုးထားလေသည်။

သို့သော် ကျုပ်ကား ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ မိမိဘက်မှ မတိုက်ခိုက် လိုတော့သည့် အကြောင်းပြချက်ကို တင်ပြ၍လည်းမဖြစ်။ ထိုသို့တင်ပြလိုက်လျှင် ညီငယ်၏ စိတ်ဓာတ်များကို အထုပ်ဖြေပြရတော့မည်။ ယခုကဲ့သို့ တရားရေးခန်းမ ထဲသို့ လိုက်ပါလာခဲ့ပြီးမှ ငြင်းဆို၍ မဖြစ်တော့။ ကျုပ်သည် အံကို တင်းတင်းကြိတ် နေ၏။ နဖူးမှချွေးများ စေးထန်းဖြာကျနေလျက် လက်များ တဆတ်ဆတ်တုန်နေ သည်။

ထို့နောက် အချိန်များစွာ ကုန်လွန်ဖြတ်သန်းနေပြီးနောက်မှ ရာဇပလ္လင် ထက်မှ ဘုရင်မ၏ မိန့်မြွက်စကားသံသည် လူတိုင်း၏နားထဲသို့ ညင်သာစွာ ထိုး ဖောက် ဝင်ရောက်လာလေသည်။

'သမာနုအမှုကို စွဲချက်တင်ပါတော့။ တရားဥပဒေမြတ်အတိုင်း လိုက်လျော လို့ ပြီးပါပြီ မြို့တော်ဝန်'ဟု မိန့်မြွက်လိုက်သံသည် တီးတိုးရေရွတ်သံ ဖြစ်နေ သည်။

ထိုအထဲ၌ ကျုပ်အတွက် စိတ်မကောင်းဖြစ်မှုမျိုးသည်လည်း ပါနေမည် ထင်သည်။ မြို့တော်ဝန်သူဇ၏ ဓမ္မသတ်များကို ကိုင်တွယ်နေသောလက်မှာ တဆတ် ဆတ်တုန်နေသည်ဟု ထင်မြင်နေသည်။ အရှင်မင်းမြတ်သည် ကျုပ်အား အထင်သေး သွားပေပြီ။ ကျုပ်အား ဓားသမားမပီသသူ၊ ယောက်ျားမပီသသူဟု ထင်သွားပေပြီ။ ကျုပ်၏ သွေးအတိုးနှုန်းမှာ တဖန်ပြန်၍ မြန်လာလေသည်။ အစောက ဒေါသ စေတသိက်များသည် ရင်ထဲ၌ ပြန်ပေါ်၍ ဆူပွက်လာပြန်သည်။ ခုအတိုင်းဆိုလျှင် ဓားချင်းယှဉ်ခုတ်ရန်မှတစ်ပါး အခြားနည်းလမ်း၊ အခြားသောထွက်ပေါက် မရှိတော့။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျုပ်သည် မျက်နှာကို ခပ်မော့မော့ အနေအထားဖြင့် ရဲရင့်သော ဓားသမား တစ်ဦး၏ အသွင်သဏ္ဌာန်ကို ပြန်၍ယူလိုက်လေသည်။

'ဓားသမားတစ်ယောက်ဟာ ဓားချင်းတိုက်ရမယ်ဆိုရင် ဘယ်တိုက်ပွဲကိုမှ ရှောင်ရှားလေ့မရှိပါဘူး။ ဒီအတိုင်းပဲ ခင်ဗျားနဲ့ ဓားချင်းယှဉ်ဖို့ ကျုပ် ဟောဒီ တရားရေးခန်းမတော်ဆောင်ထဲ လိုက်ခဲ့တယ်။ ဒါပေမယ့် နိုင်ငံတော်အတွက် အရေး ကြီးတဲ့ အချိန်လုလုပ်ရမယ့် ကိစ္စတစ်ခုပေါ်လာလို့ ကျုပ်ရဲ့ဂုဏ်သိက္ခာအကျခံပြီး ဓားချင်းခုတ်ဖို့ ငြင်းဆန်မလို့ဘဲ၊ ဒါပေမယ့် အခုတော့ ဓားချင်းယှဉ်ဖို့ ကျုပ်က ပြန်ပြီး စိန်ခေါ်လိုက်ပြီ။ အခုတော့ အကြောင်းတစ်ခုကြောင့် ခင်ဗျားနဲ့ ဓားချင်းယှဉ် ရုံတင်မကဘူး၊ ကြိုက်ရာလက်နက်ချင်း ယှဉ်မယ်။ ကြိုက်ရာလက်နက်၊ ကြိုက် တဲ့အချိန်၊ ကြိုက်တဲ့နေရာမှာ ယှဉ်မယ်'

ကျုပ်၏ တစ်ကိုယ်လုံးပေါ်၌ ဖြတ်လျှောက်နေသော သွေးတို့မှာ ပို၍ ရဲရဲ နီထွေးသွားသည်ဟု ထင်ရသည်။ ကျုပ်၏ ပြတ်သားတင်းမာသော အသံသည် ခြသေ့်ဟောက်သံကဲ့သို့ ရဲရင့်တောက်ပသွားသည်။ သို့သော် ကျုပ်၏စကားများမှာ သမာနကို ပြောနေသော်လည်း ဘုရင်မကို ရည်ညွှန်းနေသည်။ အရှင်သည် ရိပ်မိချင် ရိပ်မိသွားပါလိမ့်မည်။ အရှင်၏စကားတစ်ခွန်းကြောင့် ဤတိုက်ပွဲကို သျှိဝမြို့စားက လက်ခံရသည်ဖြစ်ကြောင်း ရိပ်မိချင် ရိပ်မိသွားပါလိမ့်မည်။ ရိပ်မိချင် ရိပ်မိပါစေ။

ဘုရင်မသည်လည်း သက်ပြင်းရှူရှိုက်လိုက်လေသည် ထင်ရသည်။ တီးတိုး ရေရွတ်သံဖြင့် နာခံတော်အား အမိန့်တော်လိုက်ရေးမှတ်ရန် ဘုရင်မ၏ မိန့်တော်မူ သံသည် တစ်လုံး တစ်ပိုဒ် တစ်ပါဒချင်း ပေါ်လာနေသည်။

*'မေင်စားသည် ရာဇဝတ်ဒဏ်သင့်သူဖြစ်၍ ၎င်းအား အသေ တိုက်ခိုက်ခြင်း မပြုရ။ အသေတိုက်ခိုက်ချေသော် မေင်စား၏နေရာ ၌ သျှိဝမြို့စားငယ်သည် အစားဝင်၍ ရာဇဝတ်ဒဏ် ခံယူရမည်။*

*မေင်စားသည်လည်း သျှိဝစားအား အသေတိုက်ခိုက်ခြင်း မရှိစေရ။ ထိုသို့ဖြစ်ချေသော် ဤကမ္ဘာကြီး မပျက်စီးမီ ကာလ ပတ်လုံး မေင်စားသည် တမလွန်ဘဝမှနေ၍ ဤဗိသဃနီးမြို့တော် ကြီးအား စောင့်ကြပ်စေ။*

*ဤအမိန့်တော်သည် တရားဥပဒေကို တိကျစွာလိုက်နာခဲ့သော*

mgyoe.com

mgyoe.com
SAMPLE BOOK


*ရှေးဘိုးဘေးများ၊ ဘုရားအဆူဆူ၏ ကျင့်စဉ်များ၊ နာယာဃန နတ်မင်းကြီးအား တိုင်တည်၍ ကျွန်ုပ် ချမှတ်သည်’*

အားလုံးက သမာနနှင့်ယှဉ်လျှင် သျှိုဝမြို့စားငယ်သည် ရှုံးနိမ့်ရမည့်သူဟု အယူအဆရှိနေသည်။ ထိုအယူအဆသည် အရှင်မ၏ နှလုံးအိမ်၌လည်း ရှိမည်။ အရှင်သည် အရှင်၏ စကားတစ်လုံးတစ်ပါဒကြောင့် သျှိုဝမြို့စားငယ်က သမာနအား ယှဉ်ပြိုင်၍ ဓားချင်းခုတ်တော့မည်ကိုလည်း သိသည်။ ထို့ကြောင့် သျှိုဝမြို့စားငယ် အား ထောက်ညာပြီး ဤကဲ့သို့ ‘အသေသတ်ခွင့်မပြု’အမိန့်တော်ကို ချမှတ်ခြင်း ဖြစ်ပေလိမ့်မည်။

ထိုအချိန်ကလေးတွင် ကျူပ်၏ရင်ထဲ၌ ဓားသမားတစ်ဦး၏ ပြည့်လျှမ်း ထက်မြက်သော မာနတရားနှင့်အတူ ကြည်နူးချမ်းမြေ့စိတ်များလည်း ပေါ်နေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

'သျှိဝမြို့စားဘက်က လောင်းရဲတဲ့လူရှိရင် ဆယ်လေးတစ်လေး ပေးမယ်ဟေ့' ဆိုသော အသံများသည်နားထဲ၌ တိုးဝင်နေ၏။ နန်းတော်ဝင်းအတွင်းသို့ ဝင်ရောက်ခွင့်မရှိသော မြို့သူမြို့သားများသည် အပြင်ဘက် မင်းလမ်းမကြီးတစ်လျှောက်တွင် ဆူညံနေကြသည်။ နန်းတော်၏ လေသာပြင်မှ ဘုရင်မကိုယ်ရံတော်တပ်များသည် ငြိမ်သက်စွာ နန်းတော်ကြီးရှေ့ မြက်ခင်းပြင်ကို ငုံ့ကြည့်နေသည်။ အထိန်းတော်ကြီးတစ်ဦးသည် နန်းရင်ပြင်သို့ ခဏထွက်လာပြီး ရိပ်ကနဲပြန်၍ ပျောက်ကွယ်သွားသည်။ ဘုရင်မသည်လည်း နန်းတော်၏ အဆောင်တော်တစ်ခုခုမှ တံခါးကိုလှစ်ဟ၍ တိုက်ပွဲကိုကြည့်ရှုရန် အသင့်စောင့်ဆိုင်းနေလိမ့်မည်။

'ပရိသတ်တွေ ဘာဖြစ်နေနေ အားတော့မလျှော့နဲ့ သျှိဝမြို့စားလေး၊ သူ့ဓားချက်ဟာ ဘယ်ဘက်က ပတ်ပတ် ဝင်တတ်တယ်။ ခုတ်ဓားကိုပဲ အားကိုးတယ်။ ထိုးဓား လုံးလုံးမသုံးတတ်ဘူး။ မြို့စားလေးရဲ့ဒိုင်းနဲ့ သူ့ဒိုင်းနဲ့ အရွက်ချင်း၊ အလေးချိန်ချင်း အတူတူပဲ။ ဘယ်သူကမှ အားသာမှာ မဟုတ်ဘူး။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ'ဟု မြို့တော်ဝန်သည် အသံပေါင်းများစွာကို ကျော်ဖြတ်စေရန် နားအနီးသို့ ပို၍တိုးကပ်လာပြီး တိုးတိုးပြောလေသည်။ သူသည် အများနည်းတူ သျှိဝမြို့စားက ရှုံးနိမ့်မည်ဟု ကံသေကံမ တွက်ဆထားပုံရသည်။

ကျုပ်သည် ငြိမ်သက်စွာ ရပ်နေ၏။ ဓားသမားတစ်ဦးအတွက် ဓားချင်းခုတ်ရသည့် တိုက်ပွဲမှာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ထူးဆန်းသော အခြင်းအရာကား

mgyoe.com

mgyoe.com

SAMPLE BOOK


မဟုတ်ပေ။ သို့သော် တုန်လှုပ်စိတ်၊ ကြောက်စိတ်၊ ချောက်ချားစိတ် ဝင်လာလျှင် တိုက်ပွဲမှာ ရှုံးပြီးသား ဖြစ်နေလိမ့်မည်။

သမာနကို စစ်သူကြီးသည် တိုက်ကွင်းမြောက်ဘက်သို့ ခေါ်ဆောင်သွားနေသည်။ တိုက်ပွဲဝင်ရောက်တော့မည့် မြင်းကဲ့သို့ သမာန၏ ကိုယ်ဟန်မှာ ကြွနေသည်။ ဝိုင်း၍ ဆူညံသြဘာပေးကြသံများသည် ကွင်းလုံးပြည့်လျှံသွားနေသည်။

ထိုအချိန်၌ သမားတော်ကြီးဇီဝသည် သူ့ဆေးလွယ်အိတ်ကြီးကို လွယ်လျက် နန်းတော်ဝင်းဝမှ ဝင်လာနေသည်။ သူသည် အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ အရိုးအဆစ်ကြီးကြီး၊ အသားနီစပ်စပ် ဖြစ်၏။ စစ်သည်ရဲမက်များသည် သမားတော်ကြီးအား သွားရောက်ပင့်ဆောင်ပြီး တိုက်ကွင်းဖက်သို့ လာနေသည်။

လူများကို တိုးဝှေ့ပြီး နန်းတော်ကြီး လှေကားဖက်မှ သက်တော်စောင့်ဝတ်စုံကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ပြေးလာသည်။ သူသည် ပါးစပ်မှ တစ်ခုခုကို ကျယ်လောင်စွာ ဟစ်အော်လာသည်။ သူ့အော်သံသည် အခြားသောအသံများအောက်တွင် ပျောက်ကွယ်နေသည်။ သို့သော် ထပ်ပြန်တလဲလဲ အော်နေသဖြင့် သူ့အော်သံကို တစ်ချက်တစ်ချက်၌ ကြားရလေသည်။

'သီဟယော်ဓာ ဘွဲ့တော်မြတ်ပေးဖို့ သင့်လျော် သင့်တော်တဲ့ သျှိဝမြို့စားလေးဖက်က ကျုပ် လောင်းပါတယ်။ ဟောဒီမှာ ငွေထုပ်၊ ကြည့်ကြပါ။ အခုန ဆယ်လေးတစ်လေး ပေးရဲတယ်ဆိုတဲ့ မိတ်ဆွေများ ဒီဘက်ကို ထွက်လာခဲ့ကြပါ။ ရှေ့ဘက်ကို တိုးခဲ့ကြပါ'ဟု သူ၏ အော်ဟစ်ပြောဆိုနေသံမှာ ပျော်စရာ ဖြစ်နေလေသည်။

လူများသည် သူ့ကိုဝိုင်း၍ ရယ်မောပစ်ကြလေသည်။ သို့သော် ထိုရယ်သံများကို ဂရုမပြုဘဲ သူသည် ဆက်၍ စိန်ခေါ်နေ၏။ ထို့နောက် ယှဉ်လောင်းမည့်သူများနှင့်သူသည် တကယ်ပင် လောင်းနေသည်။

'ကဲ … ကျုပ်တို့ သွားကြစို့လေ မြို့စားလေး'ဟု မြို့တော်ဝန်က သတိပေးလိုက်လေသည်။

သမာနသည် တိုက်ကွင်းမြောက်ဘက်မှ တောင့်တောင့်ရပ်ပြီး ကျုပ်ကို လှမ်းကြည့်နေသည်။ ကျုပ်သည်လည်း ကွင်းတောင်ဘက်တွင် တောင့်တောင့်ရပ်လျက် ရှိသည်။ ကျုပ်တို့သည် ခရုသင်းမှုတ် အချက်ပေးသံကို စောင့်နေသည်။ ပရိသတ်သည်လည်း တိတ်ဆိတ်ငြိမ်သက် သွားလေသည်။ အချိန်ကျလာသောအခါ

mgyoe.com

mgyoe.com
SAMPLE BOOK


စူးရှပြတ်တောင်းစွာ အချက်ပေး ခရာသင်းသံသည် ထွက်ပေါ်လာသည်။

ကျုပ်သည် ခါးမျှအမြင့်ရှိသော စည်းကြိုးကို ခုန်၍ ကွင်းအတွင်းသို့ အားကုန်လွတ်ပြေးဝင်လိုက်သည်။ ထို့နောက် ကွင်းအလယ်တွင် သမာနနှင့် တွေ့ဆုံလိုက်လေသည်။

သူသည် လျင်မြန်စွာပြေး၍ ဆီးခုတ်လိုက်လေသည်။ သူ့ဓားချက်များမှာ မရေတွက်နိုင်လောက်အောင် တစ်ချက်နှင့်တစ်ချက် ဆင့်၍ ကျလာသည်။ နေရာအမျိုးမျိုး ထောင့်အမျိုးမျိုးမှ ပတ်ဝင်သည်။ ကျုပ်သည် ဓားကို တစ်ချက်မျှမသုံးနိုင်ဘဲ ဒိုင်းနှင့် ဒလစပ်ကာပြီး တိုက်ပွဲစလျှင်စချင်း နောက်သို့ တစ်လှမ်းပြီးတစ်လှမ်း ရှောင်တိမ်း ဆုတ်ခွာပေးရလေသည်။ ဓားကို အလျင်းသုံးချိန်မရ။ အကယ်၍ ဓားကိုသုံးလိုက်လျှင် ကိုင်ထားသောဒိုင်းသည် အချိန်အဆလွဲမှားသွားပြီး ကိုယ်ပေါ်သို့ ဓားချက်များ တစ်ချက်ပြီးတစ်ချက် ဆင့်ကျလာလိမ့်မည်။

သူ့ကို အလွယ်တကူနိုင်မည်ကား မဟုတ်။ သူသည် ဓားအရေး၌ နာမည်ကြီးလောက်သူပင်။ ကျုပ်သည် ကိုယ်ကို ပစ္စည်းတစ်ခုသဖွယ် သဘောထား၍ လျှင်မြန်ကျင်လည်စွာ ရှောင်တိမ်းနေရ၏။ ဒိုင်းနှင့်ဓားများ ထိတွေ့သံသည် တဖြည်းဖြည်း စည်းကြိုးတောင်ဘက်စ အနီးသို့ ကပ်လာလေပြီ။ ဓားနှင့် ဒိုင်းထိသောအခါ မီးပွင့်များသည် ခေါင်းထက်၌ ထထ တောက်နေသည်။ ဓားခုတ်သံများသည် ပရိသတ်တို့၏ သမာနဘက်မှ ညာပေးသံများနှင့်အပြိုင် ပေါ်လာနေသည်။

သို့သော် သူတို့၏ ညာဟစ်သံမှာ တဖြည်းဖြည်း လျော့နည်းလိုက်လာသည်။ ဤမျှ သွက်လက်သော ဓားချက်များကို လွတ်အောင်ရှောင်ရှားနေသော သျှီဝမြို့စားအား သူတို့သည် တစ်စတစ်စ အံ့အားသင့်လာနေကြသည်။ ထို့နောက် အားလုံး အသံများမှာ ငြိမ်သက်သွားလျက် ဓားခုတ်သံတစ်ခုတည်းသာ ကွင်းတစ်ခုလုံးတွင် ပျံ့လွင့်နေသည်။

ကျုပ်၏ကျောနှင့် တောင်ဘက်စည်းကြိုးသည် တရွေ့ရွေ့ နီးကပ်လာသည်။ တစ်လှမ်းဆုတ်ပေးတိုင်း တစ်လှမ်းစာ နီးကပ်လာသည်။ ကျောနှင့် စည်းကြိုးထိလိုက်လျှင် ကျုပ်ကား အရေးနိမ့်သွားလေပြီ။ ကျုပ်သည် တစ်စတစ်စဖြင့် အခက်အခဲကို ပို၍ သိလာ၏။ ဤအတိုင်းဆိုလျှင် တစ်ချက်မျှ ပြန်လှန်မခုခံနိုင်သေးဘဲ အဆုံးသတ် အရှုံးပေးလိုက်ရတော့မည်။ သူသည်လည်း ပြန်၍ မလှန်နိုင်တော့အောင် အစွမ်းကုန် တိုက်ခိုက်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအချိန်၌ ကျုပ်၏ဦးခေါင်းထဲတွင် ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည်။ ကျုပ်သည် သူ့ဓားချက်များကို ဖြတ်သန်းပြီး အနောက်ဘက်သို့ ကြွက်သားများတောင့်လျက် အားကုန် ခုန်လွှားလိုက်လေသည်။ သူ့ဓားချက်များသည် ကျုပ်၏ လည်ပင်းရှိခဲ့ရာ နေရာတစ်ဝိုက်၌ တဝှီးဝှီးဖြတ်သန်းသွားနေသည်။

ထို လျှပ်တစ်ပြက် အချိန်ကလေး၌ သူနှင့်ကျုပ်သည် ပြောင်းပြန်ဖြစ်သွား၏။ သူက တောင်ဘက်စည်းကြိုးအနား ကပ်နေပြီး၊ ကျုပ်က အနောက်ဘက် ရောက်သွားသည်။ သို့သော် သူသည် လျှပ်ပြက်လိုက်သကဲ့သို့ လှည့်လိုက်ပြီး တိုက်စစ်ကို ပြန်၍ယူသည်။ ကျုပ်တွင်ကား ရှောင်တိမ်းနေရသဖြင့် ဓားတစ်ချက်မျှ မသုံးနိုင်သေးဘဲ ရှောင်တိမ်းမြဲ ရှောင်တိမ်းနေရပြန်သည်။

ပရိသတ်သည် ငြိမ်သက်နေရာမှ ရုတ်တရက် ကျုပ်၏နာမည်ကိုထပ်ပြီး ဆူညံစွာ အော်ဟစ်လိုက်လေသည်။

သို့သော် ကျုပ်၏ကျောနှင့် အနောက်ဘက် စည်းကြိုးသည်ကား နီးကပ်၍ လာနေပြန်သည်။ မြောက်ဘက်သို့ ရှောင်ပြေးတိုင်း သူသည် ကျုပ် မြောက်ဘက်မှ ပတ်၍ ဆီးနေ၏။ ကျုပ်ကို စည်းကြိုး၏ထောင့်ဘက်သို့ မရောက်ရောက်အောင် သူသည် ပို့ဆောင်ပေးနေ၏။

အခက်အခဲတစ်ခုကား ထပ်၍ ကြုံလာရပြန်လေသည်။ သို့သော် ယခုအချိန်အထိ ကျုပ်သည် ဓားကိုမြှောက်၍ တစ်ချက်ကလေးမျှ ပြန်လှန်မတိုက်ခိုက်နိုင်သေး။

နေသည် အနောက်ဘက်သို့ စောင်းရွေ့နေပြီ။ နေရောင်များသည် ပရိသတ်များအပေါ်သို့ ပြန့်၍လွှမ်းမိုးထားသည်။ ကျုပ်၏ခေါင်းထဲ၌ နောက်ထပ်အကြံတစ်ခု လုပ်ကနဲ ပေါ်လာပြန်လေသည်။ သို့သော် များစွာ စွန့်စားရမည်ဖြစ်သည်။ ထိုအလုပ်မျိုးသည် မလုပ်စကောင်းသော အလုပ်မျိုးဖြစ်သည်။

ကျုပ်သည် ဒိုင်းနှင့်ကာလိုက်ခြင်း၊ ဓားနှင့်ထိုးလိုက်ခြင်း၊ ဒိုင်းကို ဝှေ့လိုက်ခြင်း၊ သုံးခုကို တစ်ပြိုင်နက်တည်း ပြုလုပ်လိုက်၏။ အကယ်၍ သူကသာ ဓားဖြင့် ဆက်၍ ခုတ်လိုက်မည်ဆိုလျှင် ကျုပ်၌ အကာအကွယ်မဲ့နေပြီး တိုက်ပွဲမှာ အဆုံးသတ်သွားရုံသာ ရှိသည်။

သို့သော် စူးရှသောနေရောင်ခြည်များသည် ဒိုင်းပေါ်မှတစ်ဆင့် သူ့မျက်လုံးများထဲသို့ စူးနစ်ဝင်ရောက်သွားပြီး သူသည် ကျုပ်၏ ထိုးဓားကို ဒိုင်းဖြင့်မကာမိဘဲ

mgyoe.com

mgyoe.com
SAMPLE BOOK


ရုတ်တရက် ခုန်ရှောင်လိုက်သည်။ ထိုအခွင့်အရေးကိုယူ၍ ကျုပ်သည် ဓားဖြင့် ဒလစပ် ထိုးမွှေနေလိုက်လေသည်။

ကျုပ်၏ ဓားချက်များသည် တလျှပ်လျှပ် ဝင့်နေ၏။ သူသည် ကစဥ့်ကရဲ ဖြစ်သွားပြီး ဒိုင်းနှင့်ကာနေကာ နောက်ဘက်သို့ ပြေးလွှားဆုတ်ခွာပေးနေရတော့သည်။ သူသည် မျက်လုံးထဲဝင်နေသော နေရောင်ခြည်များမှ လွတ်ကင်းရန် သုံးကြိမ်မျှ ခုန်ရှောင်သေး၏။ သို့သော် လွတ်အောင် မရှောင်ရှားနိုင်တော့။ သူ့ကျောသည် အရှေ့စည်းကြိုးနှင့် ပို၍ နီးကပ်လာသည်။ သူ့ကို အနိုင်ဖိတိုက်ရန်မှတစ်ပါး အခြားမရှိတော့ပေ။ သူသည် ဒိုင်းနှင့်သာ ကာနေရပြီး ဓားကို တစ်ချက်မျှ မဝင့်နိုင်တော့ပေ။ သူ့ကျောနှင့် စည်းကြိုး ထိကပ်တော့မည်။ နောက်နှစ်ခါမျှ ခုန်ရှောင်လိုက်လျှင် ထိကပ်သွားတော့မည်။ ခုန်မရှောင်၍လည်း ရမည် မဟုတ်တော့။

ပရိသတ်သည် အသက်ပင် မရှူတော့သလား ထင်မှတ်ရအောင် လုံးဝ တိတ်ဆိတ်သွားသည်။

သို့သော် အလွန်အံ့အားသင့်ဖွယ်ကောင်းသော လူမိုက်တစ်ယောက်၏ အလုပ်မျှသာဖြစ်သော အပြုအမူမျိုးကို သူသည် လျှပ်တစ်ပြက်အတွင်း လုပ်လိုက်လေသည်။

ကျုပ် ထိုးလွှတ်လိုက်သည့်ဓားချက်ကို လွတ်သည်ဆိုရုံကလေး ကိုယ်ကို ယိမ်းငဲ့ပေးပြီး သူ့လက်တွင်းမှ ဒိုင်းဖြင့် ကျုပ်၏ဒိုင်းကို ပေါက်ချလိုက်လျက် သူ့ဓားဖြင့် ကျုပ်အား ပိုင်းချလိုက်သည်။ ဒိုင်းဖြင့်မကာဘဲ ကိုယ်လွတ်တိမ်းရှောင်ရာ၌ ကျုပ်ကသာ နောက်တစ်ချက် ထိုးခုတ်လိုက်နိုင်လျှင် သူသည် လဲကျသွားရုံသာရှိ၏။

သို့သော် ဒိုင်းနှစ်ခုစလုံး မြေပေါ်သို့ ပစ်ကျသွားသည်။

ထိုအပြုအမူအတွက် အံ့အားသင့်မိပြီး ကျုပ်သည် အသက်တစ်ခါရှူချိန်၏ တစ်ဝက်မျှလောက် ငေးကြောင်သွားသည်။ သူသည် ထိုအချိန်ကလေးကို အသုံးချလိုက်လေပြီ။ ကျုပ်၏ မြောက်ဘက်သို့ လွှားကနဲ ခုန်ရှောင်သွားပြီး ဒလစပ် ထိုးခုတ်တိုက်ခိုက်လေတော့သည်။

ဒိုင်းသည် ခံစစ်အတွက် အဖိုးတန်လှ၏။ ဒိုင်းမရှိဘဲနှင့် ကျုပ်သည် ဓားဖြင့်သာ ကာပြီး အလွတ်ရှောင်တိမ်းနေရသည်။ ထိုအချိန်မှာ များစွာ ကြာသွားလေသည်။ ကျုပ်၏ကျောနှင့် မြောက်ဘက်စည်းကြိုး ထိကပ်တော့မည်။ နဖူးမှကျသော

mgyoe.com

mgyoe.com
SAMPLE BOOK


ချွေးများသည် မျက်လုံးများထဲသို့ ဝင်ရောက်နေသည်။ ကျုပ်သည် စိတ်အားကို ပြန်၍တင်းနေ၏။ သို့သော် စိတ်ဓာတ်အင်အားများ ပို၍ပို၍ ကျဆုံးလိုက်လာနေသည်။ ကြိုးပေါ်၌ လှဲအိပ်ပြီး အရှုံးပေးလိုက်ရုံသာ ရှိတော့သည်။

ကျုပ်သည် စိတ်အားကို ပြန်တင်းလိုက်ပြီး ပါးစပ်မှ ရုတ်တရက် 'ဟေး' ဟု သံကုန်ဟစ်လျက် အရှေ့ဘက်သို့ ခုန်ထွက်လိုက်ပြီး ဓားကို ပစ်သွင်းလိုက်လေသည်။ သူ့ဓားသည် လေထဲ၌ ပျံ့ဝဲသွား၏။ သူ ခဏမျှ အံ့အားသင့်သွားချိန်ကလေးတွင် ကျုပ်သည် ဓားဖြင့် ဒလစပ် ဖိထိုးတိုက်ခိုက်လိုက်လေသည်။ သူသည် ခပ်ဖြည်းဖြည်း နောက်ဆုတ် ရှောင်တိမ်းသွား၏။ ထို့နောက် အပြေးတစ်ပိုင်း ပြေးလွှားဆုတ်ခွာသွားလေသည်။

'ငမင်းစား ပြေးပြီဟေ့'ဟု ရုတ်တရက် အော်ဟစ်လိုက်သော ပရိသတ်တို့၏အသံများမှာ ကွင်းပြင်တစ်ခုလုံး လျှံတက်သွားလေသည်။

ပရိသတ်များသည် ရုတ်ရုတ်သဲသဲ ထကြည့်ကြ၏။ သို့သော် ကျုပ်ကားသမာန၏ မာယာလှည့်ကွက်၌ မိသွားခဲ့လေပြီ။ ကျုပ်သည် အားသွန်ပြေးလိုက်ပြီး ဖိ၍ တိုက်ခိုက်လိုက်လေသည်။

သူသည် ထိုသို့ အပြေးတစ်ပိုင်း လိုက်လာစေရန် တမင် မျှားခေါ်နေခြင်းဖြစ်လေသည်။

အနောက်ဘက် စည်းကြိုးနားအရောက်တွင် သူသည် တုံ့ကနဲ ရပ်ပြီး ကျုပ်အား ဓားဖြင့် ရင်ဝတည့်တည့်သို့ ထိုးစိုက်လိုက်လေသည်။ သူက ဆီး၍ ခုတ်မည်ဟုသာ တွေးခဲ့၏။ သူသည် ထိုးဓားကို အလျင်းအားကိုးသူမဟုတ်၍ ထိုကဲ့သို့ ထိုးလိုက်လိမ့်မည်ဟု ကျုပ်သည် မထင်တွေးခဲ့။

ကျုပ်သည် လှစ်ကနဲ ကွေ့ရှောင်ပေးသေး၏။ သို့သော် မဆိုစလောက် အချိန်ကလေး နောက်ကျသွားပြီး ကျုပ်၏ ညာဘက်ပခုံးသားထဲသို့ ဓား စူးနစ်ဝင်ရောက်သွားလေသည်။ မောလွန်းနေသဖြင့် ပခုံးကိုထိရုံဖြင့် ကျုပ်သည် မဟန်နိုင်တော့ဘဲ ရုတ်တရက် သတိလစ်ပြီး လဲကျသွားလေသည်။ နောက်ဆုံး မြက်ခင်းပြင်နှင့် ကိုယ် ထိကပ်လိုက်သည်ကိုသာ ဝါးကနဲ မြင်လိုက် မှတ်မိလိုက်တော့သည်။

ကျုပ်၏ကိုယ်မှာ ပျော့ခွေသွား၏။ အားလုံး ပြာပြာမှိုင်းမှိုင်း အရာများအဖြစ် ရောထွေးပြီး နောက်ဆုံး ပျောက်ကွယ်ကုန်သည်။ ဆူညံသောအသံများသည် အဝေးကြီးသို့ လွင့်ထွက်ပြေးလွှားသွားကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK



အချိန်မည်မျှ ကြာသွားပြီနည်း။

ကျုပ်သည် မိမိကိုယ်ကို မြက်ခင်းပြင် တိုက်ကွင်းထဲ၌ ဟူ၍သာ ထင်မှတ်နေသေးသည်။ တစ်စက်ချင်းကျနေသော ရေများကို စုပ်မျိုနေမိသည်။ ထို့နောက်မှ ရေအလွန် ဝေါ်မွတ်ဆာလောင်နေသည်ကို သတိထားလာမိလေသည်။ ကျုပ်၏ မျက်နှာပေါ်တွင် ဆေးနံ့သာများ ဆွတ်ဖျန်းထားသည့် ပုဝါစတစ်ခု လွှမ်းထားသည်။ ဆေးနံ့သာနံ့တို့၏ မွှေးပျံ့မှုများကြောင့် အာရုံကြောများ ပြန်၍ လန်းဆန်းလာနေသည်။

ကျုပ်၏ကျောပြင်မှာ ကမ္ဗလာအခင်းတစ်ခုပေါ်သို့ ရောက်နေသကဲ့သို့ ထင်မှတ်ရသည်။ စင်စစ်၌ ကျုပ်သည် တိုက်ကွင်းထဲ၌ မဟုတ်တော့ဘဲ အတုလစည်တော်ဆောင်သို့ ရွှေ့ပြောင်းလာခဲ့ကြလေသည်။ ကျုပ်၏ဘေး၌ တိုက်ပွဲကြည့်ပရိသတ်များမဟုတ်တော့ဘဲ သမားတော်ကြီးဇီဝက ငုံ့ကြည့်နေသည်။ ခေါင်းရင်းဘက်၌ ကြီးမားလှသော အတုလစည်တော်ကြီး မိုးနေသည်။ နာယာယန နတ်မင်းကြီး၏ ရုပ်တုတော်၊ ဗိဿနိုးအရှင်၏ ရုပ်တုတော်၊ ဗြဟ္မာကြီးများ၏ ရုပ်တုတော်များနှင့် ဘုရားတရားနှင့် စပ်ဆိုင်သော ပူဇော်သက္ကာရပစ္စည်းတို့သည် ခေါင်းရင်းဘက်၌ တည်ငြိမ်စွာ မလှုပ်မယှက် ရှိနေကြသည်။ လေများသည် အပေါက်ငယ်ကလေးများမှ သာသာညှင်းညှင်း တိုးဝှေ့ဝင်ရောက်နေသည်။ အသံများသည် လုံးဝ တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျုပ်၏ စိတ်အာရုံသည် တဖြည်းဖြည်း တစ်စတစ်စ ကြည်လင်လိုက်လာနေသည်။ အမွှေးရနံ့ပေါင်းစုံကို ရှူရှိုက်နေရသည်ကို သိနေသည်။

အရှင်သည်လည်း ကျုပ်၏ခေါင်းဘက်၌ ငြိမ်သက်စွာ ရပ်တန့်တော်မူနေသည်။ အရှင်သည် အစဉ်သဖြင့် လွှမ်းခြုံထားလေ့ရှိသော မျက်နှာတော်ပေါ်မှ ပုဝါစကို ခွာလှစ်ထားလေသည်။

သမားတော်ကြီးသည် အချိန်ကိုစောင့်ပြီး ငေး၍ ငုံ့ကြည့်နေသည်။ သူ့စိတ်ထဲတွင် 'ဘာပြုလို့ ဒီသူငယ်ကလေးကို ဘုရင်မကိုယ်တော်တိုင် ကြည့်ရှုနေရသလဲ'ဟု တွေးနေသည်။

'ဘယ်လိုနေသေးသလဲ သမားတော်ကြီးရဲ့၊ သူ သေပလား၊ သေမလား'ဟု တိုးတိုးသက်သက် မေးနေသံလိုလို ကျုပ်၏နားထဲ၌ ကြားနေမိသကဲ့သို့ ဖြစ်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘုရင်မ၏အသံလား၊ အိပ်မက်ထဲတွင် ကြားနေရသလို ဖြစ်နေသည်။ အဝေးကြီးမှ ပြေးလာနေသော အသံသဲ့သဲ့ဟု ထင်နေသည်။ ကျုပ်သည် စားခုတ်ပွဲကို သတိပြန်၍ ရနေသည်။ ကျုပ်၏ပုခုံးထဲ၌ နစ်ဝင်သွားသော နောက်ဆုံးစားချက်ကို သတိရနေသည်။ ထို့နောက် အလျင်း သတိလစ်မေ့မြောသွားခဲ့သည်ကိုသာလျှင် မှတ်မိသည်။

'ရေပေးပါ ...'

ကျုပ်က တိုးတိုးရေရွတ်လိုက်လေသည်။

'ရေတောင်းနေပါတယ် ... သမားတော်ကြီး'

'အခု ရေတိုက်လို့မဖြစ်သေးပါဘူး အရှင်မ ဘုရား၊ အမောစေ့ချိန်ရောက်မှ ရေတိုက်လို့ဖြစ်ပါမယ်'

ကျုပ်သည် ကိုယ်ကို လှုပ်လိုက်၏။ မျက်နှာပေါ်တွင် အုပ်ထားသည့် နံ့သာပုဝါကို ဖယ်လိုက်လေသည်။ ဒဏ်ရာရထားသော ပခုံးမှ ရုတ်တရက် နာကျင်သွားလေသည်။ မျက်လုံးကို ဖြည်းညှင်းစွာ ဖွင့်နေမိသည်။ ပထမတွင် ပိန်းနေသော အမှောင်ထုကြီးကိုသာ မြင်ရလေသည်။ ထို့နောက် အမှောင်ထုပိန်းကြီးထဲသို့ အလင်းရောင်သည် ထိုးဖောက် ဝင်ရောက်လာသည်။ အရာဝတ္ထုများသည် တဖြည်းဖြည်းကြည်လင်လိုက်၊ ပီပြင်ထင်ရှားလိုက် လာနေသည်။ သမားတော်ကြီး၏ အိုမင်းရင့်ရော် တည်ငြိမ်သော မျက်နှာကို အလျှင်မြင်ရလေသည်။

သူက 'မြို့စားကလေး သတိရလာပလား' ဟု တိုးတိုးမေးနေသည်။

ထို့နောက် အတုလစည်တော်ဆောင်ကို ပိတ်ကာထားသော အနီရောင်ဖွေးဖွေး ခန်းဆီးစကို လှမ်းမြင်ရသည်။

'ကျွန်တော် ဘယ်ရောက်နေသလဲ ...၊ ရေပေးပါ။ ကျွန်တော် သတိရနေပါပြီ' ဟု ကျုပ်သည် သမားတော်ကြီးကို မော့၍ပြောနေသည်။ သမားတော်ကြီးသည် ငွေခွက်ငယ်ထဲမှ ရေများကို တစ်စက်ချင်းချပေးနေသည်။ ထိုအချိန်၌ ကျုပ်သည် သမားတော်ကြီး၏ ပခုံးစွန်းမှကျော်၍ မော့ကြည့်နေသည်။

ထိုအခါ၌ ကျုပ်သည် အရှင်၏ လှပလွန်းလှသော၊ တုနှိုင်းရာကင်းမဲ့သော မျက်နှာတော်ကို လှမ်း၍ ဖူးမျှော်မြင်တွေ့ရလေသည်။ အရှင်၏မျက်တောင်များသည် မလှုပ်မယှက် ငြိမ်တွေနေသည်။ ပါးလုပ်သော နှုတ်ခမ်းတော်များသည် ပိရိစွာ စိနေ၏။ ရွှေရောင်ဝါသော ဆေးတို့ဖြင့် မွှန်းခြယ်ထားသည်ထင်ရသော အရှင်၏

mgyoe.com

mgyoe.com
SAMPLE BOOK


မျက်နှာတော်ပေါ်တွင် ကရုဏာတရားများ ဖြတ်သန်းနေသည် ထင်ရလေသည်။ အရှင်သည် ရုပ်တုတစ်ခုကဲ့သို့ လှုပလွန်းစွာ ငြိမ်တွေနေသည်။ သို့သော် အရှင်၏ ရင်အုံသည် နိမ့်သက်သွားလိုက်၊ မြင့်တက်လာလိုက်ဖြင့် လှုပ်ရှားနေသည်။ နဖူးတော်ပေါ်မှ ဆံနုကလေးများကို လေဝင်ပေါက်မှ ဝင်လာသည့် လေများသည် တို့ထိကစားနေသည်။ ဖယောင်းမီးများသည် မျက်နှာတော်ပေါ်၌ တဖျတ်ဖျတ် လှုပ်ရှားနေသည်။ ပုဝါစရှည်သည် ပခုံးအောက်ဘက်၌ ပုံကျနေသည်။

ထိုခဏကလေး၌ ကျုပ်သည် ထုံထိုင်းလှစွာ စိတ်လှုပ်ရှားမှု ပြင်းထန်လှစွာဖြင့် အစစအရာရာကို မေ့လျော့သွားလေသည်။ 'ကြောက်ဖွယ်ကောင်းသည့်အလှ၊ ရူးသွပ်သွားနိုင်စေသည့်အလှ' ဟု အသိစိတ်ဝင်နေသည်။ ရင်ထဲ၌ လှိုင်းများရိုက်ခတ်နေသည်။

'ငမင်စားနဲ့ နောက်တစ်ကြိမ် ထပ်ပြီး တိုက်ခိုက်ခွင့်ကြုံရအောင် စီစဉ်ပေးတော်မူပါ အရှင် ...။ ကျွန်တော်ဟာ ဓားမှာ သရဖူဆောင်းခဲ့တဲ့ ဓားသမားတစ်ဦးပါပဲ။ ဓားသမားတစ်ဦးအတွက် ဓားခုတ်ပွဲမယ် ရှုံးနိမ့်ရတာလောက် ဝမ်းနည်းကြေကွဲစရာကောင်းတာ မရှိနိုင်တော့ပါဘူး အရှင်။ ပြီးတော့ ဒီအတိုင်းဆိုရင် တစ်သက်လုံး ဘယ်တော့မှ ဓားကို လူကြားထဲမယ် ဝင့်ဝင့်ကြွားကြွား ထုတ်ကိုင်ရဲမယ့် အခြေအနေ မရှိတော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်တော် ရှုံးနိမ့်ပုံဟာ မဖြစ်စလောက်ကလေးကို မရှောင်တိမ်းနိုင်လို့ ဖြစ်ခဲ့ရတာပါ' ဟု ကျုပ်က ညည်းတွားရေရွတ်နေသလို လျှောက်ထားနေမိသည်။

ကျုပ်၏ ရင်အုံပေါ်တွင် လက်နှစ်ချောင်းကို ယှက်မိုးထားလျက် ရှိနေသည်။ ဘုရင်မသည် ကျုပ်၏မျက်လုံးများထဲသို့ ရုတ်တရက် စူးစိုက်ကြည့်လိုက်သလို ထင်ရသည်။ အရှင်၏ မျက်လုံးများပေါ်၌ ဝမ်းနည်းရိပ်ခြည်များ ရုတ်တရက် သန်းသွားသည်။ ထို့နောက် အရှင်သည် ပုဝါစကို ဖြည်းညှင်းစွာ မတင်လိုက်ပြီး မျက်နှာတော်အပေါ်သို့ လွှမ်းတင်လိုက်လေသည်။ အရှင်သည် မိန့်ခွန်းတော် တစ်စုံတစ်ရာမျှ မိန့်မြွက်တော်မူသည် မရှိဘဲ ထိုနေရာမှ ညင်သာလှစွာ ထွက်ခွာသွားသည်။

သမားတော်ကြီးသည် ငြိမ်သက်တွေဝေနေ၏။ 'မြို့စားလေးကို ခြောက်ရက်တော့ ကုသရမှာပဲ။ ခြောက်ရက်ကျော်ကျော်ကြာမှ ပကတိအတိုင်း ပြန်လှုပ်ရှားလို့ရမယ်' သမားတော်ကြီးက တီးတိုးပြောနေသည်။

ခဏကြာလျှင် ကန့်လန့်ကာစကြီး လှုပ်ရှားသွားပြီး သက်တော်စောင့် ဝတ်စုံ

mgyoe.com

mgyoe.com
SAMPLE BOOK


ကို ဝတ်ဆင်ထားသည့် လူငယ်ကလေးတစ်ယောက်သည် ရှေ့တွင် မရွံ့မရဲဟန်ဖြင့် လာ၍ ရပ်တန့်လိုက်လေသည်။ သူသည် ပိန်ပိန်ညှက်ညှက် သေးသေးသွယ်သွယ် ကလေးဖြစ်၏။ အသက်နှစ်ဆယ်မျှပင် ရှိဦးမည်မဟုတ်သည့် လူငယ်ကလေး တစ်ဦး ဖြစ်နေသည်။ သူ့အသားမှာ အဝါရောင်ဘက်လုနေပြီး သူသည် ဤဒေသ သားဇာတိ ဖြစ်ပုံမရပေ။ တိုက်ပွဲအတွင်းက ငွေများထပ်၍ လောင်းခဲ့သော သူငယ် ကလေး ဖြစ်လေသည်။

'မြို့စားမင်းကို မြို့စားမင်းရဲ့ တည်းခိုတော်ဆောင်ကို ပြန်ပို့ပေးထားဖို့ အရှင် အမိန့်တော်ရှိပါတယ်။ ပြီးတော့ ဝေဒနာပျောက်သည်အထိ သမားတော်ကြီး က ကုသပေးဖို့လည်း အမိန့်တော်ရှိပါတယ်'ဟု သူက ပြောသည်။

သမားတော်ကြီးသည် နေရာမှ ဖြည်းဖြည်းလေးလေးထ၍ ရပ်လိုက်လေ သည်။ ထို့နောက် ကျုပ်အား မသိမသာ ပြုံးကြည့်လိုက်ပြီး ခပ်ဖြည်းဖြည်း အတုလ ဆောင်မှ ထွက်ခွာသွားသည်.

'သမာနနဲ့ နောက်တစ်ကြိမ် ထပ်တိုက်ဖို့ရောကွဲ့'ဟု ကျုပ်က မေးနေ၏။

'မြို့တော်ဝန်သူဇကို အမိန့်တော်ချမှတ်နေပါတယ်'

သူသည် ကျုပ်ကို ဖေးမ၍ တွဲထူလိုက်လေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၇)

စောင်းကြိုးများသည် တစ်ချောင်းချင်း ဖြည်းညှင်းသာယာစွာ လှုပ်ရှားသွားနေသည်။ စောင်းသံ ညှင်းညှင်းညှံ့ညှံ့သည် လူတစ်ဦးတစ်ယောက်က ညည်းညည်းသသ တစ်ခုခုကို တီးတိုးရေရွတ်နေသလို ဖြစ်နေသည်။ ကျုပ်၏ လက်ချောင်းများမှာ ပကတိအတိုင်း ပြန်၍ လှုပ်ရှားရလာသည်။ ခြောက်ရက်တာမျှအတွင်း ပကတိအတိုင်း ဒဏ်ရာမှာ ပြန်၍ ကောင်းလာလေသည်။ စောင်း၏ တိုးတိုးသက်သက်အသံများသည် တဖြည်းဖြည်းညှင်း၍ ပျောက်ကွယ်သွားနေသည်။ ထိုအချိန်၌ ကျုပ်သည် အကြောင်းအရာတစ်ခုတည်းကိုသာ ထပ်ပြန်တလဲလဲ တွေးနေသည်။

ကျုပ်က ဘုရင်မကြီးအား ချစ်မေတ္တာထားနေမိလေသလား။

တပ်ဗိုလ် ရန္တ၏ စကားသံများကို ကျုပ်သည် ပြန်၍တွေးတော အမှတ်ရနေမိသည်။ သူ့စကားအတိုင်း မိမိမှာဖြစ်ပျက်နေသလား။ ဘာကြောင့် ဤအဆောင်ခန်းမှ ပျဉ်ချပ်ငယ်ကလေးတစ်ခုကို ဟထားမိပါသနည်း။

ဤအဆောင်မှာ စံနန်းတော်ဝင်း အပြင်ဘက်ရှိ စံနန်းတော်နှင့် အနီးကပ်ဆုံး အရှေ့ဘက် အစွန်ဆုံးအဆောင် ဖြစ်လေသည်။ မနေ့က ဖွင့်ဟလိုက်သော ပျဉ်ချပ်ငယ် အဟကြားမှကြည့်လျှင် စံနန်းတော်၏နောက်ဘက် လေသာတော်ဆောင်ကို လှမ်းမြင်နေရသည်။ မနေ့ညနေက ဤပျဉ်အဟကြားမှ ကျုပ်သည် စံနန်းတော်ကို လှမ်းမျှော်ကြည့်နေသေး၏။

ထိုကဲ့သို့ သိက္ခာကင်းမဲ့သော၊ ရှူးနှမ်းသောအလုပ်ကို ဘာကြောင့် လုပ်မိ

mgyoe.com

mgyoe.com
SAMPLE BOOK


ပါသနည်း။ မနေ့က ညနေဆည်းဆာတွင် လေသာတော်ဆောင်မှထွက်၍ ရပ်တော်မူနေသည့် အရှင်မအား ဖူးတွေ့ခဲ့ရသေးသည်။ အရှင်သည် မင်္ဂလာကန်တော်ဘက်သို့ ငေးမျှော်ကြည့်တော်မူနေခဲ့သည်။ အရှင်၏ ကိုယ်ရုံဝတ်ရုံကို လေများ တဗိုးဗိုးတိုးဝှေ့နေလျက်၊ အရှင်၏ နဖူးခင်းထက်မှ ဆံနုဆံယဉ်နွယ်များကို လေများတိုးဝှေ့နေလျက်၊ တစ်ခြမ်းမျှသာ မြင်ရသော အရှင်၏မျက်နှာတော်ပေါ်တွင် လှသောဆည်းဆာနေခြည်များ ခစားနေလျက်။

ထိုအမြင်ကို ကျုပ်သည် တမ်းတနေ၏။ မိမိ၏စိတ်များမှာ လေးပင်ထိုင်းမှိုင်းနေသည်။ မိမိသည် ထုံထိုင်းနေသည်။ ထိုသို့ဖြစ်နေရသည်မှာ ချစ်မေတ္တာစိတ်လား။

ညကလည်း ညတစ်ဝက်လုံးလုံး ပျဉ်အဟာကြားမှနေ၍ စံနန်းတော်ဘက်သို့ အမှောင်ထဲ စူးစိုက်ပြီး ဘာမျှမမြင်ရဘဲ ကြည့်ရှုနေခဲ့သေးသည်။ အမှောင်ထဲ၌ပင် ဘုရင်မပေါ်လာမည်ဟု ထင်စွဲနေသည်။ ဤအဆောင်တွင် ကျုပ်နေခဲ့မိခြင်းမှာ မှားလေပြီ ထင်သည်။

ငေးမောတွေးနေမိစဉ်တွင် အဆောင်ရှေ့တံခါးဝ၌ တစ်ဦးဦး လာ၍ ရပ်လိုက်လေသည်။ သူသည် အပြင်ဘက်မှ တံခါးကို ဖြည်းညှင်းစွာခေါက်နေသည်။ သူကားလူငယ်ကလေး ဒက္ခဏာပင်ဖြစ်လိမ့်မည်။

ဒက္ခဏာသည် အချိန်ရှိသမျှ ကျုပ်၏အဆောင်သို့ လာရောက်နေတတ်သည်။ သမားတော်ကြီးဇီဝထံမှ ဆေးများကို ယူဆောင်လာတတ်သည်။

တံခါးဖွင့်လိုက်သောအခါ သူသည် တံခါးဝ၌ ရပ်တန့်နေ၏။

'ဒီနေ့ အနာပျောက်ရက်လို့ သမားတော်ကြီးဇီဝက အမိန့်ရှိပါတယ် မြို့စားမင်း၊ အနာ ပျောက်ကင်းသွားပါပြီလား'

သူသည် တံခါးဝမှ တိုးဝင်လိုက်ရင်း မေးနေသည်။

'ပျောက်ပြီ ... မနက်ဖြန်ကာပဲ သမာနနဲ့ ပြန်တိုက်နိုင်မယ်။ ဗြဲတိုက်ဝန်ဆီ သွားအကြောင်းကြားပါ။ ငါ့လက် ဓားကို ကောင်းကောင်းကိုင်နိုင်ပြီ။ ကောင်းကောင်း ပြန်တိုက်နိုင်ပြီ။ ကြည့် .. ဒီလက်ချောင်းတွေ ဘယ်လောက် ပြန်သန်နေပလဲ'

'ဒါပေမယ့် ဓားရေးတော့ နည်းနည်းပါးပါး ပြန်ကျင့်အုံးမှပေါ့'

'မလိုအပ်ပါဘူး၊ ငါ့လက်ကို ငါ သိပြီးသားပဲ။ ပြီးတော့ သမာနလက်ကိုလဲ ငါ သိပြီးသားပဲ။ သူ ဘယ်လို ပရိယာယ်ဆင်တတ်တယ်ဆိုတာလဲ ငါ သိပြီးသားပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



ပြီးတော့ သူက အကျဉ်းထောင်ထဲမယ် ခားရေးလေ့ကျင့်ခွင့်မရှိဘဲ ငါက အပြင်ဘက်မယ် ခားရေးလေ့ကျင့်နေမယ်ဆိုရင် ဘယ်တရားပါ့မလဲ'

သူသည် မတ်မတ်ရပ်လျက်မှပင် ကျုပ်၏လက်များကို စမ်းသပ်ဆုပ်ကိုင်ကြည့်နေသည်။ သူ့မျက်လုံးများသည် တစ်ခုခု စဉ်းစားနေသလို ငြိမ်သက်နေသည်။ ထို့နောက် သူသည် သူ့ကိုယ်သူ ပြောနေသလိုအသံတိုးတိုးဖြင့် 'တာဝန်တစ်ခုတော့ အေးပြန်တာပေါ့လေ'ဟု ပြောနေသည်။

ကျုပ်သည် အမှတ်မဲ့ သူ့မျက်နှာကို မော့ကြည့်နေ၏။ သူသည် ကျုပ်အား တာဝန်အရ လာကြည့်နေရသူဖြစ်သည်ကို အမှတ်မဲ့သိလိုက်ရ၏။ ဘာတာဝန်နည်း၊ မည်သူက ချမှတ်ထားသည့် တာဝန်နည်း။ သာမန် သက်တော်စောင့် စစ်သည်ကလေးသည် ငွေသားတစ်ထောင် လောင်းနိုင်သူမဟုတ် ဟူသော အသိ ကျုပ်၏ခေါင်းထဲ၌ ဝင်လာပြန်လေသည်။

မည်သူက သူ့ကို ငွေပေး၍ လောင်းခိုင်းသနည်း။ ထိုကဲ့သို့ လျှို့ဝှက်စွာ လောင်းစားသူမှာ မည်သူနည်း။ ထိုသူက ကျုပ်၏ ခားရေးခားရာကို မည်မျှသိကျွမ်းထား၍နည်း။ ကျုပ်ကား တစ်စုံတစ်ဦးကိုသာ တွေးမိလေသည်။ သို့သော် ဖြစ်နိုင်မည်မဟုတ်ဟု ထင်နေသည်။

'မင်းက တာဝန်နဲ့ လာကြည့်နေရတာ ဟုတ်သလား ဒက္ခဏာ၊ ဒါဖြင့် ဘယ်သူက လာကြည့်ဖို့ မင်းကို တာဝန်ပေးထားတာလဲ'

မေးရင်း ကျုပ်သည် သူ့ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ သူ့မျက်နှာကိုလည်း စူးစိုက်၍ ကြည့်လိုက်လေသည်။ ရုတ်တရက် သူ့မျက်နှာမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် သူသည် ချက်ခြင်း ပြန်၍ ရယ်လိုက်လေသည်။

'ဘယ်သူက တာဝန်ပေးတာ ဖြစ်နိုင်မှာလဲ မြို့စားမင်းခင်ဗျာ၊ တာဝန်ဆိုတဲ့ စကားဟာ ဘာလဲ။ တစ်ခုခုလုပ်စရာရှိနေတာကို တာဝန်လို့ ခေါ်တာပဲ ဟုတ်တယ် မဟုတ်လား။ ကျွန်တော့် ငွေတစ်ထောင်ကို ပြန်ရမှဖြစ်မယ်။ မြန်မြန် ပြန်ရမှဖြစ်မယ်။ ပြန်မရသေးရင် အဲ တာဝန်တစ်ခု တင်နေတာပဲ။ ကဲ မနက်ဖြန်ကာ ခားချင်းတိုက်ပွဲဖြစ်လိုက်ပြီးရင် ကျွန်တော်လောင်းတဲ့ကိစ္စဟာ ရှုံးရှုံးနိုင်နိုင် ပြီးသွားပြီ။ ဆုံးခန်းတိုင်သွားပြီ။ ဒါပေမယ့် သျှိဝမြို့စားမင်းက နိုင်ကို နိုင်မှာပါ။ နိုင်ကို နိုင်ရမယ်။ ကျွန်တော် သျှိဝမြို့စားမင်းရဲ့ ခားရေးခားရာအကြောင်း အစောကြီးကတည်းက

mgyoe.com

mgyoe.com
SAMPLE BOOK


သိထားလို့ လောင်းတာပဲ။ သျှီဝမြို့စားမင်းလောက် ဓားကို ကျင်ကျင်လည်လည် ကိုင်နိုင်တဲ့လူ ဒီဇမ္ဗူမှာ မရှိဘူးလို့ ကျွန်တော် ယုံတယ်။ ဘယ်အချိန်တိုက်တိုက်၊ ဘယ်သူနဲ့တိုက်တိုက် သျှီဝမြို့စားမင်းကပဲ နိုင်ရမယ်'

ကျုပ်သည် ခေါင်းကို ခါယမ်းနေ၏။ သူ့စကားများမှာ လှီးလွဲပြောဆိုသွားသော စကားများ ဖြစ်နေပေသည်။ သို့သော် သူ့ကို အစ်အောက်ထုတ်နေ၍ကား ရနိုင်မည်မဟုတ်ပေ။

'ကဲ မြို့စားမင်း၊ မနက်ဖြန်ကို ဓားချင်းတိုက်ပွဲဝင်မှာဖြင့် မြို့တော်ဝန်သူဇ ဆီ စီစဉ်စရာတွေ သွားအကြောင်းကြားထားအုံးမယ်။ ဖြဲတိုက်ဝန်ဆီလဲ သွားပြီး သမာနဆီ အကြောင်းကြားခိုင်းထားအုံးမယ်။ ကျွန်တော် သွားတော့မှ'

သူသည် တံခါးဝဘက်သို့ ပြန်လှည့်လိုက်လေသည်။ ထို့နောက် သူသည် ရှင်လန်းသွက်လက်စွာ အပြေးအလွှား လေချွန်၍ဆင်းသွားပြီး အဝေး၌ ပျောက်ကွယ် သွားလေသည်။

ကျုပ်သည် ညောင်စောင်းပေါ်၌ ပြန်၍ထိုင်လိုက်၏။ စောင်းကြိုးများကို လက်ဖြင့် အသာအယာ တို့ခတ်ထိစမ်းနေမိပြန်သည်။ စောင်းသံသည် တဖန်ပြန်၍ အခန်းထဲ၌ ပေါ်လာသည်။ ထိုအချိန်၌ ကျုပ်၏စိတ်များသည်လည်း တဖန် ပြန်၍ ပျံလွင့်သွားပြန်သည်။ မနေ့က မြင်တွေ့ခဲ့ရသော အာရုံသည် ပြန်၍ တမ်းတစဖွယ် ဖြစ်နေပြန်သည်။ မနေ့က ယခုလိုအချိန် နေရောင်ဖျော့သောအချိန်ပင် ဖြစ်သည်။

ကျုပ်သည် ရင်ခုန်စွာဖြင့် နေရာမှ တဖန် ထလိုက်ပြန်သည်။ ထို့နောက် တံခါးမကို သွားရောက်ပြီး ပိတ်လိုက်ပြန်လေသည်။

အခန်းမှာ မှောင်မည်းသွားလေသည်။ ကျုပ်သည် ညောင်စောင်းပေါ်တွင် စမ်းပြီး ခဏမျှ ထိုင်နေပြန်သည်။ မောနေသလိုပင်။ ထို့နောက်မှ ဖြည်းဖြည်းထသွားပြီး တုန်ယင်နေသောလက်များဖြင့်ပင် ပျဉ်အပေါက်ကို မသိမသာ ဆွဲဟနေသည်။ မျက်လုံးနှစ်ခုကြည့်သာရုံမျှ ပျဉ်သည် ဟသွားပြန်သည်။

ထိုနေရာ၌ ရပ်တန့်ကာ ကျုပ်သည် စံနန်းတော်ဘက်သို့ အချိန်ပေါင်းများစွာ ကုန်အောင် ငေးကြည့်နေသည်။ ဘုရင်မအား အဝေးမှလှမ်း၍ ဖူးမြော်ရခြင်းမှာ ကံအကြောင်းတရားတိုက်ဆိုင်၍ ဖြစ်ပြီး နောက်ထပ် ထိုသို့ ဖူးမြော်နိုင်ရန် မျှော်လင့်ထား၍ မရနိုင်သည်ကို သိပါသည်။ သို့သော် မည်သူသည် မိမိ၏ရင်ထဲ၌ ပြင်းစွာ တမ်းတနေသောဆန္ဒကို ငြိမ်းသတ်ထားနိုင်ပါမည်နည်း။ ဘုရင်မအား ဖူးမြော်လိုသော

mgyoe.com

mgyoe.com SAMPLE BOOK



ဆန္ဒကို မိမိမှာ မငြိမ်းသတ်နိုင်တော့ပြီ။ ဤဆန္ဒတို့ကြောင့် တစ်သက်ပတ်လုံး ကြေကွဲသွားရတော့မည်ကို မသိမဟုတ်၊ သိပါသည်။

တစ်ခါတရံ၌မူ ဆန္ဒကြီးမားပါက ဆန္ဒအတိုင်း ဖြစ်ပျက်လာတတ်သည်ဟု ဆိုရိုးစကား ရှိပါသည်။ ထို့နည်းအတူ ဤညနေ၌လည်း မမျှော်လင့်ဘဲ တစ်ခါက အရှင် ထွက်ရပ်တော်မူခဲ့သော လေသာပြတင်း၏ တံခါးမှာ တစ်ခါကလိုပင် ဖြည်းညှင်းစွာ ပွင့်လာလေသည်။

ထို့နောက် ပြတင်းဝတွင် ထွက်ပေါ်လာသော အရှင်၏ ကိုယ်တစ်ပိုင်းကို အဝေးမှလှမ်း၍ ဖူးမြော်ရပြန်လေသည်။

ဤသို့တွေ့မြင်ရသည်မှာ အိပ်မက်ထဲ၌ တွေ့မြင်နေရသကဲ့သို့ ဖြစ်လေသည်။ အဝေးက မထင်မရှား လှမ်း၍ ဖူးမြော်နေရပြန်သောအခါတွင်လည်း မိမိစိတ်မှာ မချမ်းမြေ့နိုင်ဘဲ ကြေကွဲနေမိပြန်ပါသည်။

အရှင်၏ဆံပင်များမှာ ပြေလျော့နေ၏။ ရင်စည်းတော်မှာ လျော့ရည်းနေသည်။ အဝေးမှပင် အရှင်၏ ကော့ညွတ်သော မျက်တောင်များကို မြင်နေရသည် ထင်ပါသည်။ အရှင်၏ နှုတ်ခမ်းတော်များအလှကို မြင်နေရသည် ထင်ပါသည်။ ညနေဆည်းဆာ၏ ဝင်လုဆဲဆဲ နေခြည်များသည် အရှင့်ပါးပြင်ပေါ်ဝယ် ခစားနေသည်။

ကျွပ်သည် အသက်ပင်မရှူမိဘဲ ငေးမော တွေဝေနေမိလေသည်။ ချစ်မေတ္တာထားနေမိပါသည်ဟု အမည်တပ်ရမည်ဆိုလျှင် ရန့်ရင်းကြမ်းတမ်းရာ ကျူလွန်းနေပါတော့သည်အရှင် ...။ ထိုသို့လည်း မဖြစ်နိုင်ပါ။ ထိုသို့ဆိုလျှင်လည်း အဖြစ်မှာ များစွာ ကြေကွဲဖွယ်ရာ ဖြစ်နေပါမည်။

ထိုသို့ အဝေးမှလှမ်း၍ မသဲမကွဲဖူးမြော်နေရင်း အရှင်၏ နှုတ်ခမ်းတော်များမှာ မသိမသာတုန်ယင်၍များ နေလေသလားဟု ထင်နေမိပြန်သည်။ အရှင်၏ မျက်တောင်တော်များမှာလည်း ငေးစင်းကာ တွေဝေနေသည်ဟူ၍ပင် အဝေးကလှမ်းကြည့်ရင်း ထင်နေမိသည်။ မျက်လုံးတော်တို့သည်လည်း မမြင်စွမ်းနိုင်အောင် လှမ်းလှသော တစ်နေရာကို တွေကြည့်တော်မူနေသည်။ အရှင်သည် ဝမ်းနည်းဆွေးမြေ့နေသည် ထင်သည်။ တစ်ခုခုကို ပြင်းပြင်းပြပြ ခံစားတော်မူနေရသည် ထင်သည်။ မျိုသိပ်ထားခဲ့သည်တို့မှာ ယခုအခါတွင် ဖွင့်အန်ပြနေသည်နှင့် တူနေသည်။ အရှင်သည် ပုထုဇဉ်သာ ဖြစ်၏။ ချစ်မေတ္တာစိတ်မှ မကင်းနိုင်သေး။

mgyoe.com

mgyoe.com SAMPLE BOOK


ကျုပ်သည် ငြိမ်သက်လျက် အတွေးတွင် မျောပါနေသည်။

ဘုရင်မသည် မည်သူ့အား တသစွဲလမ်းတော်မူနေပါသနည်း။ မျက်နှာတော်ပေါ်၌ ပေါ်လွင်သွားသော မေတ္တာထုထည်ကား ကြီးမားလှပါဘိ။ မည်သည့်နိုင်ငံတော်မှ မင်းသားတစ်ပါးပါးအား တမ်းတတော်မူနေသနည်း။ သီရိခေတ္တရာ၏အရှင် ဘုရင်ဒွတ္တဘောင် အတွက်ပေလား။ ဘုန်းသမ္ဘာ ကြီးမြင့်တော်မူသော၊ ရုပ်ရည်ချောမွေ့တော်မူသော အရှင် ဒွတ္တဘောင် အတွက်လား။

ဤကဲ့သို့ ငေးမောနေချိန်၌ အလင်းရောင်မှန်သမျှ ပျောက်ကွယ်သွားပြီး အမှောင်ထုမှာ သိပ်သည်းစွာ လွှမ်းမိုးလာလေသည်။ ငေးမောကာ ကြည့်နေရင်း စူးစိုက်နေရင်းပင် အရှင့်ကို မမြင်နိုင်တော့ပြီ။

ကျုပ်သည် အလျှဉ်းမမြင်ရတော့သည့်တိုင်အောင် အမှောင်ထုထဲသို့ ငေးစိုက်ကာ ကြည့်နေမိသေးသည်။

ညောင်စောင်းတွင် အမှောင်ထဲ၌ ငြိမ်သက်စွာ ပြန်ထိုင်မိသောအခါ၌ ကလေးဘဝတုန်းကလို ရှိုက်ကြီးတငင် ငိုကြွေးပစ်လိုက်ချင်လေသည်။ ကျုပ်သည် ညောင်စောင်း၏ ခေါင်းရင်းဘက်အစွန်း၌ ထုလုပ်ထားသော အရှင်နာယာယန၏ ရုပ်တုတော်အား လက်နှင့် အသာအယာထိ၍ စိတ်နှလုံးသားထဲ၌ ဖြစ်ပေါ်နေသည်တို့ကို စိတ်ဖြင့်ပင် တိုင်တည်နေမိပေသည်။ အရှင် … ကျွန်တော်၏ စိတ်နှလုံးသားတို့ကို ပြည့်အရှင် ဘုရင်မကြီး ရှေ့တော်မှောက်သို့ ယူဆောင်သွားပါတော့အရှင် ….။ ကျွန်ုပ်စိတ်နှလုံးသားတွင် ဖြစ်ပေါ်နေသမျှတို့၏ အပုံတစ်ထောင်ပုံ တစ်ပုံမျှကို ပြည့်အရှင် ဘုရင်မကြီး သိရှိပါစေလေ့ အရှင် …။ အို အရှင် … အကျွန်ုပ်၏ နှလုံးသားများကား မီးလောင်ကျွမ်းနေပါပြီ။ အရှင် … ကျွန်ုပ်၏ နှလုံးသားများကား သည်းထန်စွာ ငိုကြွေးနေပါပြီ။

ယခုအခါ၌ ဘုရင်မ၏ရုပ်နှင့် ထပ်တူထပ်မျှသော ရုပ်တုကလေးတစ်ခုကိုပင် ပိုင်ဆိုင်နေကာ ထိုရုပ်တုကလေးကို ကြည့်ရှုခွင့်ရနေလျှင် တော်ပါပြီဟု ကျုပ်သည် တမ်းတနေမိ၏။ အမှန်တကယ်၌ကား ထိုတမ်းတချက်ကလေးပင်လျှင် ပြည့်စုံနိုင်ဖွယ်ရာ မျှော်လင့်၍ မရပါ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ ရုပ်တု အတတ်ပညာ၌ ကျွမ်းသောပညာသည်မှာ မရှိနိုင်ပါ။ ဤသို့ဖြင့် ဤကြေကွဲဖွယ်ရာ ကောင်းစွာ တမ်းတနေမှုတို့ကို အဆုံးသတ်သင့်ပါပြီ။

ကျုပ်နှင့် သမာနတို့ ဒုတိယအကြိမ် စားရေးပြိုင်ရမည့် နေ့ခင်း၌ အရှင်က

mgyoe.com

mgyoe.com SAMPLE BOOK



ကျုပ်အား စံနန်းတော်သို့ ဝင်ရောက်ခစားရန် ထူးဆန်းစွာ အမိန့်တော်ရှိပြန်ပါသည်။ သို့ဖြင့် ယခင်နေရာ၌ တဖန် ရောက်ရပြန်လေသည်။

အရှင်သည် ကျောက်စောင်းသလွန်ထက်၌ ညင်သာစွာထိုင်တော်မူသည်။ 'ဘာကြောင့် မြို့စားလေးကို စံနန်းတော်ထဲ ဒုတိယအကြိမ် ခေါ်ရတယ်ဆိုတာ ရိပ်မိ သိရှိပါသလား'ဟု တိုးတိုးညင်ညင် မေးတော်မူလိုက်သံသည် ဤနေရာ တစ်ဝိုက်၌ သာယာစွာ ပြန့်နှံ့သွားသည်။

'မသိနိုင်ပါ အရှင်'

'ငမင်စားနဲ့ ဓားချင်းယှဉ်ပြိုင်တဲ့ပွဲမှာ သျှီဝစားငယ်သည်လဲ ဓားရေး ထက်မြက် ကျွမ်းကျင်လှတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲလို့ အများက ဝိုင်းဝန်း အသိအမှတ်ပြုကြတယ်။ ဒါကြောင့် မြို့စားလေးရဲ့ ဓားရေးအတတ်ကို ချီးမွမ်းတော်မူလိုတာလဲ တစ်ကြောင်းကြောင့်ပဲ'

အရှင်၏ စကား တိုးတိုး မိန့်မြွက်တော်မူသံမှာ ခဏမျှ ရပ်တန့်သွားလေသည်။

'အခုအကြိမ် ဓားရေးပြိုင်ပွဲကို မြို့တော်အလယ်ဘက်မှာ ရွှေပြောင်းစီမံတာ မြို့စားလေး သိပြီးဖြစ်ပေလိမ့်မယ်။ ဓားရေးပြိုင်ပွဲကို လူအများကတော့ မေ့ညွတ်မတတ် ကြည့်ကြမှာပဲ။ သျှီဝမြို့စားလေးလဲ ဓားရေးယှဉ်ပွဲအတွက် အလေ့အကျင့်များ ပိပိရိရိ လုပ်ထားပါရဲ့လား'

'ကျွန်တော် သမာနရဲ့ ဓားအသွားအလာ အနုတ်အသိမ်း မှန်သမျှကို သိနေပါပြီ အရှင်။ သူ လုပ်တတ်ကိုင်တတ်တဲ့ အပြုအမူမှန်သမျှလဲ သိရှိပြီးနေခဲ့ပါပြီ။ သည်ဟာတွေဟာ ကျွန်တော့်အတွက် လေ့ကျင့်ပြီးသား ဖြစ်နေသလိုပါပဲ'

'မဟုတ်ပေဘူး သျှီဝမြို့စားလေး၊ မဟုတ်ပေဘူး။ ငမင်စားဘက်ကနေ ကြည့်ရင်လဲ သျှီဝမြို့စားရဲ့ အားနည်းချက်တွေကို သိပြီးသားဖြစ်နေမှာပဲ။ ပြီးတော့ ငမင်စားကို ဓားနဲ့ပတ်သက်လာရင် ဒါလောက် အထင်သေးထားဖို့ မကောင်းဘူး။ ငမင်စားဟာ ဓားရေးဓားရာမှာ ပညာခန်းကုန်သွားပြီလို့ ပြောလို့၊ အစသတ်လို့ မရနိုင်တဲ့ လူစားမျိုးပဲ။ သူ့တစ်ယောက်ကို ဖမ်းဖို့အတွက် စစ်တပ်ကြီးတစ်ဝက်လောက်ကို အသုံးချရတဲ့ လူပဲ။ သူ့ကို သျှီဝမြို့စားလေးက သည်လောက် ပေါ့ပေါ့ဆဆ မှားမှားယွင်းယွင်း အထင်သေး အမြင်သေး တွက်ဆတာတော့ မလျော်တူးထင်တယ်။ ငမင်စားဟာ ရဲရင့်တယ်၊ လျင်မြန်ဖျတ်လတ်တယ်၊ ယောကျ်ားကောင်း ယောကျ်ား

mgyoe.com

mgyoe.com


မြတ်တစ်ဦး ပီသပါပေတယ်။ သူသာ သစ္စာတော်ရှိရှိနဲ့ အမှုများ ထမ်းရွက်ရင် စစ်သည်တပ်မကြီး တစ်တပ်လောက် အားကိုးရမယ်။ အခုတော့ နိုင်ငံတော်ကို သစ္စာဖောက်တဲ့ တရားခံ ဖြစ်နေရှာပေတယ်'

ဘုရင်မ၏ စကားသံသည် ပို၍ တိုးသက်သွားလေသည်။ ထို့နောက် အလျဉ်းပင် ပျောက်ကွယ်သွားသည်ဟု ထင်မှတ်နေရသည်။ သို့သော် တိုးသက်စွာ ဖြင့် သမာန၏ ချီးမွမ်းခန်း ဖွင့်ဆိုနေသည်မှာ မဆုံးနိုင်တော့ဟူ၍ ထင်မှတ်ရသည်။ ကျုပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်မည့်သူအား မည်သည့်အတွက်ကြောင့် ကျုပ်၏ရှေ့ မှောက်၌ ထိုမျှပိုလွန်ကဲသော ချီးမွမ်းခန်းကို ဖွင့်ဆိုနေဘိသနည်း။ သမာန၏လက် တို့မှာ အသားအရေဖြင့် တည်ဆောက်ထားသည် မဟုတ်မူ၍ သံထည်တို့ဖြင့် တည် ဆောက်ထားသည်ဟူ၍ မှတ်ထင်ရသည်ဆို၏။ သူ့စေးကိုင်ပုံကအစ ရန်သူအား အနိုင်ရယူပြီးသား ဖြစ်သည်ဟူ၏။ မြင်းစီးအတတ်တွင်လည်း သူ့ရဲကောင်းသမာန အား ယှဉ်ပြိုင်နိုင်သူမှ မရှိသေး။

ထိုစကားအပေါင်းသည် ကျုပ်၏စိတ်ဓာတ်များအား အံ့ကြွလာစေသော စကားများ ဖြစ်နေသည်။ ပထမတိုက်ပွဲတွင် ကျုပ်၏ ရှုံးနိမ့်ခဲ့ရမှုအတွက် ယခုအခါ တွင် မခံမရပ်နိုင်အောင် ဝမ်းနည်း၊ မခံမရပ်နိုင်အောင် ရှက်စိတ် ဝင်လာလေသည်။ ထိုရှက်စိတ်၊ မခံမရပ်နိုင်စိတ်များကို ကျုပ်သည် မပေါ်လွင်သွားစေရန် ထိန်းချုပ် နေရသည်။

'ငမင်းမြို့စားဟာ မြင်းစီးအတတ်မှာ ဘယ်လောက်ကျွမ်းကျင်သလဲဆိုရင် လူလေးယောက် မြားလေးစင်းနဲ့ လေးဘက်လေးတန်က ဝိုင်းညှပ်ပိတ်ဆို့ထားပြီး မိုးသီးမိုးပေါက်ရွာသလို ပစ်သွင်းနေတာကို လူရော၊ မြင်းရော လွတ်အောင် ရှောင် နိုင်ပြီး လေးသည်တော်နှစ်ဦးရဲ့ ခေါင်းကို ရအောင် ဖြတ်ယူသွားနိုင်တယ်'

ထို့နောက် အရှင်၏ သာသာယာယာ ရယ်မောလိုက်သံသည် ကျုပ်၏ အသည်း နှလုံးကို ဖောက်ဝင်သွားပြီး စူးရှနာကျင် ခံပြင်းစေသည်။ ကျုပ်၏ မျက်နှာပေါ်၌ ထိန်းထား၍မရနိုင်ဘဲ ပေါ်လွင်နေသည့် မနာလိုဝန်တိုစိတ်များကို အရှင်မသည် မြင်တွေ့သွားခဲ့လေပြီ။ ခုအခါတွင် ကျုပ်အား သဘောထားသေးသိမ်သူ၊ ယောကျ်ား မပီသသူဟူ၍ အရှင်မ ထင်သွားခဲ့လေပြီ။ ယောကျ်ားကောင်းတစ်ယောက်၏ အကြီးမားဆုံးသော အရည်အသွေးမှာ သဘောထားကြီးမြတ်ခြင်း ဖြစ်လေသည်။ ယောကျ်ားကောင်းတစ်ဦးသည် ရန်သူအပေါ်၌ပင် သဘောထားကြီးမြတ်ရပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ယခုကား အရှင်သည် ကျုပ်စိတ်တွင်း အားနည်းချက်တို့ကို ဖော်ထုတ်လှောင်ပြောင်နေဘိသကဲ့သို့ ရှိသည်။ အရှင်၏ ရယ်မောသံသည် ကျုပ်အား ယောကျ်ားကောင်းတစ်ဦး မဟုတ်ဟူ၍ လှောင်ပြောင်နေသကဲ့သို့ ဖြစ်နေလေပြီ။

ခုအခါတွင် ကျုပ်၏ခေါင်းမှာ ပြင်းထန်စွာ ဆူပူလှုပ်ရှားနေသည်။ သွေးများသည် ဆူပွက်နေပြီး ရက်စိတ်တို့သည် တစ်ကိုယ်လုံးတွင် တသွင်သွင်ဖြတ်သန်းစီးဆင်းနေသည်။ ဤရှက်စိတ်တို့ကို ပြေပျောက်ရန် တစ်ခုခုဖြင့် ဆေးကြောသုတ်သင်ပစ်မှ ဖြစ်တော့မည်ကဲ့သို့ ရှိလေသည်။ သျှိဝမြို့စားငယ်သည် သဘောထားသေးသိမ်သူ မဟုတ်ကြောင်း အရှင်သိတော်မူရန် အကြောင်း တိုက်ဆိုင်လာပါစေဟု ထိုအချိန်၌ ကျုပ်သည် ဆုတောင်းနေ၏။

ထို့နောက် အရှင်၏ ရွှင်ပျစွာရယ်သံမှာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

'မင်း သူ့ကို နိုင်အောင်တိုက်နိုင်မယ်လို့ ကတိပေးနိုင်ပါ့မလား'ဟု မေးလိုက်သံ ပေါ်လာလေသည်။

'နိုင်အောင် မတိုက်နိုင်ရင် ကျွန်တော့်ကို သေဒဏ်ပေးသနားတော်မူပါ အရှင်၊ ကျွန်တော် နိုင်အောင် တိုက်ပါ့မယ်။ အဲဒီလို အနိုင်တိုက်နိုင်ပါမှလဲ ကျဆုံးခဲ့သမျှ ကျွန်တော့်အရှက်များကို ပြန်ဖုံးဖိရာ ရောက်ပါမယ် အရှင်။ တင်နေတဲ့ အကြွေးကို ဆပ်ရာကျရောက်ပါမယ်'

'မင်းကိုလဲ ကျွန်ုပ် အထင်သေးတော်မမူသေးဘူး သျှိဝမြို့စားငယ်။ ဒီတစ်ပွဲမှာ မင်း အနိုင်တိုက်နိုင်မယ်လို့လဲ ကျွန်ုပ် အဆုံးတိုင်အောင် ယုံကြည်ထားပေတယ်။ မင်းသာ အနိုင်တိုက်နိုင်ရင် ကျွန်ုပ်က လိုရာဆုတော်မြတ်ပေးဖို့ ရည်ရွယ်ထားတယ် သျှိဝမြို့စားလေး။ အကယ်၍ တိုက်ပွဲမှာ မင်းက နိုင်လာခဲ့ရင် ထီးနန်းစည်းစိမ်၊ မထိုက်တန်သော ရာထူးမှတစ်ပါး မင်းကြိုက်ရာဆုကို တောင်းနိုင်တယ်။ မင်းဆန္ဒအရှိဆုံးဆုကို တောင်းနိုင်တယ်'

ကျုပ်သည် တောင်းရမည့်ဆုကို တွေးနေ၏။ ဤတိုက်ပွဲမှာမူ ကျုပ်၏ အောင်ပန်းဆွတ်ယူပွဲသာလျှင် ဖြစ်ရလိမ့်မည်။

စံနန်းတော်ဘက်မှ ပြန်လာချိန်တွင် ကျုပ်၏စိတ်ထဲ၌ ငြိမ်သက်နေ၏။ ကျုပ်သည် တိုက်ပွဲကို တမ်းတလာသည်။ ဤတစ်ပွဲတွင်မူ မိမိသည် အရေးမရှုံးနိမ့်နိုင်၊ ရှုံးနိမ့်ခဲ့လျှင်လည်း မိမိ၏အသက်ကို ကတိအတိုင်း ပေးဆက်လိုက်ရုံသာ

mgyoe.com

mgyoe.com
SAMPLE BOOK


ရှိသည်။

မြို့တော်ဝန်၏ အမှုထမ်းတစ်ဦးသည် ကျုပ်အား အဆောင်မှလာ၍ စောင့်နေသည်။ မြို့တော်ဝန်က ကျုပ်အား မြို့အလယ် တိုက်ပွဲကွင်းမှ အသင့်စောင့်နေကြောင်း ပြောဆိုသည်။ ကျုပ်သည် ဓားနှင့်ဒိုင်းကို အသင့်ဆွဲကိုင်ပြီး လိုက်ပါလာခဲ့၏။ မင်းလမ်းမကြီးတစ်လျှောက်၌ ကျုပ်သည် ဓားကို ခပ်ဆဆကိုင်ပြီး စိတ်ဓာတ်များတက်ကြွနေသည်။ လူအုပ်ကြီးသည် ကျုပ်၏နောက်မှ ပြုံ၍ လိုက်ပါလာသည်။ သူတို့၏ ဩဘာလက်ခုပ်သံများ ဆူညံနေသည်။ မေင်စား သမာနကိုမူ စစ်သေနာပတိကြီး ကိုယ်တိုင် တိုက်ကွင်းဘက်သို့ ခေါ်ဆောင်သွားနှင့်လေပြီ။

မကြာမီ နန်းတော်ကြီးဘက်မှ အရှင်၏ ရထားသည် အခြွေအရံ၊ ကိုယ်ရံတော်၊ လေးသည်တော်၊ မြင်းသည်တော်တပ်များ ခြံရံလျက် လိုက်ပါလာသည်။

'ဘုရင်မင်းမြတ် ကြွချီတော်မူလာတယ်၊ ကြွချီတော်မူလာတယ်'ဟု ရှေ့တော်ပြေး၏ အော်ပြောသွားသံ ပဲ့တင်ဟိန်းသွားလေသည်။ အားလုံးသည် မြေပြင်၌ ဝပ်တွားပြီး အရိုအသေ ပြုကြရလေသည်။ ထို့နောက် အရှင်မင်း၏ ရထားသည် ဖြတ်ကျော်လွန်သွားလေသည်။

အရှင်၏ ရထားသည် မြို့အလယ် ဓားရေးပြိုင်ကွင်း၏ အရှေ့ဘက်ကုန်းမြင့် ပန်းခြံအလယ်၌ ရပ်တန့်ထားသည်။ ဓားရေးပြိုင်ကွင်း၏ ပတ်လည်နှင့် ပန်းခြံ၏ပတ်လည်၌ လေးသည်တော် စစ်သည်များ စောင့်ကြပ်နေလျက်၊ အနီးအနားပတ်ဝန်းကျင်တို့၌ မြင်းသည်တော်များ မြင်းများကို စိုင်းနှင် စောင့်ကြပ်နေသည်။

လူအုပ်ကြီးမှာ ကျိတ်ကျိတ်တိုးနေသည်။ လူသံသူသံများသည် ကောင်းကင်ပြင်သို့ လျှံထွက်နေသည်။ ကုန်းအမြင့်ဘက်မှ လူအုပ်ကြီးကို ကျော်လွန်ပြီး ကွင်း၏ နံဘေးစတွင် သူရဲကောင်းသမာနကို ကျုပ်သည် လှမ်း၍ မြင်တွေ့ရသည်။ သူသည် တိုက်ကွင်းမြေပြင်ကို စိတ်ပါဝင်စားစွာ ဝေ့၍ ကြည့်နေသည်။ သူ့ခေါင်းထဲ၌ မြေပြင်ကို မှတ်သားပြီး တိုက်နည်းတိုက်ဟန်အသစ်ကို တွေးတောနေပုံရသည်။ ရှေ့တန်းမှ လူအုပ်ကြီးတစ်နေရာတွင် သက်တော်စောင့် တပ်သားဝတ်စုံကို ဝတ်ထားသည့် လူငယ်ကလေး ဒက္ခဏာ၏ ပြုံးရွှင်သောမျက်နှာကို လှမ်းမြင်နေရသည်။

သူ၏ 'ဆယ်လေးတစ်လေး ဆရာများ ထွက်ခဲ့ကြပါ။ ကျုပ် သျှိဝမြို့စားဘက်က လောင်းပါအုံးမယ်၊ ထွက်ခဲ့ကြပါ'ဟု အော်ဟစ်နေသံသည် အားလုံး

mgyoe.com

mgyoe.com
SAMPLE BOOK


အသံများထက် ပိုကျယ်၍ ရှင်းလင်းထင်ရှားလေသည်။

သမာနသည် တိုက်ကွင်းဘက်မှကုန်းပေါ်သို့ လှမ်းမျှော်ကြည့်ပြီး ကျူပ်ကို မြင်တွေ့သွားလေသည်။ ကျူပ်သည် လူကြားထဲမှ ကန့်သတ်ထားသည့် သွားလမ်းအတိုင်း ကွင်းဘက်သို့ ဆင်းသက်သွား၏။ လူသံ သူသံများ၊ ချေးနံ့များ၊ အငွေ့အသက်များကြောင့် မှုးနောက်နောက်၊ ငြီးစီစီကြီး ဖြစ်လောက်ပေသည်။ သို့သော် ဖျော့တော့သော ဆောင်းနေထဲ၌ နှင်းမှုန်များ လိမ်းကျံလျက်ရှိသဖြင့် တိုက်ကွင်းပြင်ဘက်တွင် သာယာလျက် ရှိလေသည်။

သူသည် အဝေးကြီးကတည်းက 'သျှီဝမြို့စားလေး … သျှီဝမြို့စားလေး' ဟု လှမ်း၍ အော်နေသည်။ သူ့ကိုယ်ပေါ်တွင် တုပ်နှောင်ထားသည့် သံကြိုးများမှာ တချွင်ချွင်မြည်လျက်ရှိပြီး ကျူပ် သူ့အနားရောက်သောအခါ သူသည် လက်အုပ်ချီ ဦးခေါင်းညွှတ်လျက် အရိုအသေ ပြုလေသည်။

ကျူပ်၏ဘေး၌ ရပ်နေသော မြို့တော်ဝန်သူဇုကို သူသည် လှမ်း၍ ပြုံးလိုက်လေသည်။

'သျှီဝမြို့စားလေး ခင်ဗျာ …. ၊ သူရဲကောင်းတွေဟာ စစ်တလင်းပြင်မှာ အခင်မင်ဆုံး မိတ်ဆွေများအဖြစ် တွေ့ဆုံကြရိုးရှိပါတယ် ခင်ဗျာ'ဟု သူ၏ အော်ပြောလိုက်သံသည် အသံအပေါင်းကို ကျော်လွှမ်းသွားသည်။

'သမာနဟာ သူရဲကောင်းတစ်ဦးပါပဲ သျှီဝမြို့စားလေး ခင်ဗျာ၊ ဟောဟို … ရပ်နေကြတဲ့ ဗြဲတိုက်ဝန်ကိုရော၊ သူ့စစ်သည်တွေကိုရော … ဟောဒီ မြို့တော်ဝန် အဖိုး ဇရာအိုကြီးကိုရော ရိုက်သတ်ပြီး သမာနဟာ လက်ကချည်ထားတဲ့ သံကြိုးတွေဖြုတ်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားနိုင်ပါတယ်။ အရင်တစ်ကြိမ်က မြို့စားလေးကို ကျွန်တော် ရန်သူကြီးတစ်ယောက်လို သဘောထားပြီး တိုက်ခိုက်ခဲ့တယ်။ အခုတစ်ကြိမ်တော့ ကျူပ်တို့ဟာ တကယ်ရင်းချာတဲ့ မိတ်ဆွေကြီးတွေ ဖြစ်နေကြလို့ ကျူပ်တို့ဟာ အလောင်းအစားတစ်ခုကို လုပ်ကြသလို လောင်းကြေးတစ်ခုခုနဲ့ တိုက်ရရင် ကောင်းမယ်ထင်ပါတယ်။ ဒါမှလည်း ပိုပျော်စရာကောင်းမယ်ထင်ပါတယ်'

'ကောင်းပြီ … ကျွန်ခံကြစတမ်းဆိုရင် ကောင်းမလား … မြို့စားမင်း။ ရှုံးတဲ့လူဟာ နိုင်တဲ့လူရဲ့ ကျွန် ဖြစ်ကြစတမ်း၊ နိုင်တဲ့လူရဲ့ကျွန်အဖြစ် …၊ ဘယ့်နှယ်လဲ အဲဒီအတိုင်း ကောင်းမလား'

mgyoe.com

mgyoe.com
SAMPLE BOOK


'ကျုပ်က သေရမယ့်လူပဲ၊ ခင်ဗျားလောင်းကြေးဟာ အဓိပ္ပာယ်မရှိပါဘူး သျှို့ဝမြို့စားလေး၊ တစ်ခုခုကို ပြောင်းပြီးလောင်းစမ်းပါ'

ငမင်စားသည် သံကုန်ဟစ်၍ ဆူညံစွာရယ်လိုက်လေသည်။ သူ့လက်များမှ သံကြိုးချင်းရိုက်သံ ဆူညံသွားလေသည်။ ကျုပ်၏ အော်ပြောနေသော စကားသံများကို သူ့အော်ဟစ်ရယ်သံက ဖုံးလွှမ်းသွားလေသည်။ ထိုရယ်သံသည် ပရိသတ်အများ၏ ဆူညံနေသံများအပေါ်၌ လွှမ်းမိုးနေသည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျား မလောင်းရဲလို့ ငြင်းဆိုနေတာလား'

'လောင်းပါတယ်၊ လောင်းပါတယ်၊ လောင်းပါတယ်'

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၈)

ကွင်းအလယ်မှ ကမူကို တိုက်မိသောကြောင့် ခေါင်းထက်မှ ဥသျှောင် ပြုတ်ကျသွားပြီး ဆံပင်များ မျက်နှာပေါ်သို့ ဖွာ၍ ကျနေသည်။ ဒိုင်းကို ဖက်ရွက်ကလေးတစ်ခုလို ကိုင်မြှောက်နေရသောကြောင့် လက်မောင်းများမှာ ပြင်းစွာကိုက်ခဲလျက် ရှိနေသည်။ နဖူးမှ ချွေးစီးများသည် မျက်လုံးထဲသို့ စီးဝင်နေပြီး မျက်လုံးများမှာ ကျိန်းစပ် ပြာဝေနေသည်။ မောပန်းလွန်းသဖြင့် သတိလက်လွတ်မတတ် ရှိနေသည်။

ထို့ပြင် နောက်ဘက်သို့ တွင်တွင်သာဆုတ်ခွာပေးနေရင်း စည်းကြိုးနှင့် ကျော ထိကပ်လုခမန်း ဖြစ်လာရပြန်လေသည်။ ကျုပ် ရှုံးနိမ့်တော့မည်။ နိုင်အောင် တိုက်ပါမည်ဆိုသော ကျုပ်၏ စကားများမှာ အချည်းနှီး အလဟဿဖြစ်ပြီး ပို၍ အရှက်တကွဲအကျိုးနည်း ဖြစ်ရတော့မည်။ စိတ်ဓာတ်များထဲတွင် အလျှော့ပေးလိုသော ဆန္ဒများ ဝင်ရောက်နေ၏။ စိတ်ဓာတ်များကို ပြန်၍ စုစည်းမရနိုင်တော့အောင် ဖြစ်နေရလေပြီ။

သို့သော် အရှင်သည် ရထားထက်မှနေ၍ တိုက်ပွဲကို ကြည့်ရှုတော်မူနေသည်။ အရှင်၏ရှေ့မှောက်၌ ကျုပ်သည် လုံ့အိပ်ချပြီး အရှုံးကား မည်သည့်နည်းနှင့်မျှ မပေးနိုင်။ ကျုပ်သည် စိတ်ဓာတ်များကို တစ်စတစ်စ ပြန်၍ စုစည်းနေ၏။

ထိုခဏ၌ သမာန၏ မျက်နှာမှာ လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားလေသည်။ သူသည် နောက်ဆုံး အနိုင်တိုက်ရန် အကြံအစည်တစ်ခု ပြုတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK



သူသည် ဓားဖြင့် ပိုင်းချလိုက်ပြီး တစ်ပြိုင်နက်တည်း ကျုပ်၏ဒိုင်းကို သူ့ဒိုင်းဖြင့် ရိုက်ချလိုက်ရန် ကြိုးပမ်းလိုက်လေသည်။ သို့သော် ထိုခဏ၌ ကျုပ်သည် ဖြတ်ခနဲ သတိဝင်လာ၏။ သူ့ဒိုင်းကို ကျုပ်၏ဓားဖြင့် ကာလိုက်ပြီး သူ့ဓားကို ကျုပ်၏ဒိုင်းဖြင့် ကာလိုက်လျက် ကျုပ်သည် အထက်သို့ ပင့်မြှောက်တွန်းတင်လိုက်လေသည်။

ထို တိုတောင်းလှသော လျှပ်တစ်ပြက် မကြာ အချိန်ကလေး၌ နှစ်ဦးစလုံးသည် အခွင့်အရေး ညီတူညာတူ ရနေလေသည်။

ပို၍လျှင်မြန်သူက ထိုအခွင့်အရေးကို အသုံးချလိမ့်မည်။

သူသည် မမျှော်လင့်သော ဖြစ်ပျက်မှုကြောင့် မဆိုစလောက် အချိန်ကလေး ကြောင်သွားလေသည်။ ကျုပ်သည် ဓားကို လျှပ်ကနဲ ပြန်ရုပ်ပြီး ဒလစပ် ထိုးမွှေလိုက်လေသည်။ သူသည် ရုတ်တရက် ယောင်ယမ်းပြီး ခုန်၍ရှောင်လိုက်သောကြောင့် ကျုပ်အတွက် အခွင့်အရေးများ ပိုမို၍ရသွားပြီး သူသည် ခံစစ်ဖြင့် နောက်သို့ တောက်လျှောက် ဆုတ်ခွာပေးနေရတော့သည်။

နောက်ဆုံးတွင် နှစ်ဦးစလုံးသည် လက်ပန်းကျပြီး မောပန်းလွန်းလာကြလေသည်။ ကျုပ်၏ ဓားချက်များသည်လည်း လေးလံနှေးကွေးလာသည်။ သို့သော် သူသည် ထိုအခွင့်အရေးများကို ကြားဖြတ်မယူနိုင်တော့။ ကျုပ်၏ ဓားချက်များသည် မှုမမှန်နိုင်တော့။ ထိုအတိုင်းပင် ကျုပ်တို့သည် တိုက်ကွင်းကို တစ်ပတ်လည်လုခမန်း ဖြစ်နေသည်။

ပရိသတ်များသည် အလျှဉ်း ငြိမ်သက်တိတ်ဆိတ်နေသည်။ အစောက ဘဝင်လျှံမှု အော်ဟစ်နေသံများမှာ ပျောက်ပျက်ကုန်သည်။ တိုက်ပွဲမှာ မကြာမီပင် အဆုံးသတ်တော့မည်။ ဓားတစ်ချက်မျှမထိ၊ အရှုံးအနိုင် အလျှဉ်းမရှိဘဲ တိုက်ပွဲ နိဂုံးချုပ်သွားတော့မည်ဟု ပရိသတ်သည် ထင်မြင်နေကြလေပြီ။

သူသည် ပထမတိုက်ပွဲထက် ပို၍ဆိုးသော ဓားပင်မကိုင်ဘူးသည့် လူမိုက်လူရမ်းများ၏ အလုပ်မျိုးကို ရုတ်တရက် လုပ်လိုက်လေသည်။ သူသည် ကျုပ်ထိုးလိုက်သည့်ဓားကို အလျှဉ်း မရှောင်တိမ်းနိုင်တော့ဘဲ ကျုပ်အား ဓားဖြင့် ဆီး၍ ပိုင်းချလိုက်လေတော့သည်။

ပရိသတ်များ၏ အလန့်တကြားအော်ဟစ်လိုက်သံမှာ ကွင်းတစ်ခုလုံး လျှံတက်သွားလေသည်။ ထိုအသံကြီးသည် တဝေါဝေါမြည်ဟိန်းလျက် ရှိ၏။ ကျုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ကား မျက်လုံးများ ပြာဝေလျက်ရှိနေသည်။ မောပန်းလွန်းသဖြင့် မဟန်နိုင်တော့အောင် ဖြစ်နေသည်။

သူခုတ်လိုက်သော ဓားချက်ကို ဒိုင်းဖြင့် ဆီးကာလိုက်သော်လည်း နှေးနေသဖြင့် ပခုံးကိုရှပ်၍ ထိသွား၏။ အသားသည် ဖွေးကနဲနေလိုက်ပြီး သွေးများ ရုတ်တရက် ဖြာဆင်းလာသည်။ ကျုပ်သည် သတိကင်းလွတ် ပြေးမည်ကဲ့သို့ဖြစ်နေ၏။ လက်ထဲမှဒိုင်းလည်း လွတ်ကျသွားလေပြီ။

ကျုပ်ထိုးလိုက်သည့် ဓားချက်သည် မှူမမှန်ဘဲ သူ့ပုဆိုး၏အောက် ပိုးကျိုက်ကိုသာ ထိုးဖောက်သွားသည်။

နေရောင်ခြည်များကား လင်းဖြာနေဆဲ ဖြစ်သည်။

'ဘယ်သူထိသွားသလဲ'

'ငမင် မြို့စားလား'

'သျှိဝမြို့စားလား'

ပရိသတ်များ၏ ဗလုံးဗထွေးနိုင်သော အော်ဟစ်သံ ဆူညံသံများသည် နားထဲသို့ စုပြုံဝင်ရောက်နေသည်။ ပရိသတ်များမှာ ထိန်းမနိုင်သိမ်းမရ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပြီး အားလုံး နေရာမှထရပ်၍ ကြည့်နေသည်။

ကျုပ်ထံသို့ သမာန၏ ဓားချက်များ ပြေးဝင်လာနေသည်ကို အိပ်မက်အတွင်း၌ မြင်နေရသကဲ့သို့ မြင်နေရပြီး ကျုပ်သည် ရှိသေးသမျှ သတိကလေးနှင့် ယောင်ယမ်းတိမ်းရှောင်ပေးနေသည်။ ကျုပ်သည် ယိုင်နဲ့စွာ နောက်သို့ ဆုတ်ပေးနေ၏။ လေးလံသော သူ့ဓားချက်များကို ပြန်လှန် ခုခံနိုင်အားလည်း မရှိတော့။ ထိုအချိန်၌ ကျုပ်၏ လက်အတွင်း၌ ကာကွယ်ရန် ဒိုင်းလည်းမရှိတော့။ သို့သော် သူရော၊ ကျုပ်ပါ ဖုတ်သက်ဝင်နေသကဲ့သို့သာလျှင် လှုပ်ရှားနေကြလေသည်။

ကျုပ်၏ကိုယ်သည် တဖြည်းဖြည်း ယိမ်းယိုင်ညွတ်ကျလာနေသည်။ သတိများအားလုံး လွတ်ထွက်ကုန်တော့မည့်အတိုင်း ဖြစ်နေသည်။ တောင့်ခံနိုင်သော စိတ်အားများ ကုန်ဆုံးသွားတော့မည်။ အရာရာသည် ချာချာလည်လျက် ဝါးထွေးလိုက်လာသည်။

ပရိသတ်များ၊ ရန်သူ သမာန၊ အရှေ့ဘက်မှ ကုန်းမြင့်ပန်းခြံ၊ ဘုရင်မ၏ ပန်းရထား၊ စစ်သည်တော်များ အားလုံးတို့သည် ဝါးဝါးထွေးထွေး ဖြစ်နေ၏။

နေခြည်များသည်လည်း ကျုပ်၏မျက်လုံးအတွင်းသို့ စူး၍ ဝင်ရောက်နေ

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ ကျုပ်ကား မည်သည့်နည်းဖြင့် အရှေ့ဘက်စည်းကြိုးအနားသို့ ရောက်လာရသည်ကိုပင် သတိမထားနိုင်တော့ပေ။ ကျုပ်အတွက် အရှုံးပေးလိုက်ရန် တစ်လမ်းတည်းသာ ရှိတော့သည်။

သူ၏ဓားရေးကို ကျုပ်၏ဓားဖြင့် ဆီးခံလိုက်ချိန်တွင် သူသည် ဓားကို ပြန်မရုပ်သိမ်းဘဲ ပူးကပ်ထားလိုက်သည်။ ထို့နောက် သူ့ဘယ်လက်မှဒိုင်းဖြင့် ကျုပ်အား လှမ်း၍ ခုတ်ချလိုက်လေတော့သည်။ သူ့ဒိုင်းသည် ကျုပ်၏လက်တွင်းမှဓားကို ရိုက်ချသွား၏။ သူ့ဒိုင်းရော၊ ကျုပ်ဓားပါ မြေပြင်ပေါ်သို့ ကျသွားလေသည်။

သူ့လက်တွင်း၌ ဓားရှိသေးသော်လည်း ကျုပ်ထံတွင်ကား ဘာမျှ မရှိတော့ပေ။ ကျုပ်ထံတွင် အရှုံးပေးရန် တစ်ခုတည်းသာ ကျန်နေရစ်ခဲ့သည်။

သို့သော် သူသည် ထိုးဓားကို အသုံးပြုနေကျမဟုတ်ဘဲ ယခင်တိုက်ပွဲကကဲ့သို့ ကျုပ်အား အနိုင်ပိုင်းရန် ဓားဖြင့် ပစ်ထိုးလိုက်သည်။ ကျုပ်သည် ဖျတ်ကနဲသတိဝင်လာပြီး ကိုယ်ကို အနိုင်နိုင် တွန့်လိမ်ပေးလိုက်လေသည်။ ထိုးဓားသုံးနေကျမဟုတ်သောကြောင့် သူသည် အားလွန်ပြီး ကျုပ်၏ရှေ့မှောက်တွင် ထိုးစိုက်ကျလာသည်။

သူလဲကျနေသော်လည်း ကျုပ်၏ လက်တွင်း၌ လက်နက် တစ်စုံတစ်ရာမျှ မရှိတော့ပေ။ ထိုအချိန်၌ ကျုပ်သည် စိတ်အားတင်းလိုက်ပြီး သူ့ခြေရင်းတွင် ကျနေသော သူ့ဒိုင်းကို ကောက်ကိုင်မြှောက်လျက် သူ့ခေါင်းကို ရိုက်၍ချလိုက်၏။ ဒိုင်းအသွားနှင့် သူ့ခေါင်း ထိတွေ့သွားသံသည် တဒုန်းဒုန်း ထွက်ပေါ်လျက်ရှိ၏။ သူသည် ကျုပ်၏ တွေဝေနေပြီဖြစ်သော မျက်လုံးထဲ၌ လူးလွန့်နေသည်။ ကျုပ်သည် ထိုနေရာ၌ လက်တွင်းမှဒိုင်းကို ပစ်ချလိုက်၏။

သို့သော် တိုက်ကွင်းမှ လွတ်မြောက်အောင် သွားနိုင်တော့မည်မဟုတ်။ ထိုနေရာ၌ပင် တစ်ခါတည်း ပစ်လှဲချလိုက်ချင်တော့သည်။ ကျုပ်သည် အရှေ့ဘက်စည်းကြိုးမှာ အနီးဆုံးဖြစ်သည်ကို သတိရသွားသေး၏။ ထို့ကြောင့် ဒယိမ်းဒယိုင်ကိုယ်ဖြင့် အရှေ့ဘက်သို့ လှည့်လိုက်လေသည်။

'ရအောင် ထွက်ပါ မြို့စားလေး ...၊ ရအောင်ထွက်ပါ။ အရှေ့ဘက် သုံးလှမ်းစာဘဲ ကျန်တော့တယ်။ သုံးလှမ်းရောက်တော့မယ်' ဟု အော်ဟစ်နေသံတစ်ခုသည် နားထဲသို့ ပြေးဝင်လာနေသည်။ လူငယ်ကလေး ဒက္ခဏာ၏ အော်ဟစ်နေသံဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဤစည်းကြိုးအတွင်းမှ ရန်သူအား အနိုင်တိုက်ပြီး မထွက်နိုင်လျှင် မရှုံးမနိုင်ပွဲ ဖြစ်သွားလိမ့်မည်။ ကျုပ်သည် မျက်လုံးကို မှိတ်ထား၏။ မူးနောက်နေသော ခေါင်းမှာ မဟန်နိုင်ဘဲ ပို၍ ယစ်ဝေလာနေသည်။

ထိုခဏ၌ ဘုရင်မ၏စကားများကို ဖျတ်ကနဲ သတိရနေ၏။

တစ်လှမ်း ...

နှစ်လှမ်း ...

သုံးလှမ်း ...

ကျုပ်၏ကိုယ်နှင့် စည်းကြိုး ထိသွားလေသည်။ ကျုပ်သည် ကြိုးကို ကိုင်ပြီး ယိမ်းယိုင်နေ၏။ ထို့နောက် ကြိုးကို ခွဲနဘဲကြီးစွာဖြင့် ကျော်ဖြတ်လိုက်လေသည်။ ကြိုး၏အပြင်ဘက်သို့ ရောက်ရှိနေပြီဟု သိလိုက်ပြီး ကျုပ်သည် စိတ်ခွန်အင်အား အပေါင်းကို လျှော့ချလိုက်လေသည်။ ထိုနေရာ၌ ကိုယ်သည် ညွှတ်ကျသွားပြီး ပစ်၍ လဲကျသွားလေသည်။

❑

mgyoe.com

mgyoe.com


(၉)

အရှေ့ဘက် ဘုရင်မ ပန်းရထား ရပ်တန့်တော်မူထားရာ ပန်းခြံအတွင်းရှိ ပန်းရုံတစ်ရုံအောက်သို့ နေခြည်ပြောက်တစ်ခုပင် မကျ၊ ပန်းခြံ၏ နံဘေး ခပ်ဝေးဝေး၌ မြင်းသည်တော်များ လှည့်ပတ်နေပြီး လေးသည်တော်များသည် လေးမြားတို့ကိုကိုင်လျက် ငြိမ်သက်ရပ်တန့်နေသည်။

ထိုပန်းရုံအောက်သို့ လူငယ်လေး ဒက္ခဏာသည် ကျုပ်အား ပွေ့ချီသွား၏။ သူသည် ကျုပ်၏မျက်နှာပေါ်သို့ ဆေးနံ့သာပုဝါကို အုပ်ပေးထားပြီး ငြိမ်သက်စွာရပ်၍ ကြည့်နေသည်။ ကျုပ်သည် တဖြည်းဖြည်း အမောပြေလာနေလျက် အသက်ကို မှန်မှန်ရှူလာနိုင်သည်။ ထိုအချိန်တွင် တိုက်ကွင်းအလယ်၌ သမားတော်ကြီး ဇီဝသည် သမာနအား ဆေးဝါးပြုစုနေသည်။

ကုန်းအထက်၌ ဘုရင်မ ပန်းရထား ရပ်တန့်ထားလေသည်။

'မြို့စားလေး၊ ဘုရင်မ ကြွလာတော်မူနေတယ်' ဟု ဒက္ခဏာသည် ကျုပ်၏အနီးသို့ ကပ်ပြီး စကားတိုးတိုးပြောလေသည်။

သူ့စကားသံကို အိပ်မက်အတွင်းတွင် နားထောင်နေရသကဲ့သို့ ရှိလေသည်။ ထို့နောက် ပန်းရနံ့ပေါင်းစုံကို ဖြတ်သန်းလာသည့် လေသည် ကျုပ်၏မျက်နှာပေါ်မှ ဖြတ်သန်းတိုက်ခတ်သွား၏။

ဒက္ခဏာသည် ကျုပ်၏ပါးစပ်အတွင်းသို့ ချိုမြိန်သော ရေငတ်ပြေ၊ အမောပြေစေသည့် ဆေးနံ့သာများကို တစ်စက်ချင်း ချပေးနေသည်။ ကျုပ်၏ နှလုံးသား

mgyoe.com

mgyoe.com SAMPLE BOOK


များမှာ တဖြည်းဖြည်း အေးမြကြည်လင်လာနေသည်။

ပန်းရွက်ကြွေများအပေါ်၌ ဖြတ်နင်းလျှောက်လာသဖြင့် မြည်သံ၊ ပန်းရွက်များအပေါ်သို့ ပုဝါလျှောတိုက်လာသံ။ ထိုအသံတို့ကို ရေးရေးဝါးဝါး၊ တိုးတိုးသဲ့သဲ့ ကြားလာရသည်။ ထိုအသံများသည် ပို၍ နီးကပ်နေ၏။ ထို့နောက် ကျုပ်၏နံဘေးတွင် ထိုအသံများ ရပ်တန့်သွားလေသည်။

ကျုပ်သည် မျက်နှာပေါ်၌ လွှမ်းထားသည့်ပုဝါကို အနည်းငယ်မျှ အောက်ဖက် ရွှေ့လိုက်ပြီး မျက်လုံးကို ဖွင့်လှစ်လိုက်သည်။ ပထမတွင် ဘာမျှမမြင်ရဘဲ ဝါးထွေးနေသည်။ ထို့နောက် တဖြည်းဖြည်း မြင်ကွင်းအတွင်းသို့ အနီရောင်များ၊ အဝါရောင်များ၊ အရောင်မျိုးစုံ ယှက်ဖြာကျလာသည်။ ပန်းရွက်ခြောက်များကို သဲကွဲစွာ မြင်လာနေရလေသည်။

ရွှေအပ်များဖြင့်သီထားသော ဘုရင်မ၏ ထမီအနားစသည် ခပ်နီးနီး၌ လေတိုးဝှေ့သဖြင့် ရွှေအပ်မျှင်ကလေးများ တစ်ခုနှင့်တစ်ခု ရိုက်ခတ်နေသည်။ ထို့နောက် ထမီအနားစဖြင့် ဖုံးကွယ်ထားသည့် အရှင်၏ ခြေဖမိုးများကို မြင်ရလေသည်။

'သျှိုဝမြို့စားလေး၊ မင်းဟာ စောင်းအခတ်တော်သလို ဓားကိုလဲ ပန်းပွင့်ကလေးတစ်ပွင့်လို ကိုင်ပြနိုင်စွမ်းတဲ့ ယောကျ်ားကောင်းတစ်ယောက် ပီသပါပေတယ်။ ယောကျ်ားကောင်းတစ်ယောက်ရဲ့ မလျှော့တဲ့ ဇွဲနဲ့ ပြည့်စုံပါပေတယ်။ မင်း ကတိအတိုင်း တိုက်ပွဲကို အဆုံးသတ်နိုင်ပါပေတယ်။ ဆုတော်မြတ်ကို မနက်ဖြန် ညီလာတော်ခံမှာမှ ပေးဖို့ ရည်ရွယ်ထားရှိပေမယ့် သမာနလို လူတစ်ရာအားနဲ့ ညီမျှတဲ့ ဓားသမားတစ်ဦးနဲ့ ယှဉ်ပြိုင်လိုက်နိုင်တဲ့အတွက် ဆုတော်မြတ်ပေးအပ်ရမှာဆိုတော့ အချိန်ကို ဆိုင်းငံ့ထားလိုတဲ့ ဆန္ဒ မရှိတော့ဘူး။ သျှိုဝမြို့စားလေး .... မင်း အလိုချင်ဆုံး၊ အတမ်းတဆုံး ဆုကို တောင်းခံပေတော့'

ဒက္ခဏာသည် မြေတွင် ပြားပြားမှောက် ဝပ်နေ၏။ ကျုပ်သည် မျက်လုံးကို ပြန်မှိတ်ပြီး ကိုယ်ကို အနည်းငယ်စောင်းနေရာမှ ပြင်လိုက်လေသည်။ ကျုပ်၏ လက်များသည် အလိုလိုဦးခိုက်ပြီးသား ဖြစ်နေ၏။ ကျုပ်သည် မြေတွင် နဖူးနှင့်ထိကပ်ထားပြီး ငြိမ်သက်နေသည်။ အရှင်၏ စကားမိန့်မြွက်သံမှာ အနည်းငယ်ပင် တုန်တုန်ယင်ယင် ဖြစ်နေသလား ထင်နေသည်။

ဤတိုက်ပွဲ၌ ကျုပ်က နိုင်ခဲ့လျှင် တောင်းဆိုရမည့်ဆုသည် ကျုပ်စိတ်ထဲ

mgyoe.com

mgyoe.com SAMPLE BOOK


၌ အကြိမ်ကြိမ်အဖန်ဖန် စွဲထင်နေပြီးသား ဖြစ်နေသည်။ ထိုဆုကိုသာ တောင်းဆိုရမည်ဟု တွေးတောနေပြီးသား ဖြစ်နေသည်။

ဘုရင်မ၏ ခြေဖမိုးပေါ်တွင်ရှိသည့် ထမိမြိတ်စပေါ်သို့ ထိုးဖောက်ကျနေသည့် နေခြည်ပြောက်ငယ်ကို ကျုပ်သည် ငေး၍ ကြည့်နေသည်။

'သမာနသာ သစ္စာတော်ရှိရှိနဲ့ အမှုတော်ထမ်းရွက်မယ်ဆိုရင် စစ်သည်တော်တပ်တစ်တပ်လောက် အားကိုးရပေမယ်လို့ နေ့ခင်းပိုင်းက အရှင် အမိန့်တော်ရှိခဲ့ပါတယ်။ သမာနနဲ့ ကျွန်တော်ဟာ အမုန်းဆုံးရန်သူကြီးတွေ ဖြစ်ခဲ့ကြပေမယ့်လို့ ဓားရေးယှဉ်ပြိုင်ပြီးချိန်ကစပြီး တစ်ဦးကိုတစ်ဦး လေးစားမှုနဲ့ အခင်မင်ဆုံး၊ အရင်းခြာဆုံး မိတ်ဆွေကြီးတွေ ဖြစ်လာကြပါတယ် အရှင်မဖုရား။ ဒီအဖြစ်မျိုးကို ဓားသမားတွေသာ ပိုပြီး နားလည်ခံယူနိုင်ကြပါတယ်။ အခု ဓားရေးပြိုင်ပွဲမှာ အလောင်းအစားကြောင့် သူဟာ ကျွန်တော့် ကျွန်တစ်ဦး ဖြစ်လာခဲ့ရပါပြီ။ သူ့ကို ကျွန်တော်ပိုင်နေပါပြီ။ သူဟာ ကတိသစ္စာကို ဘယ်အခါမှာမှ မဖောက်ဖျက်တတ်တဲ့ လူစားမျိုးလဲ ဖြစ်ပါတယ်။ အလောင်းအစားမှာလဲ နာယာယန၊ ဗိသနိုး၊ သျှီဝ၊ ကရစ်သျှနဲ့ ဗြဟ္မဏများကို တိုင်တည်ပြီး သစ္စာပြုခဲ့ကြပါတယ်။ ဒါကြောင့် သူ့ကို အရှင်စစ်သည်တော်တပ်မှာ အမှုထမ်းခိုင်းရင် အမှုထမ်းကောင်းတစ်ဦး ဖြစ်လာပါတော့မယ်။ ကျွန်တော့်ကျွန်ရဲ့ အသက်ကို ကျွန်တော့်ကို ပေးသနားဘို့ တောင်းခံပါတယ် အရှင် ...'

ကျုပ်၏ တိုးတိုးလျှောက်ကြားနေသံသည် ဖြည်းဖြည်းလေးလေး ထွက်ပေါ်လျက်ရှိလေသည်။ အရှင်သည် ငြိမ်သက်စွာ တွေဝေပြီး ကျုပ်၏ကျောပြင်ကို အချိန်ကြာမြင့်စွာ စူးစိုက်ကြည့်တော်မူနေသည် ထင်သည်။ သက်ပြင်းကို မှျင်းမှျင်းတွဲ့တွဲ့ ရှုသံလိုလို ကြားနေရသည်။ ကျုပ်၏ လျှောက်ထားချက်တို့မှာ မှားယွင်းနေလေပြီ။ အရှင်၏ စိတ်နှလုံးသားများကို ထိခိုက်အောင် ပြုမူမိခဲ့လေပြီ။

'ဘာဆုကို တောင်းလိုက်ပါသလဲ သျှီဝမြို့စားလေး၊ ကျွန်ုပ် လုံးလုံး မမျှော်လင့်မိတဲ့ စကားပေပဲ။ ကျွန်ုပ် လုံးလုံး မတွေးတောခဲ့ဘူးတဲ့ ဆုတော် လာဘ်တော်ပေပဲ'

အရှင်၏ အသက်ရှုသံကို ပို၍ ကြားလာရလေသည်။

'နေ့လည်က ကျွန်ုပ်က သမာနရဲ့အကြောင်းကို ချီးမွမ်းမိလို့ သျှီဝမြို့စားလေးရဲ့ စိတ်ထဲမယ် မခံမရပ်နိုင် ဖြစ်နေတယ်။ ကျွန်ုပ်က သမာနသာ အမှုတော်

mgyoe.com

mgyoe.com SAMPLE BOOK


ထမ်းရွက်ရင် အဖိုးတန်လူတစ်ယောက်ဖြစ်မယ်ဆိုတာ မြို့စားလေးစိတ်ထဲမှာ ကသိကအောက် ဖြစ်နေတယ်။ မင်း မျက်နှာပျက်သွားတော့ မင်းကို ကျွန်ုပ်က အထင်သေးသွားပြီလို့ ထင်နေတယ်။ လျှောက်တင်စမ်းပါအုံး မြို့စားလေး ....၊ တမင် ဒီဆုကို တောင်းပြနေတာလား၊ အမှန်တော့ သမာနကို ချီးမွမ်းတာဟာ မြို့စားလေးအတွက် သက်သက်ပဲ။ မြို့စားလေး မခံမရပ်နိုင်ဖြစ်လွန်းပြီး မနိုင်နိုင်အောင် တိုက်လာဖို့ ရည်ရွယ်တာပဲ။ အခုတိုက်ပွဲမှာ သျှီဝမြို့စားလေးက နိုင်လိုက်ပြီ၊ အနိုင်ယူလိုက်နိုင်ပြီ'

အရှင်၏အသံသည် တဖြည်းဖြည်း ပို၍ တိုးသက်သွားနေပြီး နောက်ဆုံး ပျောက်ကွယ်သွားတော့မည်ကဲ့သို့ ဝမ်းနည်းစဖွယ် ဆွတ်ပျံ့နေသည်။

'မင်းဟာ ပန်ထွာနိုင်ငံတော် တစ်ဝှမ်းလုံးမှာ အတော်ဆုံး၊ အထက်မြက်ဆုံး၊ အတောက်ပဆုံး ဓားသမားတစ်ဦး ဖြစ်လာရပြီ လူကလေး ... ပြိုင်ဘက်ကင်းမဲ့တဲ့ အလွှံရဲရဲတောက် ဓားသမားတစ်ဦး ဖြစ်လာရပြီ။ သည့်ပြင် ဆုတော်မြတ်တစ်ခုခုကို ပြောင်းလဲတောင်းဆိုစမ်းပါကွယ် ... ။ ထီးနန်းနဲ့ မထိုက်တန်တဲ့ ရာထူးကလွဲရင် မင်းအလိုချင်ဆုံး၊ အတမ်းတဆုံးဆုကို ပြောင်းပြီးတောင်းပါ။ ကျွန်ုပ် လိုက်လျောပါ့မယ်။ မဖြစ်နိုင် ဖြစ်နိုင်အောင် လိုက်လျောပါ့မယ်။ ဒါပေမယ့် သမာနဟာ သေဒဏ်အပေးခံရမယ့် အကျဉ်းသား ဖြစ်နေတယ်။ မင်းလိုချင်တဲ့ ဆုတော်ကလေး တစ်ခုအတွက် နိုင်ငံတော်ရဲ့ တရားဥပဒေတစ်ခုလုံးကို ဖျက်ဆီးပစ်ရမလို ပါလား ကွယ်'

'ဒါပေမယ့် သူ့အမှုကို စွဲချက်တောင် မတင်ရသေးပါဘူး အရှင် ...၊ မြို့တော်ဝန်သူဇုဟာ သူ့စွဲချက်များကို မဖတ်ကြားရသေးပါ အရှင် ...။ သမာနကသာ သူ့ကိုယ်သူ သေဒဏ်စီရင်လိုက်တာ ဖြစ်ပါတယ်။ သမာနဟာ တရားဥပဒေကို ဆုံးဖြတ်ပိုင်ခွင့်ရှိသူ မဟုတ်ပါဘူး အရှင်'

'သူ့လို ရာဇဝတ်သားကို သေဒဏ်မချမှတ်လဲ ချမှတ်ထားသလိုပဲ မဟုတ်လား မြို့စားလေး ....၊ ပြီးတော့ ဓားရေးပြိုင်ပွဲ အမိန့်ထဲမှာ **ဓမင်စားသည် ရာဇဝတ်ဒဏ်ဖြင့် သေစေရမည်** လို့ ထည့်သွင်းခဲ့တဲ့အတွက် သူ့ကို သေဒဏ်စီရင်ပြီးသား ဖြစ်နေတယ်။ ပြီးတော့ တိုင်းပြည်ပုန်ကန်မှုဟာ သေဒဏ်ကလွဲရင် ဒီ့ပြင် အပြစ်ပေးစရာ နည်းလမ်းလဲ မရှိပေဘူး'

ထိုနေရာ၌ စကားစများ ရပ်တန့်သွားပြီးနောက် အရှင်သည် ငြိမ်သက်စွာ

mgyoe.com

mgyoe.com
SAMPLE BOOK


ရပ်တော်မူနေဆဲ ဖြစ်နေသည်။ အရှင်၏ စိတ်နှလုံးထဲ၌ မချမ်းမမြေ့ ဖြစ်တော်မူနေသည်။ ကျုပ်သည်လည်း မိမိ၏ တောင်းဆိုထားမှုကို ပြန်၍ ရုပ်သိမ်းလိုသောဆန္ဒ ပေါ်လာနေသည်။ သို့သော် ထိုကဲ့သို့ ရုပ်သိမ်းလိုက်လျှင် ကျုပ်ကား စိတ်ဓာတ် မတည်ငြိမ်သူ၊ အပြောင်းအလဲများသော ယောကျ်ားကောင်းမပီသသူ ဖြစ်သွားလိမ့်မည်။ ကျုပ်သည်လည်း တွေဝေ ငြိမ်သက်နေသည်။

'အရှင်က သေဒဏ်ချမှတ်လိုက်တာလို့ ဆိုလို့မရပါဘူး အရှင် ...။ မေင်စားက သူ့ကိုယ်သူ သေဒဏ်ချမှတ်တာကို အရှင်က ထည့်သုံး မိန့်မြွက်တာသာ ဖြစ်ပါတယ်။ ပြီးတော့ သမာနလို လူမျိုးတစ်ဦးအတွက် သေဒဏ်ထက် အဆပေါင်းများစွာ ဆိုးရွားတဲ့ အပြစ်ဒဏ်မျိုး ပေးသင့်ပါတယ်။ သူ့လိုလူတစ်ယောက် သူတစ်ပါးကျွန် ဖြစ်ရတာဟာ သေဒဏ်ထက် အဆများစွာဆိုးရွားတဲ့ အပြစ်ဒဏ် ဖြစ်နေပါတယ်။ သူ့ကို ကျွန်တော် သျှိဝမြို့စားရဲ့ကျွန်အဖြစ်နဲ့ သတ်မှတ်အပြစ်ပေးတော်မူတာဟာ သေဒဏ်ထက် ပိုထိရောက်တဲ့ အပြစ်ဒဏ် ဖြစ်ပါတယ်'

အရှင်မသည် ခြေဖဝါးများကို နေရာမှ ရွှေ့လိုက်လေသည်။ ထို့နောက် ညင်သာစွာ သက်မချသံသည် ပန်းရုံတစ်ဝိုက်၌ ပေါ်လာနေသည်။

'မြို့တော်ဝန် သူဇုကို သွားခေါ်ခဲ့ချေ ... ဒက္ခဏာ'ဟု အရှင်မ၏ မိန့်မြွက်တော်မူသံမှာ မကြည်မလင် ဖြစ်နေလေသည်။

ဒက္ခဏာသည် နေရာမှ နောက်သို့ ရိုကျိုးစွာဆုတ်ခွာပြီး ပန်းခြံ၏ အပြင်ဘက်သို့ ထွက်ခွာသွားလေသည်။ သူသည် မကြာမီပင် မြို့တော်ဝန်ကြီး သူဇုနှင့် အတူ ပြန်ရောက်လာသည်။ ထို့နောက် မြို့တော်ဝန်သည် အရှင်မ မိန့်မြွက်နေသည့် အမိန့်တော်ကို အံ့အားသင့်စွာ နာခံနေရလေသည်။

'အကျဉ်းသား သမာနသည် နိုင်ငံတော်အား ပျက်စီးရန်ကြံစည်ခြင်း၊ ပုန်ကန်ခြားနားခြင်း ပြုသည့် ပြစ်မှုများကြောင့် ဤအချိန်မှစ၍ သျှိဝမြို့စား၏ ကျေးကျွန် ဖြစ်စေရမည်'ဟူသော အမိန့်တော်သည် မြို့တော်ဝန်ကြီး သူဇုအား ပြင်းစွာလှုပ်ရှားစေသည်။

အမိန့်တော်ကို နာခံပြီး မြို့တော်ဝန်ကြီးသည် ပန်းခြံအတွင်းမှ ထွက်ခွာသွားလေသည်။

မြို့တော်ဝန်နည်းတူ ကျုပ်၏ စိတ်နှလုံးများသည်လည်း ပေါက်ကွဲတော့မည့်အတိုင်း လှုပ်ရှားလျက်ရှိလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK



အရှင်သည် ကျုပ်အား အလျှဉ်း မပေးသင့်သောဆုကို ပေးအပ်လိုက်လေပြီ။

သေဒဏ်သင့်ရမည့် ရာဇဝတ်သား တစ်ဦးအား ပေးအပ်လိုက်လေပြီ။

အရှင်သည် တရားဥပဒေကိုပင် တိမ်းစောင်းစေလျက် ရှိနေပြီ။

ထိုကဲ့သို့ ပေးအပ်လိုက်သည်မှာ ယုံနိုင်ဖွယ်ရာ၊ လက်ခံဖွယ်ရာ မရှိတော့ပြီ။ ကျုပ်သည် အဆုံးမရှိ၊ အစမရှိ ဝမ်းသာကြည်နူးစိတ်များ ပေါ်နေလေသည်။

ထိုဝမ်းသာကြည်နူးမှုတို့ကို တစ်ခုခု ပြုလုပ် ဖော်ပြလိုက်ချင်ပါသည်။ ကျုပ်သည် မွှန်ထူထုံထိုင်းနေသူတစ်ဦးကဲ့သို့ ရှေ့တွင်ရှိသော အရှင်မ၏ ခြေဖမိုးခုံကို လက်များဖြင့် အုပ်လိုက်မိလေသည်။ ပါးလွှာသော ပိုးသားထမီတော်၏ အမြိတ်စများမှတစ်ဆင့် နူးညံ့သက်သော၊ နွေးအိနေသော၊ ခုံးမို့နေသော ခြေဖမိုးအသားတို့ကို ထိကိုင်လိုက်မိလေသည်။

ထို့နောက် ကျုပ်သည် မွှန်ထူထုံထိုင်းစွာဖြင့် ခေါင်းကိုငုံ့လိုက်ပြီး ပါးနှင့် ခြေဖမိုးခုံကို ထိကပ်လိုက်လေသည်။ ထိုခဏ၌ ကျုပ်၏ရင်မှာ ဆူပွက်လျက် စိတ်လှုပ်ရှားမှုများသည် အတိုင်းအဆ မရှိတော့ပေ။

အရှင်သည် အံ့အားသင့်တော်မူနေသလို ငေးငိုင်နေပြီးမှ ခေါင်းတော်ကို ငုံ့လိုက်လျက်၊ ကျုပ်၏နဖူးပြင်အား လက်ဝါးဖြင့်ဆွဲ၍ မ,လိုက်လေသည်။ သေးသွယ်ညွတ်သော ပျော့ပျောင်းနုသက်လှသော အကြောအခက်တို့ စိမ်းမြွာနေသော အရှင်၏ လက်ချောင်းများသည် ကျုပ်၏နဖူးပြင်ပေါ်၌ တင်နေသည်။ အရှင်၏ သေးသွယ်ညွတ်သော လက်ချောင်းကလေးများသည် တဆတ်ဆတ် တုန်ယင်နေလေသည်။

ထို့နောက် ကျုပ်၏ မှုမမှန်သော မျက်နှာသည် မော့ကြည့်နေလျက်သားဖြစ်နေသည်။ ပိုးပုဝါပါးပါးကို ဖေါက်၍ အရှင်၏ မျက်နှာတော်ကို တည့်တည့်စူးစိုက် မော်ဖူးနေမိလျက်သား ဖြစ်နေသည်။ အရှင်၏ နှုတ်ခမ်းတော်များသည်လည်း တဆတ်ဆတ် လှုပ်နေလေသည်။ အရှင်၏ ရင်အုံတော်သည် အသက်ရှူပြင်းစွာဖြင့် မို့မောက်နေသည်။

ထို့နောက် ကျုပ်သည် သတိပြန်လည်၍ ဝင်လာပြီး လက်များကို ဖြေလွှတ်လိုက်လေသည်။

အရှင်သည် ကျုပ်၏ရှေ့မှ ဖြည်းဖြည်းချင်း နောက်ဘက်သို့ ပြန်လှည့်တော်မူသည်။ ထို့နောက် ပန်းရွက်ကြွေခြောက်များအပေါ်မှ ဖြည်းညင်းစွာ ဖြတ်နင်းလျက်

mgyoe.com

mgyoe.com
SAMPLE BOOK


ပန်းရထားရှိရာဘက်သို့ လှမ်းကြွသွားလေသည်။ အရှင်၏ သက်ပြင်းရှူရှိုက်သံနှင့် ကိုယ်အမွှေးရနံ့များသည် ကျုပ်၏ အနီးအနား၌ပင် ကျန်ရစ်ခဲ့နေသည်။

ကျုပ်သည် မလှုပ်မရှား ငြိမ်သက်ကျန်ရစ်ခဲ့၏။ ကျောက်ရုပ်တုတစ်ခုကဲ့သို့ အသက်ကင်းမဲ့ ကျန်ရစ်ခဲ့ပုံမျိုးနှင့် တူနေမည်။

❑

ပန်းခြံတွင်းမှ ဘုရင်မ၏ ပန်းရထားကား ထွက်ခွာသွားလေပြီ။ မြင်းသည်တော်၊ လေးသည်တော်များသည်လည်း ပန်းခြံအပြင်ဘက်မှ ထွက်ခွာသွားကြပြီးလေပြီ။

ဒက္ခဏာသည် တိုက်ကွင်းဘက်မှ ပန်းခြံဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာသည်။

'မြို့စားမင်း ရင်ပေါ်က ပုဝါဖြေပါတော့။ ဖြဲတိုက်ဝန်ရော၊ မြို့တော်ဝန်ရော တိုက်ကွင်းအပြင်ဘက်က စောင့်နေကြတယ်။ မြို့စားမင်းမလာနိုင်တာနဲ့ ကျွန်တော် လိုက်လာခေါ်ရတာ။ ဟိုမယ် … အကျဉ်းသား သမာနကို ပြန်ပြီး ဖမ်းချုပ်ထားနေရတယ်'ဟု သူသည် အရေးတကြီး ပြောနေသည်။

ကျုပ်အား အလျင်စလို တွဲထူပေးနေသည်။

ကျုပ်တို့သည် ပန်းခြံဘက်မှ လျှင်မြန်စွာ ထွက်ခွာလာကြလေသည်။ တိုက်ကွင်းပြင်၏ တစ်ဖက်ထောင့်၌ မြို့တော်ဝန်၏ စစ်သည်များနှင့် ဖြဲဝန်မင်းတို့ အစုကို လှမ်းမြင်ရသည်။

ထိုအထဲ၌ မတ်မတ်ရပ်လျက်ရှိသော သမာနကို မြင်တွေ့နေရသည်။ သူ့တစ်ကိုယ်လုံးတွင် သံဆူးကြိုးများ အထပ်ထပ် အဖန်ဖန် ပြန်လည်ချည်နှောင်ထားလျက်။ သူ့ကိုယ်ပေါ်၌မူ အဝတ်အစားများ ပြည့်စုံစွာ ပြန်လည်ဝတ်ထားလျက် ရှိနေသည်။ ဦးသျှောင်ကို ဆောင်းထားပြီး သူသည် ကိုယ်ကို တည့်မတ်အောင်ထိန်းကာ ရပ်နေသည်။ သူ့နားထင်စပ်နှင့် နဖူးစပ်တို့၌ ဟက်တက်ကွဲလျက်ရှိသော ဒဏ်ရာများမှ သွေးများ ဖြာကျနေဆဲဖြစ်ပြီး သူသည် မဟန်နိုင်အောင် မူးမှိုင်းနေဆဲရှိလိမ့်မည်။

ကျုပ်သည် စစ်သည်များကို တိုးဝှေ့ပြီး ဝင်သွား၏။ ကျုပ်၏ မျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK


သည်လည်း မပြုံးမရယ်၊ တည်ကြည်ငြိမ်သက်နေသည်။ သမာနနှင့် ကျုပ်သည် မျက်နှာချင်းဆိုင်၍ ရပ်နေမိကြလေသည်။ မာနကြီးသော သူ့နှုတ်ခမ်းများကို စေ့ထားသည်။ သူ့မျက်လုံးများမှာမူ မတောက်ပတော့ဘဲ မှေးမှိန်နေကြသည်။ ညနေခင်းပိုင်း အလင်းရောင်မှုန်မှုန်တွင် သူ့ကို ကြည့်နေရသည်မှာ ဝမ်းနည်းစဖွယ်ဖြစ်နေသည်။

သူသည် သူ၏တစ်သက်လုံးတွင် စောင့်ထိန်းခဲ့သော ဂုဏ်သိက္ခာများကို လူပုံအလယ်၌ ကျုပ်ထံသို့ လွှဲအပ်ခဲ့ရပြီးလေပြီ။ ထို့ပြင် သူရဲကောင်းတစ်ဦးအတွက် သေသည်ထက် အဆမတန် ဆိုးရွားသော သူတစ်ပါး၏ ကျွန် ဖြစ်နေရလေပြီ။

ကျုပ်သည် အမှုထမ်းများအား သူ့ကိုယ်ပေါ်မှ အတုပ်အနှောင်များကို ဖြေပေးလိုက်ရန် ပြောလိုက်လေသည်။ ထို့နောက် ဒက္ခဏာအပါအဝင် အားလုံးသည် သူနှင့်ကျုပ်ကို ချန်ထားခဲ့ပြီး ထွက်ခွာသွားကြသည်။

ထိုနေရာ၌ သူနှင့်ကျုပ် နှစ်ဦးတည်း ရပ်တန့်ကျန်နေရစ်ခဲ့သည်။ သူနှင့်ကျုပ်သည် တစ်ဦးကိုတစ်ဦး အလင်းရောင်မှိန်မှိန်ထဲ၌ ငြိမ်သက်စွာ စိုက်ကြည့်နေကြ၏။ သူသည် ဒဏ်ရာများကြောင့် မူးမှိုင်းလျက် ရှိသော်လည်း မာနကြီးမားလှစွာ တောင့်ရပ်ထားနေသည်။

နှင်းများ ပို၍ သိပ်သည်းစွာကျလာနေသည်။ သူနှင့်ကျုပ်သည် တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်လျက် ရပ်တန့်နေမြဲ ဖြစ်လေသည်။ သို့သော် သူ့မျက်လုံးများသည် ပို၍ မှေးမှိန်သွား၏။ ထိုအခိုက် သူ့ကိုယ်လုံးသည် ရုတ်တရက် ရှေ့သို့ကိုင်းကျလာသည်။ ကျုပ်သည် သူ့ပခုံးကို ဖမ်း၍ကိုင်လိုက်သည်။ သူသည် ချက်ခြင်းကိုယ်ကို ပြန်၍မတ်လိုက်၏။

'ခင်ဗျား ကျုပ်ကို အနိုင်ယူသွားနိုင်တာတော့ အမှန်ပါပဲ။ ခင်ဗျားလဲ ကျုပ်လို စစ်သားကောင်းတစ်ဦးပါပဲ၊ ဒါပေမယ့် ခင်ဗျားလို စစ်သားတစ်ဦးဟာ ပြိုင်ဘက်စစ်သားတစ်ဦးကို အနိုင်ယူပြီးရင် ဘယ်နည်းနဲ့မှ ဆက်ပြီး ညှဉ်းပန်းနှိပ်စက်ကလူ ပြုထားဖို့တော့ မကောင်းပါဘူး ... သျှိုဝမြို့စားလေး ... 'ဟု သူသည် မူးမူးမှိုင်းမှိုင်းဖြင့် တစ်လုံးချင်း ပြောနေသည်။

ကြေကွဲဆို့နစ်သော သူ့အသံသည် တိုက်ကွင်းပြင်ဘက်သို့ ဝေ့ပြီး ပျံ့လွင့်နေသည်။ ကျုပ်သည် သူ့ကို ငြိမ်သက်စွာ စိုက်ကြည့်မြဲ ကြည့်နေသည်။

'မဟုတ်သေးပါဘူး ငမင်မြို့စားမင်း၊ စစ်သားကောင်းတစ်ဦးဟာ အခြား

mgyoe.com

mgyoe.com
SAMPLE BOOK


ဓားသမားကောင်းတစ်ဦးကို မိတ်ကောင်း ဆွေကောင်း အဖြစ်နဲ့ အမြဲတမ်း ခင်မင်တတ်တယ်။ ခင်ဗျားလို ဓားသမားတစ်ဦးဟာ မသိဘဲ မနေပါဘူး။ ဒါကြောင့် ခင်ဗျားလို လူမျိုးတစ်ဦး အသက်ဆုံးရှုံးသွားမှာကို ကျုပ် ကြည့်မနေနိုင်ဘူးဆိုတာ ဖော်ပြနေဖို့ မလိုအပ်ပါဘူး'

'ကျွန်အဖြစ်နဲ့ အသုံးချနေရရင် သေသွားတာထက် အမြတ်ကျန်နေတာပဲ မဟုတ်လား သျှိဝမြို့စားလေး ....'

'ခင်ဗျား သိပ်မှားနေပါတယ်။ ကျုပ်လို ဓားအလွန်ချစ်တတ်တဲ့ လူတစ်ဦးကို ခင်ဗျား အဲဒီလို အထင်သေးတာဟာ မညှာတာလွန်းရာ ကျပါတယ်။ ကျုပ်ရဲ့ စိတ်ထားကို ခင်ဗျား အထင်သေးလွန်းနေတာပဲ ငမင်မြို့စားမင်းရဲ့။ ကဲ ... သစ္စာဆိုနေဖို့ မလိုဘူး။ ခင်ဗျား ပါးစပ်ကသာ ပန်ထွာရဲ့ ပျက်စီးရာပျက်စီးကြောင်း မလုပ်ပါဘူးလို့ နှုတ်ကတိကလေးပဲပေး ....၊ ခင်ဗျားသွားချင်ရာကို သွားနိုင်ပါပြီ။ ကျုပ်ကို နှုတ်ကတိ ကလေးတစ်ခုပဲ ပေးရစ်ခဲ့'

သူသည် သဲသဲကွဲကွဲမြင်ရစေရန် မျက်လုံးကို ကျဉ်း၍ ကျုပ်မျက်နှာကို စိုက်ကြည့်နေသည်။ ကျုပ်၏ မျက်နှာပေါ်တွင် သူသည် အမှန်တရားများ ရှာဖွေစစ်ဆေးနေသကဲ့သို့ဖြစ်နေသည်။ ထို့နောက်မှ တစ်စတစ်စ ကြည်လင်သွားသော သူ့မျက်နှာကို အမှောင်ထဲ၌ မသဲမကွဲ မြင်နေရလေသည်။ သို့သော် မာနကြီးသော သူ့နှုတ်ခမ်းများကိုမူ စေ့ထားလျက်ပင်၊ သူ့မျက်နှာထားမှာ တင်းမာနေဆဲပင်ရှိသည်။

ထို့နောက် သူ့လက်မှဒိုင်းသည် အမှောင်ထဲ၌ ရုတ်တရက် လွတ်ကျသွားလေသည်။ ဒိုင်းအရွက်သည် ကျုပ်၏ ခြေသလုံးကို အဖျားခတ် ရိုက်ချသွားသည်။ သူသည် တောင့်ခိုင်စွာဖြင့် ခြေကို ရှေ့သို့ တစ်လှမ်းတိုးလိုက်လေသည်။ အမှောင်ထဲ၌ ကျုပ်၏ လက်မောင်းတစ်ဖက်ကို တင်းမာသော လက်ချောင်းများဖြင့် လှမ်း၍ ဆုပ်ကိုင်လိုက်လေသည်။ သူသည် ဒဏ်ရာပေါ် တည့်တည့်ကိုင်မိပြီး ကျုပ်လက်မောင်းမှ ဖြာကျလာသောသွေးများသည် သူ့လက်ဖဝါးပြင်ကို စွန်းထင်းလျက်ရှိလေသည်။

ထိုအချိန်၌ ကျုပ်သည် မိတ်ဆွေကောင်းတစ်ဦးကို ရရှိနေပြီဟူသော အသိဖြင့် ပီတိဖြစ်လျက် ရှိနေသည်။ မိတ်ဆွေကောင်းတစ်ဦး၏ တန်ဖိုးမှာ အဆုံးအဖြတ်မရှိပေ။ သူသည် ကျုပ်အားကျေးဇူးတင်ကြောင်း၊ သူ့အထင်လွဲမှားမှုကို တောင်းပန်

mgyoe.com

mgyoe.com
SAMPLE BOOK


ပါကြောင်း ပြောလိမ့်မည် မဟုတ်ပေ။

ကျုပ်သည် ခြေရင်း၌ ကျနေသော သူ့ဒိုင်းကို ကုန်း၍ကောက်ကိုင်လိုက်လေသည်။ 'ခင်ဗျား ကျုပ်ကို နှစ်ယောက်မှ တစ်ယောက်၊ တစ်စိတ်တစ်ဝမ်းထဲ မိတ်ဆွေကြီးအဖြစ် လက်ခံရင် ကျုပ်နဲ့ အတူတူ ကျုပ်တည်းခိုတဲ့ အဆောင်ဘက် လိုက်ခဲ့စေလိုပါတယ် ငမင်မြို့စားမင်း ...။ ကျုပ်လဲ မကြာမီ သျှိဝပြန်မှာပဲ။ ခင်ဗျား သျှိဝကိုလဲ လိုက်လိုချင်ရင် လိုက်ခဲ့ပါ။ ခင်ဗျား ခေါင်းမူးနေပုံ ရပါတယ်။ ကျုပ်လက်ကိုတွဲပြီး လမ်းမဘက် လိုက်ခဲ့ပါ။ ဟိုကျမှ ရထားတစ်စင်းစင်း စီစဉ်ရမှာပဲ'

သူသည် ကျုပ်၏လက်ကို ဖြေလွှတ်လိုက်သည်။ ထိုနေရာမှ ထွက်ခွာလာသောအခါ အမှောင်ထဲတွင် စမ်း၍ ကျုပ်နှင့်ယှဉ်လျက် အတူတူလိုက်ပါလာသော်လည်း သူသည် စကားတစ်လုံးမျှ မပြောတော့ပေ။

မင်းလမ်းကြီး၏ အမှောင်ရိပ်တွင် လူတစ်ယောက်သည် မြင်းရထားတစ်စီးနှင့် ရပ်စောင့်နေ၏။ သူက အမှောင်ရိပ်ထဲမှ နေပြီး 'မြို့စားမင်းတို့လား'ဟု လှမ်းမေးလိုက်လေသည်။

သူသည် ချစ်ခင်နှစ်လိုဖွယ်ကောင်းသော လူငယ်ကလေး ဒက္ခဏာ ဖြစ်သည်။

ကျုပ်တို့လည်း မြင်းရထားပေါ်သို့ ဆိတ်ငြိမ်စွာတက်၍ ထိုင်လိုက်ကြသည်။ သူငယ်ကလေးသည် မြင်းသုံးကောင်ကသည့် ရထားကို အမှောင်ထဲ၌ စတင် မောင်းနှင်လေသည်။ နှင်တံ၊ သုတ်သံ၊ မြင်းခွာသံ၊ ရထားဘီးအော်သံများ ဆူညံလျက် ရထားသည် အမှောင်ထဲ၌ ပြေးလျက်ရှိနေသည်။

'ခင်ဗျားကို ဘုရင်မ အခွင့်အရေးပေးတာဟာ မယုံကြည်နိုင်စရာ၊ အံ့အားသင့်စရာကို ဖြစ်နေလေရဲ့ သူသ၊ သေဒဏ်ပေးမယ့် အကျဉ်းသားတစ်ဦးကို ခင်ဗျားကို ဆုလာဘ်တော်အဖြစ် ပေးသနားတော်မူတယ်ဆိုတော့'ဟု သမာနသည် ဝါကျအဆုံးမသတ်သော စကားကို တစ်လုံးချင်းပြောနေလျက်၊ ထိုအသံသည် ဆူညံသံများနှင့် ရောထွေးသွားနေသည်။

'ထီးနန်းနဲ့ မထိုက်တန်တဲ့ ရာထူးမှတစ်ပါး လိုရာဆုတော်မြတ်ကို အပ်နှင်းမယ်ဆိုတဲ့ ကတိ ရှိပေတာကိုး'

'မဟုတ်နိုင်သေးပါဘူးလေ၊ မဟုတ်နိုင်သေးပါဘူး'

mgyoe.com

mgyoe.com
SAMPLE BOOK


'ဒါဖြင့် ဘာကြောင့်လို့ ခင်ဗျား ထင်နေသလဲ သမာန ...'

'ကျုပ် စဉ်းစားလို့တော့ ရသလိုပဲ၊ ကတိကြောင့်ဆိုတဲ့ အကြောင်းပြချက်ကလေးတစ်ခုတည်းကြောင့်တော့ မဟုတ်မမှန်တာ သေချာလှတယ်။ ဒါပေမယ့် အခြားအကြောင်းက ဘာကြောင့်လဲလို့ ဆိုတော့ .... ထားပါတော့လေ၊ ကျုပ် ရေရေရာရာ တိတိကျကျတော့ မပြောဝံ့သေးတာ အမှန်ပဲ၊ ဒါပေမယ့် တစ်ချိန်ကျရင် ကျုပ်တွေးတဲ့အတိုင်း ဟုတ်လာရပါလိမ့်မယ်'

သူ့စကားများမှာ တဖြည်းဖြည်း လေးပင်ထစ်အ,လာပြီး အဆုံးတွင် တိကနဲ ရပ်တန့်သွားသည်။ သူ့မျက်နှာသည် တစ်ခုခုကို လေးလေးနက်နက် စူးစိုက်ကြည့်နေသကဲ့သို့ ရှိလေသည်။ ထိုအချိန်၌ ရထားသည် နန်းတော်တံတိုင်းအဝင်ဝနှင့် ပိုမို၍ နီးကပ်လာနေပေပြီ။

❑

mgyoe.com

mgyoe.com
SAMPLE BOOK


(၁၀)

'သျှီဝမြို့စားလေး .... မင်းကို ဘာပြုလို့ တပ်မှူးရာထူးကလေးသာ ပေးတယ်ဆိုတာ တွေးတောမိပါရဲ့လား။ မင်းလို မြို့စားတစ်ဦးအတွက် ပေးထားတဲ့ ရာထူးဟာ မအပ်မရာ သေးသိမ် ငယ်နုတ်လွန်းနေတယ်ဆိုတာ ကျွန်ုပ် တွေးတောမိပါရဲ့၊ မြို့စားလေးရဲ့ စိတ်ထဲမှာ မချမ်းမမြေ့ ဖြစ်နေမိပေမှာပဲ'

အရှင်သည် တစ်နေ့သောအခါတွင် ကျုပ်အား စံနန်းတော်သို့ ခေါ်တော်မူပြီး မိန့်မြွက်တော်မူလေသည်။

စင်စစ်တွင်လည်း မင်းတို့အရေးမှာ ပေါက်နှင့်ကျေးကဲ့သို့ ရှုပ်ထွေးကာ နားမလည်နိုင်ဖွယ်ရာ ဖြစ်နေပါသည်။

ကျုပ်အား သမာနနှင့် တိုက်ပွဲပြီးသွားသည့် နောက်တစ်နေ့တွင် ဘုရင်မ၏ ကိုယ်ရံတော်တပ်၌ တပ်မှူးကလေးတစ်ဦးအဖြစ်ဖြင့် အမှုတော်ထမ်းရွက်ရန် အမိန့်တော် ချမှတ်လေသည်။

ထိုအမိန့်တော်မှာ မယုံကြည်နိုင်ဖွယ်ရာ ဖြစ်နေပေသည်။ ပထမ အစီအစဉ်အရ စစ်သည်စုဆောင်းရန်အတွက် သျှီဝသို့ ပြန်ရမည်ဖြစ်သော်လည်း ယခုမူ ထိုကိစ္စအတွက် ကျုပ်၏နောက်ပါများအား သဝဏ်လွှာတစ်ခုနှင့်အတူ သျှီဝသို့ ပြန်လွှတ်လိုက်လေသည်။

ဤနည်းအားဖြင့် သျှီဝမြို့စားငယ်အား သူပုန် မေင်မြို့စား၏အသက်ကို ကယ်သူဖြစ်၍ သံသယရှိသောကြောင့် အရှင်က ဖမ်းဆီးထားလိုက်ပြီးမှန်း သံသယ

mgyoe.com